www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သက်ပြင်းချ

ငါ့အသည်းကိုကိုင်လှုပ်သော…

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အပိုင်း (၁)

"ဒီနှစ်ပွဲတော့ သမီးအနားမှာ ပါပါ မရှိနေနိုင်တော့ဘူး သမီး"

သူမရဲ့ ပြောလက်စ,စကားက အဲဒီနေရာမှာတင် ရပ်တန့်သွားရသည်။ အံ့သြခြင်းရဲ့သင်္ကေတအဖြစ် သူမ,မျက်လုံးတွေ ပြူးကျယ်သွားရသည်။

"ဘယ်လို ... ပါပါ,မရှိနိုင်ဘူး ... ဟုတ်လားပါပါ ... မနောက်နဲ့နော်၊ ဒီနှစ်က ကီကီ့ရဲ့ (၁၉) နှစ်မြောက်မွေးနေ့ပြီးတော့ ဒီကမ္ဘာပေါ်မှာ ပြေးကြည့်မှ သားအဖလေးနှစ်ယောက်တည်း ရှိတာ၊ ကီကီ့မွေးနေ့မှာ ပါပါမရှိလို့ မဖြစ်တဲ့ကိစ္စနော်



www.burmeseclassic.com

www.burmeseclassic.com



မညစ်နဲ့''

ဦးသက္ကဟာ သမီးကလေးရဲ့ဆိုးနွဲ့မှုကို အသာပင်ငေး ကြည့်နေမိသည်။ (၁၉) နှစ်ဆိုတာ ငယ်တော့တဲ့အရွယ်တော့ မဟုတ်။ ဒါပေမဲ့ မျက်စိအောက်ထဲ တရိပ်ရိပ်ကြီးပြင်းလာတဲ့ သမီးကို သူက ကလေးလေးအဖြစ်သာ မြင်တုန်း။

ဆံပင်လေးတွေက ပခုံးကျော်ရုံ ဖြောင့်ဖြောင့်လေး။ ဒါ ကို ဘေးနှစ်ဖက် ခွဲစည်းတတ်သည်။ မျက်သားတွေက ပြာလဲ့ကာ မျက်ဆံနက်လေးကြောင့် မြင်ရသူအပေါင်းက အဲဒီမျက်ဝန်းအလှ ထဲ မူးခနဲ့,စိုက်ခနဲပင် ဖြစ်ရ၏။

နှာတံကလည်း အချိုးတကျ ထုဆစ်ထားသည့်နှယ် စင်းစင်းလေးနှင့် ကြွရွနေ၏။ နှာတံအောက်က ဗွီအချိုင့်ရာလေး ထင်းနေအောင်ပေါ်နေသည့် နှုတ်ခမ်းလေးက နီတျာတျာ။ ရယ် လိုက်လျှင် ဘယ်ဘက်ပါးလေးက ချိုင့်ခနဲခွက်ဝင်သွားတတ်သေး သည်။

ဒါဟာ သူ့ရဲ့ ရှုမငြီးသော သမီးချောရတနာလေး။ အရပ် ကြီးကလည်း မိန်းကလေးတန်မဲ့နဲ့ ငါးပေရှစ်လက်မဆိုတော့ နည်းနည်းတော့ မိုးထိုးနေသယောင်။ သမီးက ငယ်ကတည်းက





အားကစားတော့ မျိုးစုံလိုက်စားသည်။ ရေကူးဆို ထိပ်ဆုံးက။ ဒါကြောင့် သာမန်မိန်းကလေးတွေမရှိတဲ့ အရပ်မျိုး ပိုင်ဆိုင်တာ ဖြစ်မည်။ အသားလေးက အဝါဘက်သမ်းသောကြောင့် ရင်းနှီး သောသူများကဆို ...

"ကိုသက္က ...ခင်ဗျားသမီးက Model ဒီဇိုင်းဗျ။ ဝါ သနာပါရင် အနုပညာလောကထဲ သွင်းကြည့်ပါလား၊ ခင်ဗျားမှာ လည်း ရင်းနှီးတဲ့လူတွေ ရှိသားနဲ့"

လို့ တိုက်တွန်းကြစမြဲ။ သူက အပြုံးလေးနှင့် ငြင်းဆန် ရပါသည်။ သမီးကိုယ်နှိုက်ကလည်း ဝါသနာမပါ။ သူကိုယ်တိုင်က လည်း သမီးကို လူအများကြည့်တာ မခံချင်၍ဖြစ်၏။

"ပါ ...ပါ"

နားနားကပ် ဆောင့်အော်သောအသံကြောင့် ဦးသက္က လန့်၍တုန်သွားရသည်။ နားတွေလည်း အူလို့ ...။

"သမီးရယ် ပါပါတော့ နားကန်းတော့မှာပဲ"

"ပါပါက သမီးကို ရှေ့မှာထားပြီး အတွေးလွန်နေတာ ကိုး။ ကဲ ...မှန်မှန်ပြောနော် ...ပါပါ ဘယ်သူ့အကြောင်း တွေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးလေးတထောင်ထောင်နဲ့ စစ်ဆေးမေးမြန်းနေသောသမီးကြောင့် သူက သမီးဆံပင်တွေကို ဆွဲဖွပစ်ရင်း ...

"သမီးအကြောင်းတွေးနေတာ"

"သမီးအကြောင်း"

"ဒါပေါ့ ... ပါပါ့မှာ သမီးကလွဲပြီး တခြားလူအကြောင်းတွေးစရာမရှိပါဘူး သမီးရယ်"

"အပိုတွေ ... ပါပါက ကီ့မွေးနေ့တောင် မနေနိုင်ဘဲနဲ့"

"ဒီနှစ်တော့ ခွင့်လွှတ်ကွာ"

"ပါပါ လွယ်လွယ်မပြောနဲ့၊ ကီ အခုနှစ်ဆို (၁၉) နှစ်ရှိပြီ၊ ကျန်တဲ့ (၁၈) နှစ်လုံး ပါပါနဲ့ကီ မွေးနေ့တွေ ဘယ်လိုကျင်းပခဲ့လဲ ... ပါပါအသိဆုံးနော်၊ ကီ လူမှန်းသိတတ်စကတည်းက ပါပါပဲ တခမ်းတနားလုပ်ပေးခဲ့တာ၊ အဲဒီအကျင့်က စွဲနေပြီ၊ မရတော့ဘူး ... ပါပါ ကျန်တဲ့ကီစွတွေ ဖျက်လိုက်"

ကီက တကယ်ပင် ဖွတ်တောင်းဆိုသည်။ ပါပါဟာဟိုး ... သူမငယ်ဘဝကတည်းက ဒါဆိုဒါပဲဖြစ်အောင် လုပ်ပေးတတ်သော ဖခင်။ အရွယ်ရောက်လာသောအခါ သူမမှာ ပါပါ့အားကိုးနှင့် ထင်တိုင်းကြဲတတ်သည်။ ဆိုးနွဲ့ဂျစ်ကျတတ်သည်။





အိမ်၌ ကီက အာဏာအကြီးဆုံး။ ပါပါကိုယ်တိုင်ကိုက အိမ်ရှိလူကုန်ကို တစ်ခုကြိုပြောထားတတ်သည်။

"ဒီအိမ်မှာ ကီကီက အိမ်ကြီးရှင်နော်၊ ဒီတော့ ခင်ဗျားတို့အားလုံး ကီကီ့အမိန့် နာခံပါ၊ ကီကီ့သဘောကျ ဖြစ်ပါစေ၊ ကီကီ့စိတ်နဲ့ မတွေ့တဲ့လူက ဒီအိမ်မှာရှိနေရမှာ မဟုတ်ဘူးနော်၊ ဒါကြောင့် ကီကီသဘောကျဖြစ်အောင် နေပေးကြပါ"

လို့ ဆိုလေလေ ကီကီတို့က သဘောကျလေလေပါပဲ။ အစားအသောက်၊ အသုံးအဆောင်၊ ပရိဘောဂအားလုံး ကီကီ့စိတ်ကြိုက်။ အိမ်ကြီးရဲ့အမည်က **မှူးသဘာကီနွယ်** တဲ့လေ။ သူမအမည်ကိုပဲ ပါပါက ပေးထားခဲ့တာမို့ အိမ်ကြီးအတွင်းတော့ ကီကီက လက်ညှိုးညွှန်ရာ ရေဖြစ်စေတဲ့သူ။

အဲ ... အပေါင်းအသင်းတွေကြားထဲကျပြန်တော့ရော။

"ကီကီ့ကို မိတဆိုးလေးမို့ အန်ကယ်က အလိုလိုက်ထားတာ၊ သားတို့သမီးတို့အပေါ် အန်ကယ့်ကိုဆိုးသလိုပဲ သူဆိုးခဲ့ရင် သည်းခံပေးကြပါနော်၊ မကျေနပ်တာရှိရင် အန်ကယ့်ကိုလာပြော၊ ကီကီနဲ့တော့ ထိပ်တိုက်မတွေ့နဲ့၊ သူက စိတ်ကြီးတယ်ကွ၊ အန်ကယ်တောင် လက်မြှောက်ထားရတာ ကြည့်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



လို့ သမီးဘက်က ကာကွယ်ဖေးမပြီး ပြောဆိုတတ်ပါသည်။ ထို့ကြောင့် အပေါင်းအသင်းတွေက ကီကီ့တစ်သဘောသာ။ ဒီ့အတွက် ပါပါကလည်း အခွင့်အရေးပေးထားသည်ကိုး။

ကီကီ့အပေါင်းအသင်းတွေဆို သူမ,မျက်နှာနှင့် ဘာမဆို ပါပါက လိုက်လျောလေ့ရှိသည်။ ကြိုက်တဲ့ဆိုင်ဝင်စား၊ ကြိုက်တဲ့ဟိုတယ်၌ Member ဝင်၊ ကလပ်တက် အားလုံး စိတ်တိုင်းကျ။ ပါပါ့အမည်သာပြော ... ပွဲသိမ်းသည်။

ထို့ကြောင့် အပေါင်းအသင်းတွေကြားထဲလည်း ကီကီက မျက်နှာပွင့်ပါသည်။ သို့ပေမယ့် သူမ မမေ့နိုင်သောအဖြစ်အပျက်တစ်ခုတော့ ရှိသည်။ အဲဒါက ပါပါ သူမကို ဆုံးမသောနေ့။

ထိုနေ့က ကီကီတို့အုပ်စုဟာ နှစ်ခန်းတွဲအမိုးဖွင့် 4WD ကြီးနဲ့ မြို့ပြင်တစ်နေရာက ပြန်ခဲ့ခြင်းပင်။ ကီကီက အဖွဲ့ရဲ့ Leader ပီပီ ကားဆို ခပ်ရမ်းရမ်းမောင်းရမှ ကျေနပ်သူ။

အဲဒီအချိန်မှာပဲ တစ်ဖက်ကလည်း ခပ်ကြမ်းကြမ်းမောင်းလာသော SURF တစ်စီးနှင့် ငြိကြခြင်းဖြစ်သည်။ တစ်ဖက်ကားပေါ်၌ ယောကျ်ားလေးတွေချည်း ငါးယောက်။ ကီကီတို့ကားနှင့် ဘေးချင်းယှဉ်မောင်းကာ ...





"ဟေ့ .. အသည်းလေး ... မိုက်တယ်ကွာ၊ ကိုယ်တို့ကားပေါ် တစ်ယောက်လောက်ပြောင်းခဲ့ပါလား"

စပြီး ရန်စခြင်းပါ။ ကီကီသည် မောင်းနေရင်းကပင် တစ်ဖက်ကားဆီ စောင်းငဲ့၍ ထွီခနဲ တံတွေးတစ်ချက်ထွေးကာ

"အလကားကောင်တွေ"

"အလကားဟုတ်,မဟုတ် ချစ်ကြည့်ပါလား"

ကီကီက နဂိုကတည်းကမှ စိတ်ဆတ်သူ။ သည်းမခံနိုင်တော့။ ကားစတီယာရင်ကိုဆွဲကွေ့ကာ ဘေးချင်းဝင်တိုက်ပစ်သည်။ ရုတ်တရက်မို့ ကားပေါ်ပါလာသူတွေက ထိခိုက်ကုန်၏။

အဆိုးဆုံးက နောက်ခန်း၌ရပ်နေသော ဉာဏပင်။ ကားဘေးဘက်ရှိ စတီးတန်းနှင့်ခေါင်းမိကာ နဖူးကွဲ၍ သတိလစ်သွားတော့သည်။ ဒါပေမဲ့ ကီကီက ဂရုမစိုက်နိုင်။ တစ်ဖက်ကားကို စိန်ခေါ်တုန်း။

ထိုအဖြစ်ရဲ့ရလဒ်က သူငယ်ချင်းအချင်းချင်း စိတ်ဝမ်းကွဲကြခြင်းနှင့် နောက်ဆက်တွဲ မိဘတွေပါ ပြဿနာထဲပါလာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



''နင် ဒေါသထွက်တာတော့ ထွက်တာပေါ့၊ နင်က အမြဲ နင့်ဆန္ဒပဲ ရှေ့တန်းတင်တာ၊ လုပ်လိုက်ရင် တစ်ဖွတ်ထိုး တဖောက်ကန်း''

''အေးလေ ... ဉာဏ နဖူးကွဲလို့ပေါ့၊ မတော်တဆ ကားပေါ်ကလွင့်ကျရင် အသက်ပါဆုံးမှာ''

''တော်စမ်းပါ ... မဖြစ်သေးတဲ့ကိစ္စတွေကို၊ အခုဖြစ် သွားတဲ့ကိစ္စအတွက် ငါ အကုန်တာဝန်ယူတယ်၊ လိုအပ်ရင် လျော်ကြေးပါ ထပ်ပေးမယ်၊ နင်တို့ ဉာဏကိုမေးလိုက် ... လျော် ကြေးဘယ်လောက်ယူမလဲလို့''

''ဟဲ့ ... မှူးသာကီနွယ် ... ညည်း အပြောရိုင်းလှချည် လား၊ ငါတို့က လျော်ကြေးလိုတဲ့ အတန်းအစားထဲက မဟုတ်ဘူး အေ့ ... စကားပြောဆင်ခြင်''

''ဒီထက်တော့ ဆင်ခြင်ပြီးမပြောနိုင်ဘူး၊ လုပ်ပေးသင့် တာ လုပ်ပေးပြီးပြီပဲ၊ ဒါမှမကျေနပ်လည်း မတတ်နိုင်ဘူး''

''အမယ်လေး ... လေသံကိုက ရင့်ကျောကျောနဲ့၊ ငါတို့က ဒီသားလေးတစ်ယောက်တည်း မွေးထားရတာ၊ လူထက် တန်ဖိုးရှိတယ်ဆိုတာ ဘာမှမရှိဘူးဟဲ့၊ ညည်းအေ ရုပ်လေးသနား





ကမားနဲ့ ရိုင်းလိုက်တာ၊ တော်ပြီ ... ဉာဏကို မပေါင်းစေနဲ့တော့၊ သူ့ စိတ်ထင်တိုင်းသာလုပ်ရင် ငါတို့သားအသက်ကို ဖက်နဲ့ထုပ် ထားရမယ်''

''ဘာတွေဖြစ်နေတာလဲ သမီး''

အဲ့အချိန်မှာ ချိန်းထားသလို ပါပါက ရောက်လာခြင်း ဖြစ်သည်။ အိုး ... တစ်ဖက်က သူမ, မကောင်းကြောင်းတွေကို ကျီးအာသလိုပင် တိုင်လိုက်တာ ပျစ်ပျစ်နှစ်နှစ်။ ပါပါကလည်း ဗျာများရအောင် တောင်းပန်။

အားလုံးစကားသံတွေစဲမှ သူမက တစ်ခွန်းတည်းပြော ပစ်ခဲ့တာပါ။

''ပါပါ ... နောက်ထပ်ကားတစ်စီး ဝယ်ပေးရင်လေ တစ်ဖက်ကားကို တိုက်ပစ်လို့ကောင်းမယ့် ဘန်ပါတွေပါတဲ့ဟာမျိုး ပေါ့''

ကဲ ... ကောင်းရော။ အားလုံးက ပါးစပ်ကိုဟောင်း လောင်းဖွင့်လို့။ အဲဒီကအပြန်ကျတော့ ပါပါက သူမကို ဆုံးမ သည်။ နောက်တစ်ခါ ဒါမျိုးမလုပ်သင့်တဲ့အကြောင်း၊ ငွေနဲ့လျော် ပေးတိုင်း မကောင်းတဲ့ကိစ္စတွေရှိကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဆုံးမစကားကို ဆုံးခန်းတိုင်တဲ့ထိ နာခံနေပြီးမှ ...

"ပါပါက သမီးကို ဒီကိစ္စမှားတယ်လို့ ပြောချင်တာလား"

အဲ့တစ်ခွန်းပဲ မေးသည်။ ပါပါ ပြန်မဖြေနိုင်။ ဆွံ့အလို့။

"သမီးကတော့ မှားတယ်မထင်ဘူး။ ပြီးတော့ ပါပါပဲ ပြောခဲ့တယ်လေ ... ကမ္ဘာကြီးတစ်ခုလုံးနဲ့ ကီကီနဲ့ ပဋိပက္ခဖြစ်ခဲ့ရင်တောင် ကီကီ့ဘက်က ရပ်တည်မယ်ဆိုတာလေ၊ ကမ္ဘာကြီးနဲ့ ယှဉ်ရင် ဤဏာကိစ္စက အသေးအဖွဲပါ ပါပါ"

လို့ ဆိုခဲ့သည်။ ဒီလိုတော့လည်း ပါပါ့ထံမှ ဘာစကားမှ ထွက်မလာတော့။ အဲဒီလို သူမဘက်မှ အမြဲရှိခဲ့သည့်ပါပါက သူမရဲ့ အရေးတကြီးနေ့ကျမှ ခရီးထွက်မည်ဆိုတော့ ...။

ကီကီက ပါပါ့ကို လှမ်းကြည့်မိသည်။ သူမ အတွေးလွန်နေသည့်အချိန်၌ ပါပါက Lap top ဖွင့်၍ ဘာတွေလုပ်နေမှန်းတောင်မသိ။

"ပါပါ"

အနားသွား၍ ပါပါ့ပခုံးပေါ် မေးလေးတင်ပြီးခေါ်သည်။





ပါပါက မေးဆတ်ထိုး၏။

"ကီကီက ဒီတစ်ခါမွေးနေ့ကို အကြီးကြီးလုပ်မယ် စိတ်ကူးထားတာ၊ Hotel မှာ ဒိတ်ချိတ်မယ်၊ Pool Side မှာလုပ်မယ် ပါပါ၊ ရေကူးကန်ဘေးမှာ သဘော်ကြီးဆောက်ပြီးတော့လေ၊ တိုက်တင်းနစ်လို၊ ကီကီ့မွေးနေ့လာတဲ့သူတွေကို ကီကီက လက်ဆောင်တွေ မဲနှိုက်ဖို့တောင် စဉ်းစားထားတယ်၊ နှစ်တိုင်း သူတို့ဆီက ယူနေရတာ ပျင်းစရာကြီး ပါပါရယ် ... နော်၊ ပြီးတော့ ကီကီတို့ဘော်ဒါတွေထဲမှာ သီချင်းရေးဆရာတစ်ယောက် ရှိတယ်လေ၊ သူကတစ်ဆင့် ခင်မင်မှုနဲ့ အဆိုတော်တွေ ဖိတ်ခိုင်းမလားလို့၊ မြန်မာနိုင်ငံရဲ့ ဒိတ်ဒိတ်ကြဲ Five Star တန်းဝင် ဟိုတယ်ပိုင်ရှင်ကြီးရဲ့သမီးမွေးနေ့ကို မလာဘဲမနေရဲပါဘူး ပါပါရယ် .. နော်၊ သူတို့ Show တွေ,ဘာတွေအတွက် အခန်းငွေတော့လည်း ဈေးလျှော့ပေးလိုက်ပေါ့၊ ကဲ ... ကီကီ့မွေးနေ့က စိတ်ကူးထဲမှာပဲ တော်တော်ရုပ်လုံးကြွလာပြီးနော် ပါပါ၊ ပါပါ့ကိစ္စကို ဖျက်လိုက်၊ ကီကီ့မွေးနေ့ထဲ အရေးအကြီးဆုံးနဲ့ မရှိမဖြစ်လူက ပါပါပဲ ... OK နော် ပါပါ"

သမီးဟာ အခါများစွာလိုပါပဲ။ သူ့ရင်ခွင်ကို ခေါင်းတိုး



www.burmeseclassic.com

www.burmeseclassic.com



ချွဲနှဲ့သည်။ ပူဆာသည်။ သို့ပေမယ့် ဒီတစ်ခါတော့ ဦးသက္ကစိတ်တွေ အရည်ပျော်မကျအောင် ထိန်းထားရသည်။ သမီးထက် အလှည့်ကျဦးစားပေးရမည့်သူ ပေါ်လာပြီလေ။

ဦးသက္ကက သမီးခေါင်းလေးကို ရင်ခွင်ထဲ ဖွဖွထွေးပွေ့ထားရင်း ...

"ဒီတစ်ခါတော့ ပါပါ့ကိုခွင့်လွှတ်တော့ သမီး၊ ပါပါ ခရီးထွက်ရမယ်၊ (၁၈) နှစ်လုံးလုံး ကြီးကြီးကျယ်ကျယ်လုပ်ခဲ့ပြီးပြီပဲ သမီးရယ်၊ ဒီတစ်နှစ်တော့ အကျဉ်းရုံးပြီး ..."

"ပါပါ"

သူမအသံက စူးခနဲ။

"ဘာကိစ္စလဲ ပါပါ၊ ကို့ထက်အရေးကြီးသလား၊ ကို့ မွေးနေ့ပွဲထက် ပိုအရေးကြီးသလား"

ပါပါက သူမ,မေးခွန်းကို ချက်ချင်းမဖြေ။ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချသည်။ ပြီးမှ ...

"အရေးကြီးတယ်တော့ မဟုတ်ဘူး သမီး၊ အရေးပေးရမှာ၊ ပါပါ့အပေါ် ကျေးဇူးရှိခဲ့ဖူးတဲ့ လူတစ်ယောက်ရဲ့သား၊ သူ့ကို ပါပါသွားခေါ်ရမယ်၊ စောင့်ရှောက်ရမယ်၊ အဲဒီအတွက် သမီးမွေး





နေ့ကို အကျဉ်းရုံးလုပ်လိုက်၊ ဒီတစ်နှစ်ပါပဲ သမီး၊ နောက်နှစ်တွေကျ ..."

"တော်တော့ ပါပါ၊ ကို့စိတ်ကို ပါပါသိပါတယ်၊ ကီဖြစ်စေချင်တာ ဒီနှစ်ပဲ၊ ဒီနှစ်ပဲ လုပ်ချင်တာ၊ မဖြစ်တော့ဘူးဆိုရင်လည်း ရပါတယ်၊ ကီ မွေးနေ့မလုပ်တော့ဘူး"

"သာကီလေး ..."

ပါပါက ချော့မော့သောလေသံလေးနှင့် ခေါ်သည်။ ကီက ပါပါ့အနားမှ ဆတ်ခနဲ ထရပ်ပစ်လိုက်၏။

"ရပါတယ် ပါပါ၊ ကီက ဘာမဆို အပြည့်အဝပဲလိုချင်တာ၊ အပြည့်မရရင် နေပါစေ ... တစ်ဝက်တွေ တစ်စိတ်တွေ မလိုဘူး၊ ပါပါခေါ်သွင်းလာမယ့်လူကို ကီ စောင့်ကြည့်လိုက်ပါဦးမယ် ... ကို့ထက်အရေးပါတဲ့လူအဖြစ်နဲ့လေ"

ပြောပြီး သူမက အခန်းဆီပြေးတက်ခဲ့သည်။ ရင်ထဲမှာ အဆမတန် ဝမ်းနည်းကြေကွဲနေပေမယ့် သူမ မငို။ ပြင်းထန်သောစိတ်က တားဆီးထားသည်။ အခန်းတံခါးအား ဆောင့်အောင့်ပိတ်ချပြီးမှ သူမက ကိုယ်လုံးပေါ်မှန်ရှေ့ ရပ်မိသည်။

ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတို့ကြောင့် မျက်နှာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လုံး နီရဲဖောင်းကြွနေ၏။

"ကီက ပါပါ့အတွက် အရေးမကြီးတော့ဘူးလား"

သူမ,မေးသောမေးခွန်းကို မှန်ထဲမှ သူမ,ကိုယ်ပွားက မဖြေနိုင်။ ကီကီက မှန်တင်ခုံပေါ်ရှိ စာရွက်ဖိသောဖန်တုံးကို ကောက်ယူကာ မှန်ကြီးဆီ အားကုန်ပစ်ပေါက်လိုက်တော့သည်။

အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားသော မှန်ချပ်အတွင်း၌ သူမ,ပုံရိပ်က ဝိုးတဝါး။ ဒါပေမဲ့ ကီ့စိတ်ကူးစီမံကိန်းတွေက တော့ အရာရာ ပြတ်သားထင်ရှားစွာ။

သိတယ်မဟုတ်လား ... ကီကီတို့က တခြားလူတွေကို ဒုက္ခပေးရမည့်အရေးဆို တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်တဲ့လူ။

အထူးသဖြင့် သူမ,မုန်းတီးသောလူတွေဆိုရင်ပေါ့။





---

ဦးသက္က ခရီးစထွက်ခဲ့ပါပြီ။ ဟိုင်းဝေးဖြစ်သောကြောင့် သူက လက်စွဲဒရိုင်ဘာပါ ခေါ်ခဲ့၏။ သမီးကို ထားခဲ့ရခြင်းအတွက် အထူးသဖြင့် သမီးဖြစ်ချင်သည့်မွေးနေ့ကို မလုပ်ပေးနိုင်ခဲ့သည့်အတွက် သူ စိတ်ထဲမကောင်းလှပေ။

သမီးလည်း ထိုနည်းတူပင် ရှိလိမ့်မည်။ သူ့အား ကားနားထိလိုက်မပို့တာသာ ကြည့်တော့။ အခါတိုင်းဆို သူ ခရီးဝေးထွက်ခြင်းမပြောနဲ့ ... သူပိုင် ဟိုတယ်သွားလျှင်တောင် သမီးက အိတ်ကလေးဆွဲကာ ကားနားထိ ပါလာတတ်စမြဲ။

"ပါပါ ... စောစောနော်၊ ဒီနေ့ ကီ့မှာ အစီအစဉ်တွေ ရှိတယ်"

ဘာညာကွိကွ စာရင်းဇယားကြီးနဲ့ သူမ,လိုချင်တာ လုပ်ချင်တာကို တောင်းဆိုတတ်ပါသည်။ သမီးက စိတ်ထက်သည်။ အဲဒါ ငယ်ငယ်ကတည်းက သူမ,ဗီဇ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ သူက ရင့်သန်အောင် ပျိုးထောင်ပေးမိသည်ကိုး။

လူမှန်းမသိခင်အရွယ်ကတည်းက လိုချင်တာမရလျှင် တဝါးဝါးအော်ငိုတတ်သည်။

သူကလည်း အငိုတိတ် ပြီးရောဆိုပြီး ကလေးကို ဖြည့်ဆည်းသည်။ အဲဒီကာစလို့ ကီကီဆိုးနွဲ့ပုံက ရာဇဝင်စာတင်တော့တာပဲဖြစ်၏။ တစ်ခါတုန်းကလည်း သူမ,သိပ်ကြိုက်သည့် ရုပ်ရှင်ကား ရုံတင်သည်။

ဒါကို သမီးက ...

"ပါပါ ဘွတ်ကင်နော်၊ ပထမဆုံးတင်တဲ့နေ့ တင်တဲ့အချိန်မှာပဲ ကြည့်ချင်တယ်"

သမီးက အဲဒီလို။

သူ့အတွက်ကလည်း ဒါ ခက်ခဲသောကိစ္စမဟုတ်။ ဒီတော့ အေးဆေးပေါ့။ ခက်တာက သွားကြည့်မည့်နေ့ကျမှ သူ့ဟိုတယ်သို့ ရှယ်ယာဝင်တွေ ရောက်မည်။ အားလုံးက နိုင်ငံရပ်ခြားက နိုင်ငံခြားသားတွေ။ သူ သွားကြိုသင့်သည်။ ဒီတော့ သမီးနှင့်ညှိရပြီ။ သမီးက,မရ ... တကယ့်ဖွတ်။

"ပါပါ ... နီးမှကပ်မဖြုတ်နဲ့"





"ဖြုတ်တာမဟုတ်ဘူးသမီးရဲ့၊ ပါပါ တကယ်အရေးကြီးလို့ နိုင်ငံခြားသားတွေ, ပါပါ့,ပါတနာတွေလေ၊ အရေးကြီးတယ်"

"ဒါဆို ကီကီက အရေးမကြီးဘူးပေါ့"

သမီးက မျက်လွှာလေးဝင့်ပြီးမေးသည်။ သူ့၌ အဖြေမရှိ။

"သမီးသူငယ်ချင်းတစ်ယောက်ယောက်နဲ့ သွားကြည့်ပါလား"

"သူငယ်ချင်းနဲ့မကြည့်ချင်လို့ အစောကြီးကတည်းက ပါပါ့ကို ပြောထားတာလေ"

"ဒါဆို အချိန်ရွှေ့လိုက်၊ မနက် ဆယ်နာရီပွဲမကြည့်နဲ့၊ ညပွဲကြည့်၊ အဲဒါဆို ပါပါအားပြီ"

"No ... ကီကီက ပထမဆုံးပွဲကိုကြည့်ချင်တာနော်ပါပါ"

"အဲဒါ သမီးညစ်နေတာ"

"ပါပါ ကတိမတည်တာ"

"မဆိုင်ဘူးလေကွာ၊ ပါပါက ဗြုန်းစားကြီး အလုပ်ကိစ္စပေါ်လာတာကိုး"

"ကီကလည်း ပါပါ့အကြောင်းသိလို့ အစောကြီးကတည်းက ကြိုချိန်းထားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးက မျက်နှာကို ခပ်မော့မော့ပင့်ချီထား၏။ ဦးသက္က ကြုံရတာများပြီ။ ဒီလိုပုံစံဆို သမီးက အလျှော့ပေးမည် မဟုတ်။ ဦးသက္ကက ဟင်းခနဲ သက်ပြင်းချသည်။ ပြီးတော့ ဖုန်းကိုဖွင့်တော့ သမီးက ခပ်စွေစွေလှမ်းကြည့်၏။

"အတွင်းရေးမှူးဆီ ဆက်မလို့၊ မနက်ဖြန် သူ့ပဲ လေဆိပ်လွှတ်ပြီး ကြိုခိုင်းမယ်၊ ပါပါကတော့ ခရီးတစ်ခုလွှန်နေလို့ ဆိုပြီး တောင်းပန်ရမှာပဲ၊ ကဲ ... အဲ့ဒါဆို ရမလားသမီး"

သူက,မေးလျှင် သမီးက ထိုင်ရာမှ ဝုန်းဆို ထ၊ သူ့ခါးကို ဖက်၍ ခုန်ဆွဆွလုပ်ရင်း ...

"'ဒါမှ ပါပါ ... မှူးသာကီနှယ်ရဲ့ ပါပါကွ"

လို့ အားပါးတရ ကြွေးကြော်တတ်ပါသည်။ သူ့မှာ ဖုန်းနဲ့ အာပေါက်အောင် အတွင်းရေးမှူးလေးကို မှာကြားရသည်။ သမီးလေးမျက်နှာညို့လျှင် သူလုပ်ရသောအလုပ်လည်း အဆင်ပြေမည်မဟုတ်မှန်း ကြိုတင် သူသိထားပါသည်။

သမီးမျက်နှာညို့လျှင် မနေတတ်သောသူ့အတွက် တစ်နေ့တော့ သမီးက ခပ်ညို့ညို့မျက်နှာထားနှင့် သူ့ရုံးခန်းဆီ ရောက်လာခဲ့၏။





"သမီးကီကီ ဘာဖြစ်လာသလဲ"

"ကီ စိတ်မကြည်ဘူး ပါပါ"

"ငါ့သမီးစိတ်မကြည်အောင် ဘယ်သူလုပ်သလဲ ... ပြောပါဦး"

"ကီနောက်ကျသွားတာ"

"ဟေ ... နောက်ကျသွားတာ"

သူက အံ့ဩစွာရေရွတ်၏။ ကီကီက ဆတ်ခနဲခေါင်းညိတ်ပြပြီး ...

"ကီ အဲဒီဆိုင်ကို အဝင်နောက်ကျသွားတာ ပါပါရဲ့"

"ဘယ်ဆိုင်လဲ"

"အင်္ကျီဆိုင်ပေါ့၊ Evening Dress က တအားလှတာ၊ ဒါပေမဲ့ ကီမရတော့ဘူး။ ဝယ်တဲ့လူက ငွေချေပြီးသွားပြီတဲ့၊ အပြန်ဝင်ယူမှာတဲ့၊ ကီဖြင့် လှလွန်းလွန်းလို့ အဲဒီအင်္ကျီလေးကို မျက်စိထဲကမထွက်ဘူး ပါပါရယ်"

"တခြားဆိုင်တွေရော ရှာကြည့်ပြီးပြီလား"

"ကုန်ပြီ၊ ရန်ကုန်တစ်မြို့လုံးပတ်ရှာတာ မတွေ့ဘူး"

"အင်္ကျီပုံစံပြောပြပါဦး သမီးရဲ့၊ ပါပါ့သမီးကို ဆွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံစံ''

''ဒီမှာကြည့် ... ကီက လှလွန်းလို့ ဓာတ်ပုံရိုက်ခဲ့တာ''

သမီးလေးက ဖုန်းထဲပါသော ကင်မရာကိုဖွင့်ပြသည်။ ဟုတ်ပါရဲ့။ သမီးကြိုက်တတ်သော ပုံစံလေးက တော်တော်လှပါသည်။ သူက ဖုန်းလေးထံက အင်္ကျီပုံကို သူ့ဖုန်း Memory ထဲ ပြောင်းထည့်ထားလိုက်သည်။ သမီးကိုတော့ စိတ်ကျေနပ်အောင် ...

''ပါပါ ရှာနိုင်းကြည့်ပါဦးမယ် သမီးရယ်''

''အမယ်လေး ... မောရုံပဲရှိတယ် ပါပါ၊ ကီကီက စုံနေပြီ ... မတွေ့ပါဘူး၊ ဆိုင်ရှင်မိန်းမကတော့ ပြောတယ် ... နောက်တစ်ခေါက် ပစ္စည်းတွေမှာရင် ထည့်မှာပေးမယ်တဲ့၊ အဲဒါကလည်း တစ်လလောက် စောင့်ရဦးမှာ၊ အဲဒီလို လိုချင်တာမရတဲ့အခါ သိပ်စိတ်ညစ်တာပဲ ... သိလား ပါပါ''

သမီးကလေးက အဲဒီလို ခပ်လေးလေးညည်းညူတဲ့အခါ သူ တကယ်စိတ်မကောင်းဖြစ်ရပါသည်။ သူက သမီးစိတ်ချမ်းမြေ့ရေးကို ဦးစားပေးသူ၊ သမီးကျေနပ်ပျော်ရွှင်တာပဲ မြင်ချင်သူဖြစ်သည်။





ထို့ကြောင့် ကီကီကျော့ခိုင်းသည်နှင့် တကယ့်ဒိတ်ဒိတ်ကြဲ ဒီဖိုင်နာထံ ဆက်သွယ်ရ၏။ သူ့ဟိုတယ်၌ ရှိုးပွဲတွေ အခါမလပ် လုပ်ပေးနေရသောကြောင့် နာမည်ကြီးဒီဖိုင်းနာတွေနှင့် အကျွမ်းတဝင်ရှိလှသည်။

အဆက်အသွယ်ရတာနဲ့တစ်ပြိုင်နက် သမီးရဲ့ရွှေစိတ်တော်ကို ညှို့စေခဲ့သောဝတ်စုံအား အရောင်ကအစ အားလုံးတူစေရန် တစ်သဝေမတိမ်းဖြစ်စေရန် အထပ်ထပ်မှာကြား၍ အပ်လိုက်ရသည်။

ဒီဖိုင်နာက အနည်းဆုံး ဆယ်ရက်တောင်းသည်။ သူက ခုနစ်ရက်နှင့် ဈေးဆစ်၏။ ဒီလိုနှင့် တစ်ပတ်ပြည့်မြောက်သော နေ့၌ သမီးလိုချင်သောအင်္ကျီလေးအား သမီးရဲ့အဝတ်ဗီရိုထဲ ချိတ်ပေးထားခဲ့၏။

ထိုစဉ်တုန်းက သမီးရဲ့ တအံ့တသြ ဝမ်းသာပျော်ရွှင်ခဲ့သော မျက်နှာလေးအား သူမမေ့မရခဲ့။ သမီးမျက်နှာ၌ ထိုကဲ့သို့ အပြုံးများ အမြဲရှိနေစေရမည်ဟု သူ တိတ်တဆိတ် သံန္နိဋ္ဌာန်ချမှတ်၏။ အခုတော့ ... သူ့၌ သမီးနည်းတူ အရေးပေးရမယ့်သူ ပေါ်ခဲ့ပြီ။ တစ်သက်တာလုံး သူခွဲခွာနေခဲ့ရသည့်သား ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ရင်နှစ်သည်းချာ ... သား။ သူငယ်စဉ်ဘဝက ကွဲကွာခဲ့သော သူ့ရဲ့သား ... [redacted] ပင်ဖြစ်၏။

သမီးအပေါ် ဖြည့်ဆည်းပေးခဲ့သလောက် သားအပေါ် သူဝတ္တရားမကျေသောဖခင် ဖြစ်ခဲ့လေပြီ။ ထို့အတွက် သူ အတိုးချ ပေးဆပ်ချင်၏။

ပါပါ့ကို ခွင့်လွှတ်ပါသမီးရယ်။ သားဟာ သူ့အတိတ်ရဲ့ ဖော်ကောင်လည်းဖြစ်၏။ တစ်ချိန်တုန်းက ...။

❁

ဟိုးလွန်ခဲ့သောအချိန်က ဦးသက္ကဟာ ရိုးသားကြိုးစားသော လိမ္မာယဉ်ကျေးသော မောင်သက္ကဖြစ်၏။ သူ့ဘဝထဲသို့ မွှေးနှောက်ကာ ဂယက်ထစေသော မိန်းမငယ်တစ်ဦးလည်း ရှိခဲ့ဖူးသည်။ သူမက လှသည်။ ချောသည်။ ပြီးတော့ ခေတ်မီပွင့်လင်းသော [redacted] ပင်ဖြစ်၏။

❁ ❁ ❁

အပိုင်း (၂)

“ဦး ... ဒါက ငရုတ်ပွဲရုံက လချုပ်စာရင်းပါ၊ ဒီထဲမှာ စိုက်ခင်းနဲ့ အလုပ်သမားခတွေပါ အကုန်ထည့်တွက်ပေးထားပါတယ်၊ ကျန်တာ အမြတ်ငွေပါ၊ စာရင်းနဲ့ တိုက်ကြည့်ပါဦး၊ ဒါက ဆန်ပွဲရုံအတွက် ရောက်လာတဲ့အမှာစာပါ၊ ဒီရက်ပိုင်းအတွင်း အမှာစာ တော်တော်များပါတယ်၊ ဒါပေမဲ့ ငွေကတော့ ကျန်မယ် ဦး၊ သူတို့က တစ်ဝက်ချေပြီး ရက်နည်းနည်း စောင့်ပြီးမှ ကျန်ငွေပေးမယ်လို့ ပြောပါတယ်၊ ကျွန်တော်ကတော့ ဦးနဲ့ မတိုင်ပင်ရသေးလို့ ဘာအကြောင်းမှ မပြန်ထားပါဘူး”

သက္ကက စာရင်းစာအုပ်တွေ၊ ငွေအုပ်လိုက်တွေကို ဗီရိုမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်ပြီး တစ်ခုချင်းစီ အသေးစိတ်ရှင်းပြနေမိသည်။ ဒီပွဲရုံတွေကို သူကပဲ ဦးစီးရသည်။ ဝင်ငွေထွက်ငွေ သူကပဲ အကုန်စီစစ်ရ၏။

ဦးလွန်းကြွယ်တို့က သူ့အား ယုံကြည်စိတ်ချ၍ မျက်နှာလွှဲထားခြင်းဖြစ်သည်။ ဒါကို သူက အခွင့်ကောင်းမယူ။ အတိမ်းအစောင်းမခံတတ်။ အရာရာကို တိကျသေချာစွာ ကိုင်တွယ်ခြင်းဖြစ်သည်။

"ဒီလောက်လည်းမလိုပါဘူး မောင်သက္ကရယ်၊ မင်းကို အားလုံးလွှဲထားပြီးသား ... သင့်တော်သလိုလုပ်၊ အခုချိန်မှာ လုပ်ငန်းတွေကို လက်တွေ့လုပ်နေရတဲ့လူက မင်း၊ ဈေးကွက်တို့ ကုန်သည်တို့ရဲ့သဘောတို့ကို မင်းက ငါတို့ထက် ပိုသိမှာပါ၊ ဒါကြောင့် မင်း သင့်တော်သလိုလုပ်လို့ ပြောတာ"

"သင့်တော်တာကတော့ သူတို့ပြောတဲ့အတိုင်းလုပ်တာ အဆင်ပြေပါလိမ့်မယ်ဦး၊ ကိုယ်က ငွေလည်းတစ်ဝက်ရမယ်၊ ပစ္စည်းလည်း ရောင်းထွက်မယ်ဆိုတော့၊ တစ်ခုပဲ သူတို့ချိန်းတာ ဆယ်ရက်ဆို ကိုယ်က အဲဒီရက်အတွင်းရအောင် တောင်းဖို့ပဲ"

"အေးပါကွာ ... မောင် သင့်တော်သလိုပဲ စီမံ"





"ကဲ ... တော်တို့အလုပ်ကိစ္စပြီးရင် ကျုပ်ပြောဦးမယ်၊ ဒီမယ် မောင်သက္ကရေ ... မင်းမှာလည်း အဒေါ်တို့ပွဲရုံစာရင်းတွေ အလုပ်တွေနဲ့ မအားတာတော့ သိပါရဲ့၊ ဒါပေမဲ့ သိသိကြီးနဲ့ကို အကူအညီ တောင်းရတော့မှာပဲ၊ မင်းကိုပဲ တို့က တူသားအရင်း အချာလို အားကိုးတာကိုး"

သူ့ဒွေးကတော် ဒေါ်အိမ်ကောင်းက ဖက်ထုပ်စိန်နားကပ်ကြီး တလက်လက်ဖြင့် ဝင်ပြောသည်။ သူကတော့ ရိုကျိုးစွာပင်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ ဒေါ်ဒေါ်"

"တခြားတော့မဟုတ်ဘူးကွဲ့ .. မင်းနှမ တော်ဝင်မိုလေ ရန်ကုန်မှာ ကောလိပ်ကျောင်းသွားတက်တာ မနက်ဖြန်ဆို ပြန်ရောက်ပြီ၊ အဲဒါ ဘူတာရုံမှာ သွားကြိုပေးပါဦး၊ မနက်ကိုးနာရီ ရထားဆိုက်မတဲ့"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ် ... ကျွန်တော်သွားလိုက်ပါ့မယ်"

"အေး ... အေး ... အိမ်က,ကားယူသွား၊ သူက အဝတ်သေတ္တာ နှစ်သေတ္တာတောင် ပါတယ်တဲ့"

"မင်းသမီးကတော့ ကောလိပ်သွားပြီး အင်္ကျီအဝတ်အစားချည်း ဝယ်တယ်နဲ့တူရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရှင် ... တော်ကလည်း သူ့ခေတ်သူ့အခါ ဝတ်ရမှာပေါ့၊ သာမန်လူ မဟုတ်ဘူး ... ကောလိပ်ကျောင်းသူရှင့်"

သူကတော့ သူ့ရွှေဖနီးမောင်နှံ ပြောသောစကားကို ဆက်နားမထောင်တော့ဘဲ အသာထွက်လာမိ၏။ တစ်မြို့တည်း သားတွေမို့ တော်ဝင်မှီဆိုတာ ဘယ်သူဘယ်ဝါကို သူမှတ်မိပါ သည်။

ဒါပေမဲ့ သူမက ဆယ်နှစ်လောက်ကတည်းက မြို့မှာ ကျောင်းအိပ်ကျောင်းစား သွားနေတာများ၏။ ကျောင်းပိတ်ရက် ကျပြန်တော့လည်း သူတို့လို ညောင်ပင်ကြီးအောက်တို့၊ ဘုန်းကြီး ကျောင်းတို့မှာ လာကစားတတ်တာမဟုတ်။

အဲ့ ... မိဘများဖြင့်သာ ဘုန်းဘုန်းထံ လာတတ်တာ သူက ရိုးတိုးရိပ်တိတ် မြင်ဖူးခဲ့တာ၊ အခု မတွေ့ရတာ တော်တော် ကြာပြီ။ တော်ဝင်မှီဆိုတာ သူ့အာရုံထဲ ဝေဝါးဝါး။ အဲဒီလို ဝေဝါးဝါးဖြစ်ရင်းကပဲ သူက သူမကိုကြိုဖို့ ဘူတာရုံ ရောက်နေခဲ့ ၏။ ကိုးနာရီခွဲမှ ရထားဆိုက်သည်။ စကြံတစ်လျှောက် ဆင်းသူ တွေ့၊ တက်သူတွေ ပျားပန်းခပ်မျှ။ ရောင်စုံလူ့တွေ ရှုပ်ထွေးသွား ၏။





သူက အဲဒီလူတွေကြားထဲ ရှာရသဖြင့် မူးနောက်နေ သည်။ ထိုအခိုက်မှာပင် စကားဝါရောင် ထက်အောက်ဆင်တူ ရင်ဖုံးလက်ရှည်နှင့် ဘေးနား၌ သံသေတ္တာတစ်လုံးချကာ အိပ်ရာ လိပ်ပါသည်။ ခါးထိကျော်သောဆံပင်က ဖားဖားဝေလျက်။

သေချာပြီ။ ဒါ ... တော်ဝင်မှီပါပဲ။ သူက အတွေးနှင့် အတူ သူမနား လှမ်း၍သွားသည်။ သူမကလည်း လာကြိုမည့်သူ ကို စောင့်နေဟန်ဖြင့် လည်တိုင်တဆန့်ဆန့်။ သူက အနား ရောက်သည်နှင့် ...

"ဒါ ... တော် ..."

သူ့စကား မဆုံးလိုက်။

"ကိုအကြိုင်လားဟင်"

"ခင်ဗျာ"

"ဩော် ... ရှင်က ကျွန်မကို လာကြိုတဲ့ ကိုအကြိုင် လားလို့"

"မဟုတ် ... မဟုတ်ပါဘူးဗျာ"

ပြန်ဖြေရင်း သူ့ဦးနှောက်က လူမှားနေပြီဆိုတာကို အ ချက်ပေးသည်။ သူမက ဆောင့်ခနဲ သူ့အား မျက်စောင်းထိုးရင်း



www.burmeseclassic.com

www.burmeseclassic.com



…

"မဟုတ်ရင်လည်း ဘာလို့ ဒီနားလာသလဲ၊ ဟွန်း … လူပုံကိုက အူကြောင်ကြောင်နဲ့၊ လာအကြောင်မရိုက်နဲ့နော်၊ ပါး ရှစ်စိတ်ကွဲသွားမယ်"

အဲ … သူ့ကိုပါ ကြိမ်းလိုက်သေး။ ဘူတာရုံ၌ လူက လည်းရှင်း၊ ရထားကလည်း ထွက်သွားပြီဖြစ်၍ သူတို့အဖြစ်က ပြုံးပြုံးကြီး။ ဟိုတစ်ခုဒီတစ်ခုရှိသော လူတွေရဲ့ ပြုံးစစအကြည့် ကြောင့် သက္ကက ရှက်ရွံ့လာရ၏။ တော်ဝင်မှီကိုလည်း မကြို့ချင် တော့။ ဒီနားမှာ ထပ်၍လည်းမနေရဲ။

ထို့ကြောင့် ဘူတာပြင်ဘက်၌ရပ်ထားသော သူ့ဂျစ်ကား ဆီ လျှောက်လာမိသည်။ ကားနားရောက်တော့မှ …

"ဟောဗျာ"

သက္ကနှုတ်ဖျားမှ အာမေဋိတ်က လွှတ်ခနဲထွက်ကျသွား သည်။ မကျဘဲနေနိုင်ရိုးလား … ကားနား၌ ဆံပင်တိုတို အထပ် ထပ်ဖြစ်အောင်ညှပ်ထားသော၊ ယောက်ျားဝတ်တီရှပ်က ပေါင် လယ်လောက်၊ ထဘီက ခြေသလုံးတစ်ဝက်ထိ တိုတိုဝတ်ထား သော မိန်းမတစ်ယောက်။





ကားဘော်ဒီကိုမှီ၍ စောင့်နေသည်။ သူ့ကိုလည်း တွေ့ ရော …

"ရှင်က ဘယ်တွေလျှောက်သွားနေတာလဲ"

"ကျွန်တော် ဘူတာရုံထဲ …"

"ဘူတာရုံထဲမှာဆို တွေ့ရမှာပေါ့ … အလကား အပို တွေ၊ ကဲ … စကားတွေများမနေနဲ့ … သေတ္တာတွေ ပစ္စည်းတွေ တင်၊ ရှင့် မတွေ့လို့ အထမ်းသမားခတောင် ကုန်သွားတယ်၊ အိမ်ကျမှ အဖေ့ကိုပြောရမယ် … ဒီဒရိုင်ဘာရဲ့လခထဲက ဖြတ် လို့"

ပြောပြီး သူမ ကားပေါ် ဇွတ်ခနဲတက်ထိုင်သည်။ သူမ ဖယ်မှ ဘေး၌ဆင့်ထပ်ထားသော သေတ္တာနှစ်လုံး။ အင်း … ဒေါ်ဒေါ်က ပြောသား … သူက လွဲတာဖြစ်သည်။

သက္ကနဲ့ တော်ဝင်မှီက စတွေ့တာနဲ့ လွဲခဲ့တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



---

"အဲဒီဂျစ်ကားကြီးက လဲသင့်နေပါပြီ အဖေရာ၊ ရေတ် ပွဲရုံသွားလည်း ဒါပဲ၊ ညှော်သည်လာတော့လည်း ဒီကားနဲ့ပဲ၊ ကားနံပါတ်ကလည်း 'ဈ'ကြီး ... တော်တော်အောက်နေပြီ၊ ပြီးတော့ လာကြိုနိုင်းတဲ့လူရဲ့ပုံစံကိုလည်း ကြည့်ဦး ... တကယ့် တောသားစစ်စစ်"

မှီဟာ အဲဒီလိုပင်ခပ်ရွဲ့ရွဲ့ကြည့်ပြီးပြောမိပါသည်။ အဝေး ကနေကြည့်၍ သိသာထင်ရှားလှသော သူ့မျက်ခုံးထူထူတွေက ဆတ်ခနဲတွန့်ကွေးသွားတာကို အတိုင်းသားတွေ့မြင်ရပါသည်။

အဖေက သူမစကားကို တဟားဟားရယ်ပေမယ့် အမေ ကတော့ အားတုံ့အားနာဖြစ်စွာနှင့် ...

"ဘယ့်နှယ့် တောသားရမှာလဲ သမီးရယ်၊ အဲဒါ သမီး နဲ့ ငယ်ငယ်ကတည်းက ကစားဖော်လေ ... မောင်သက္က၊ မမှတ် မိတော့ဘူးလား"





"မမှတ်မိတော့ပါဘူး၊ သူက ငယ်ငယ်ကပုံစံမှ မဟုတ် တာ၊ အခုမှ တကယ့်တောသားစစ်စစ်ပုံစံကြီးနဲ့၊ ဒီဇိုင်းက ဒိတ် အောက်တယ်"

"ဟဲ့ ..."

"နေပါစေ ဒေါ်ဒေါ် ... သူဆန္ဒရှိသလို စိတ်ချမ်းသာ သလိုသာ ခေါ်ပါစေ၊ အခေါ်အဝေါ်က အရေးမကြီးပါဘူး"

လို့ သူကပြောသောအခါ မှီသည် နှုတ်ခမ်းကို မာန်ပါပါ ဆတ်ခနဲတွန့်မဲ့မိသည်။ တောသားကများ ကြီးကြီးကျယ်ကျယ် စကားတွေ ဆိုလို့ပါလား။ မှီကတော့ ကိုယ့်မြို့လေး ကိုယ်ပြန် ရောက်သော်ငြား ရန်ကုန်က ခလေ့စရိုက်တွေ မကင်းလွတ်သေး။

ထို့ကြောင့် အိမ်ပြန်ရောက်ပြီးမကြာခင်ပဲ သူမ ပြန် ရောက်သော အထိမ်းအမှတ်ပွဲဟု ခေါင်းစဉ်တပ်ကာ ပါတီပေးရန် ပြင်ဆင်သည်။ အမေကတော့ သူမလုပ်ပုံကို အထူးအဆန်းကြီး ဖြစ်ကာ ...

"ဘာ ... ပါတီ ... ဟုတ်လားသမီး"

"ဟုတ်တယ် အမေရဲ့"

"ဒါက ဘာအဓိပ္ပာယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အမေတို့က သိပ်ခေတ်နောက်ကျတာပဲ၊ ဒီလိုပွဲမျိုး ခဏခဏလုပ်ပေးရတယ်၊ အမေတို့က လုပ်ငန်းရှင်တွေလေ၊ အဲ့ပွဲမျိုးမှာ နောက်ထပ်ပါတနာအသစ်တွေ တွေ့မယ်၊ စီးပွားရေးအင်ပါယာချဲ့ထွင်လို့ ရတာပေါ့"

"ဒါဆိုလည်း ဆွမ်းကျွေးတို့ဘာတို့ လုပ်ပါလားသမီးရယ်၊ ကုသိုလ်လည်းရတယ်၊ နောက်ပြီး ..."

"အမေ"

သမီးက ဆံပင်တိုတိုတွေကို ဆတ်ခနဲခါပြီးခေါ်တော့ ဒေါ်အိမ်ကောင်း နှုတ်ဆိတ်သွားရသည်။

"အဲဒါကြောင့် အမေတို့ကို ခေတ်နောက်ကျနေပြီလို့ ပြောတာ၊ သမီးအပေါင်းအသင်းတွေက ဟိုရန်ကုန်ကနေ တကူးတကလာရမှာ၊ အမေ့ဘုန်းကြီးဆွမ်းကပ်တဲ့ပွဲမျိုးကို လူကုန်ငွေပန်းခံပြီး လာပါ့မလား၊ ပြီးရင် သမီးတို့က ဒီမှာလူစုပြီး ခရီးထွက်ကြဦးမှာ"

"ခရီးထွက်ဦးမယ်"

ဒေါ်အိမ်ကောင်းက ရင်ဘတ်ဖိပြီးမေးသည်။ သူမတို့မြို့ကလေးမှာ သမီးပျိုလေးတွေဟာ ဘယ်ကိုမှ ညအိပ်ညဥ့်နေ





သွားခွင့်မပြု။ ကျောင်းတောင် ရန်ကုန်မှာ ကြီးတော်တွေရှိလို့ သူမတို့က စိတ်ချလက်ချ လွှတ်ခဲ့တာပါ။ ခု သမီးက ဘယ့်နှယ် ဘယ်ပုံဖြစ်ပြီး ...

သူမ မျက်စေ့အောက်ရှိ သမီးကတော့ ပြတ်သည်။

"တားဖို့တော့ မစဉ်းစားနဲ့နော် အမေ၊ အားလုံး ချိန်းဆိုပြီးသား၊ သမီးသူငယ်ချင်းတွေကြားထဲမှာ အရှက်ကွဲရအောင် မလုပ်နဲ့"

တဲ့လေ။ ဒေါ်အိမ်ကောင်း ဒီအတိုင်းကြည့်မနေနိုင်တော့၊ သူမခင်ပွန်းဆီ ဒီအကြောင်းတွေ အလုံးစုံပြောပြရလေပြီ။ ဦးလွန်းကြွယ်ကတော့ ယောက်ျားသားမို့ပေလား မသိ ... သူမလောက် ပူပုံမပေါ်။

"အခြေအနေ စောင့်ကြည့်ကြတာပေါ့ မအိမ်ကောင်းရယ်၊ သူက ကောလိပ်ကျောင်းသူကြီး ဖြစ်သွားပြီကိုး"

ဟုသာဆိုပါသည်။ ဒီလိုနှင့် သမီးသူငယ်ချင်းတွေရောက်မည့်ရက် ထုံးစံအတိုင်း ဘူတာကနေ မောင်သက္ကနှင့်သမီးကို အတူသွားကြိုနိုင်းရသည်။ ဒါတောင် ထွက်ခါနီး သမီးက ဂျီကျတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ ဂျင်းဘောင်းဘီကလေး ဘာလေးများ မရှိဘူးလား"

"ဘာဖြစ်လို့လဲဗျ"

"လည်ကတုံးနဲ့ ပုဆိုးနဲ့၊ ဆံပင်ကလည်း ဘိုကေ၊ အကယ့် တောဒီဇိုင်း၊ ရန်ကုန်ကလာတဲ့ ငါ့သူငယ်ချင်းတွေကြည့် ... အကုန် ဆံပင်အရှည်တွေ၊ ဘဲတွေဖလဲတွေနဲ့ချည်းပဲ"

"သမီးရယ် ... မောင်သက္ကက ဒါနဲ့လည်းကြည့်ကောင်းပါတယ်၊ ကဲ ... သွားတော့၊ တော်ကြာ ရထားစိုက်ချိန်စောလို့ ဟိုမှာ စောင့်နေရဦးမယ်"

ဦးလွန်းကြွယ်ကဝင်ပြောမှ ကဲ့ရဲ့ဝေဖန်ခြင်းက ရပ်တန့်သွားရသည်။ ဘူတာကပြန်လာတော့ ဂျစ်ကားစီးလုံးပြည့်လူတွေက။ ဝတ်ထားတာတွေကလည်း တကယ့်အရောင်တောက်တောက်။

ကောင်လေးသုံးယောက်၊ ကောင်မလေးက နှစ်ယောက်။ ယောက်ျားလေးတွေတန်မဲ့ ဆံပင်အရှည်၊ ဘောင်းဘီဖင်ကြပ်၊ ခွာမြင့်ဖိနပ်တွေနဲ့။ ကောင်မလေးတွေကလည်း ပြောင်ချော်ချော် ပွင့်ရိုက်အင်္ကျီက လက်ဖောင်းတွေ၊ လည်စည်းတွေနဲ့။ ထဘီတွေ





က ခြေသလုံးထက်ဝက်။ အောက်က ဒေါက်ဖိနပ်ချွန်ချွန်တွေ။ မျက်နှာက ရောင်စုံခြယ်ထား၏။

အိမ်ခြံဝင်းထဲဝင်လာတာနဲ့ နိုးနိုးခစ်ခစ်ရယ်သံတွေက စီစီညံလျက်။ မောင်သက္ကကတော့ ကားကြီးထိုးရပ်ပြီးတာနှင့် ဦးလွန်းကြွယ်ထံ ကားသော့အပ်ပြီး သူ့အခန်းဆီ ပြေးတော့တာ တစ်ချိုးတည်း။

မျက်နှာကြီးကလည်း ရဲရဲနီလို့။ ဒီတော့ ဦးလွန်းကြွယ်က စိတ်ပူရပြီ။ သမီးကို နှဂိုကတည်းက သဘောမတွေ့လှတာမို့

"ဘာဖြစ်တာလဲ သမီး"

သူကမေးတော့ သမီးသူငယ်ချင်းတွေက တဟားဟား ထရယ်သည်။ ပြီးမှ ...

"အဖေ့တောသားကိုလေ ဒီက စင်သီယာတို့က ချောလို့ လို့ပြောတာ ... အဲဒါ သူကရှက်သတဲ့ အဖေ"

"စင်သီယာတို့က ခင်ချင်လို့ပါ အန်ကယ်"

"ဟိ ... ဟိ ... သူကလူရိုးကြီး"

အယ် .. မေးသူဦးလွန်းကြွယ်ပင် မျက်နှာကြီး ဖျန်းခနဲ ရဲတက်သွားရ၏။ ဘယ့်နှယ့်ဟာမလေးတွေပါလိမ့်။ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဒေါ်အိမ်ကောင်း ဝင်ထိန်းမှဖြစ်တော့မည်။ ထို့ကြောင့် ...

"ကဲ .. သမီး ... ညည့်သည်တွေ ခရီးပန်းလာပြီ၊ အမေ အိပ်ခန်း အဆင်သင့်ပြင်ထားတယ် ... ခေါ်သွားတော့၊ ရွှေမိ ... ညည့်သည်တွေရဲ့အထုပ်တွေ သယ်ပေးလိုက်"

ဆိုပြီး လူစုခွဲထုတ်ရသည်။ ညည့်ခန်းထဲက အဲဒီအုပ်စု ပျောက်သွားမှ ဦးလွန်းကြွယ်က ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ နှုတ်ကလည်း ဟူးခနဲသက်ပြင်းချပြီး ...

"မင်းသမီး ဒါတွေနဲ့ပေါင်းရင် ထိန်းဖို့မလွယ်တော့ဘူး မအိမ်ကောင်း"

"ကျုပ်လည်း သိပါတယ်တော်၊ ပြောလို့လည်း မရဘူး"

"ဒီအတိုင်းသာလွှတ်ထားလိုက်ရင် ငါတို့ မျက်စိမှိတ်ဖို့ တောင် စိတ်ဖြောင့်မှာမဟုတ်ဘူး၊ မဖြစ်ဘူး မအိမ်ကောင်း ... တစ်ခုခုတော့စီစဉ်ဖို့ စဉ်းစားရဦးမယ်"

ဦးလွန်းကြွယ်အသံထဲမှာ မောဟိုက်သံတွေ ပါနေသည်။ ထိုထက်ပိုမောရတာက သူ့သမီးကျင်းပသော ပါတီပွဲညာ။ ထိုည မတိုင်မီကတည်းက သမီးအသံက တစာစာ။ ပါးစပ်ဖျားမှာလည်း သက္ကအမည်ကို ကန်ထရိုက်ခွဲထားသလား ထင်ရလောက်





အောင် ...

"သက္က ... သစ်ပင်တွေမှာ မီးသီးတွေဆင်ဦး"

"သက္က ... စားပွဲပိုင်းရှည်ကြီးချ၊ အဲဒီမှာ စားစရာတွေ တင်စမ်း"

"သက္ကရေ ... ကက်ဆက်ကြီးနဲ့ ဆောင်းဘောက်တွေ ဆင်ဦး"

စသဖြင့် ဦးလွန်းကြွယ်ရဲ့မန်နေဂျာ သက္ကက သမီးတို့ အုပ်စုနဲ့တွေ့မှ တောက်တိုမည်ရမောင်သက္ကဖြစ်၍ နေတော့သည်။ ညမှောင်ပြီဆိုတာနှင့် ခြံဝင်းကြီးတစ်ဝင်းလုံး မီးရောင်စုံတွေ ဖြိုး ဖြိုးဖျက်ဖျက်။

ဦးလွန်းကြွယ်တို့ ဇနီးမောင်နှံကတော့ လူငယ်တွေကြား မနေချင်သဖြင့် ...

"မင်းညီမကို ကြည့်ပြီးစောင့်ရှောက်လိုက်ပါ မောင်သက္က ရေ"

လို့ သူ့ခေါင်းပေါ် တာဝန်လုံးလုံးချထားလေပြီ။ သူ့မှာ တစ်နေ့လုံး သူမတို့စားရန်သောက်ရန်တွေ ပြင်ဆင်ပေးရ၊ ည ဖက်ပွဲအတွက် နေရာချပေးရနှင့် ဖတ်ဖတ်မောနေရသည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက္ကကြီး အေမီတို့နဲ့အပြန် ရန်ကုန်လိုက်ခဲ့ပါလား"

"ဟော့ ... ငါက အရင်နှံပါတ်ချိတ်ပြီးသား"

"စင်သီယာရယ် ... နင်နဲ့ငါက သူငယ်ချင်းအရင်းကြီး တွေပဲဥစ္စာ ... ညီတူညီမျှပေါ့"

သူ့တစ်ကိုယ်လုံးရှိသွေးတို့က ဖျဉ်းခနဲ ဆူပွက်လာသည်။ မျက်နှာက ရေနွေးပူပူနှင့် အပက်ခံရသလို။ သူမတို့ကတော့ ဘာမှမဖြစ်သယောင်။

"ဟော့ မုန့်သာဝေစားမယ်၊ ဒါမျိုးကိုတော့ .. ဟီ .. ဟိ"

ကဲ ... ရှက်စရာ။ သူ့မှာ အလုပ်ပင်ပန်းခြင်းထက် ရှက်စိတ်ဖိစီးခြင်းက ပိုဆိုးလှပါသည်။ ထိုညက ပါတီပေးသည် ဟုဆိုကာ ဒိုးဒိုးဒန့်ဒန့်သီချင်းတွေဖွင့်ပြီး ကကြဆိုကြတာ တစ်ညလုံးပေါက်။

သူ့မှာသာ တော်ဝင်မိုကို စောင့်ရှောက်ရမည့် တာဝန်ကြောင့် ခရေပင်စည်ကြီးကိုမှီ၍ အိပ်ချင်စိတ်ကို တော်လှန်ရသည်။ လူကလည်း ငိုက်မြည်းတာများ ပြော၍ပင်မကုန်ချင်။ သို့ပေမယ့် သူသတိထားမိတာက တော်ဝင်မိုအား စိတ်မပျက်ခြင်းပင် ဖြစ်ပါတော့သည်။

❖ ❖ ❖

## အပိုင်း (၃)

ထို ပွဲအပြီး၌ တော်ဝင်မိုတို့ခြေများတာက ခရီးထွက်သွားခြင်းပင်။ မိဘတွေက တစ်ဦးတည်းသောသမီးလည်း ဖြစ်ပြန်၊ ကောလိပ်ကျောင်းသူ ခေတ်ပညာတတ်ဟူသောအရှိန်ဖြင့် ဘာမှမပြောဘဲ လွှတ်ထားခြင်းဖြစ်သည်။

ရင်ထဲကိုယ်စီ၌ သိပ်ဘဝင်မကျကြောင်း သူရိပ်မိပါသည်။ ဦးလွန်းကြွယ်ကတော့ သူ့အား တိုင်ပင်သယောင်နှင့် သမီးအပေါ် အလိုမကျခြင်းများကို မကြာခဏ ရင်ဖွင့်လေ့ရှိသည်။

"ငါတော့ ကိုယ့်အတတ်ကိုယ်စူးပြီနဲ့တူပါရဲ့ မောင်သူ့



www.burmeseclassic.com

www.burmeseclassic.com



ရေ၊ သမီးကို ကောလိပ်ပို့မိတာကိုက တို့အမှား၊ အခုတော့ ဆရာမနိုင် နှစ်ဆောင်ပြိုင်ဖြစ်နေပြီ၊ ဒီပုံအတိုင်း ရှေ့ဆက်သွားရင်တော့ သမီးရှေ့ရေး ငါရင်လေးတယ်''

''ချော့ပြီးပြောကြည့်ပေါ့ ဦးရယ်၊ သူလည်း ခေတ်ပညာတတ်တဲ့သူပဲ ... အမှားနဲ့အမှန်တော့ ခွဲခြားသိမှာပေါ့''

သူက ကြားထဲမှ မယုတ်မလွန် ဝင်ပြောပေးခဲ့သည်။ ဒါပေမဲ့ သူခန့်မှန်းရသလောက်ဆိုရင်တော့ သူမဟာ တစ်ဖွတ်ထိုးဆန်မည့်သူဆိုတာ သိနေပြန်ပါ၏။ ဒေါ်အိမ်ကောင်းကတော့ သမီးဘက်မှ ကာကွယ်ချင်သူမို့ ...

''ခရီးထွက်ပြီးရင်တော့ သူခြေငြိမ်သွားမယ်ထင်တာပဲ''

လို့ ဆိုပါသည်။ တကယ်လည်း သူတို့အားလုံး အဲဒီလို မျှော်မှန်းခဲ့ကြပါသည်။ သို့ပေမယ့် သူတို့လွဲပါ၏။ သူမက ခရီးထွက်ရာမှ ပြန်လာသောအခါ ပွဲလမ်းသဘင်တွေ ပိုများလာခဲ့၏။ ပါတီပေးသောအိမ်တွေနှင့် ပိုအကျွမ်းတဝင်ဖြစ်လာခဲ့သည်။

အဆိုးဆုံးက ကျောက်ပွဲစားဘကြူးဆိုသူနှင့် အပေါင်းအသင်းဖြစ်လာခြင်းပင်။ ဟိုက ရုပ်ရှင်ကြည့်ရန်၊ ဘယ်မင်္ဂလာဆောင်သွားရန်၊ ဘယ်ပါတီပွဲသွားရန် အစရှိသဖြင့် ပွဲတော်တွေ





က တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင်ခေါ်သည်။ သူမက လိုက်သည်။ အိမ်၌ရှိသောအချိန်ဆိုတာ ညအိပ်ချိန်မျှသာ။

ကြာတော့ သမီးချောအတွက် စိတ်ပူလာရသည်။ ဒီမိန်းကလေးအား အဘယ်သို့သောအရာက ခေါ် ...းအောင် လုပ်ဆောင်နိုင်မည်နည်း။ သူဌေးကြီးဦးလွန်းကြွ ... ထိုပုစ္ဆာအား သုံးလေးညအိပ်ရေးပျက်ခံ၍ အဖြေရှာပြီးမှ သူ့လူယုံ သားတပည့်သက္ကကို ခေါ်တွေ့ခဲ့တာဖြစ်သည်။

''မင်း ... တော်ဝင်မှီကို လက်ထပ်ရလိမ့်မယ် မောင်သက္က''

''ဗျာ''

ကြားရသောစကားက သက္ကအတွက် အထူးအဆန်း။ အံ့ဩထိတ်လန့်ဖွယ်သော ရသအစုံစုံကို ပေးနိုင်သည်။

''ဟုတ်တယ် မောင်သက္က ... ဒေါ်ဒေါ်တို့သမီးကို တစ်သက်တာလုံး စောင့်ရှောက်သွားနိုင်မယ့်လူဆိုလို့ မင်းတစ်ယောက်ပဲရှိတော့တယ်''

''မင်းလက်ထဲထည့်ပြီးမှ ငါစိတ်အေးနိုင်မယ် မောင်သက္က၊ သမီးကို ဇနီးတစ်ယောက်အနေနဲ့ရော, ညီမသားချင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနဲ့ပါ သွန်သင်ပါ၊ ဆုံးမပါ၊ မင်းဦးဆောင်ပေးပါ"

"ဖြစ် ... ဖြစ်ပါ့မလားဦးရယ်၊ သူက ခေတ်ပညာတတ် ကောလိပ်ကျောင်းသူ၊ ကျွန်တော်က သာမန်ဘုန်းကြီးကျောင်း သား"

"အဲဒီဘုန်းကြီးကျောင်းသားမင်းဆီမှာ ရိုးစင်းတဲ့အတွေး အခေါ်တွေ၊ ဖြူစင်တဲ့စိတ်နှလုံးတွေရှိတယ်ဆိုတာ ငါခန့်မှန်းပြီး သားပါ၊ သမီး မင်းကို လက်ခံစေရပါမယ် မောင်သက္က"

သူ့ကျေးဇူးရှင်သူဌေးကြီး ပြောသောစကားကို အခုထက် ထိ မယုံနိုင်သေး။ တော်ဝင်မှီဟာ လှသည်၊ ချောသည်၊ ပြီးတော့ ခေတ်ဆန်သည်။ ထိုအရာတွေထက် အရေးအကြီးက သူမက သူ့ရဲ့အလုပ်ရှင်။

သူ ... တုံးခုလှမ်းဆွတ်ရန် ဘယ်တော့မှ မမီသောပန်း။ ဆွတ်ခြွေရန် စိတ်ကူးမရှိ။ သူက အသာငေးမောကြည့်နေရုံသာ ဟု ထင်မှတ်ထားသောပန်းတစ်ခု ... ဒီပန်းရဲ့ဥယျာဉ်မှူးဟာ သူတဲ့။

အရာရာက သူ့အတွက် အိပ်မက်မက်နေသယောင်။ မပီပိုးတဝါးနှင့် ထို့ထက်ပိုမယုံချင်စရာကောင်းတာက တော်ဝင်မှီ





က သူ့အား လက်ခံလိုက်ခြင်းဖြစ်သည်။ တော်ဝင်မှီလက်ခံပြီဆို သော သတင်းတို့ကြားစကဆို သူ့ခဏတော့ ကယောင်ချောက် ချား ဖြစ်သွားရသေး၏။

သူမကတော့ အေးဆေးစွာ သက်သောင့်သက်သာရှိစွာ နှင့် ...

"နင်နဲ့ငါ့ကို အဖေက လက်ထပ်ပေးမယ်လို့ပြောတယ်၊ နင်လက်ခံတယ်ဆိုတာလည်း ငါသိတယ်၊ ဒါပေမဲ့ နင်ဘာကြောင့် လက်ခံတာလဲ၊ အဖေ့စကားကို နားထောင်ချင်လို့လား၊ ဒါမှမဟုတ် ငါ့ကို ကျိတ်ချစ်နေခဲ့လို့လား"

နားထဲ ရေနွေးပူတွေ လောင်းထည့်လိုက်သလို ရှက်စိတ် ကြောင့် သွေးတို့က တဒုတ်ဒုတ်တိုး၏။ သူက ခေါင်းကို အောက် ငိုက်စိုက်ချပစ်၏။

"ဟဲ့ ... ငါမေးနေတယ်လေ"

"ဟို ..."

"နင် ... ယောက်ျားမဟုတ်ဘူးလား။ ရဲရဲတင်းတင်းဖြေ စမ်းပါ"

သူ ... ဘာပြန်ဖြေရမှာပါလိမ့်။ သေချာတာကတော့



www.burmeseclassic.com

www.burmeseclassic.com



ချစ်စကားကြိုက်စကားပြောရန် သူ နှုတ်မရဲခြင်းဖြစ်သည်။ သူ့တစ်သက်၌ ဘယ်မိန်းကလေးမှလည်း အဲဒီလိုစကား မပြောဖူးခဲ့ပေ။

"တော ...သား"

သရော်ရိပ်စွန်းထင်းနေသော ခေါ်သံက သူ့ကို ဆတ်ခနဲ ပုတ်နှိုး၏။ သူလန့်သွားရသည်။ ပြီးမှ မျက်စေ့ကိုစုံမှိတ်ပြီး ...

"ဦး ...စကား ...နားထောင်တာပါ"

မို့တစ်ကိုယ်လုံး တောင့်ခနဲ။ သူကတော့ ပြောပြီးတာနှင့် သူမအနားမှ ချာခနဲလှည့်ထွက်ပြေးသွားသည်။ ရှက်စိတ်၊ နာကြည်းစိတ်တွေက ရုတ်ခြည်း သူမခန္ဓာကိုယ်ထဲ နိုတွယ်ဝင်ရောက်လာ၏။

တကယ်တော့ သူမရင်ထဲ၌ အရိုင်းဆန်သော နှလုံးသားတစ်ခုက သူ့အတွက် အသင့်ရှိပြီးဖြစ်သည်။ ဟိုးဘူတာရုံမှာစဆုံကတည်းက ညို့ရှိုးစိုသော သူ့အသားအရေ၊ ကြည်လင်သောမျက်ဝန်းတွေနှင့် ယောကျ်ားတစ်ဦးနှင့်မတန်စွာ နီရောင်အပြည့်လွှမ်းထားသော သူ့နှုတ်ခမ်းပါးတို့က သူမအိပ်မက်တွေထဲ ချဉ်းနင်းဝင်ရောက်ခဲ့တာပါ။





သူမပတ်ဝန်းကျင်၌ရှိသော ယောကျ်ားလေးတွေထံမှ စီးကရက်နံ့တွေရှူခဲ့ရသော မို့သည် သူ့ထံမှထွက်ပေါ်လာသည့် သန့်စင်လတ်ဆတ်သော ကိုယ်သင်းရနံ့လေးကို တိတ်တခိုးစွဲလမ်းမိပြီ။

ပြီးတော့ မို့အပေါ် ရိုကျိုးသော၊ မို့အမိန့်ကို နာခံတတ်သော ထိုကောင်လေးအား မို့သဘောကျနှစ်လိုနေပြီဆိုတာရော သူ မသိရှိးလားကွယ်။ အခုတော့ သူက အဖေ့စကားနားထောင်သတဲ့။

မို့ဟာ သူနဲ့လက်ထပ်ပေးမည်ဆိုတော့ ဝမ်းသာသည်။ ရင်ခုန်သည်။ ထိုစိတ်အရင်းခံကြောင့် မဆိုင်းမတွ ခေါင်းညိတ်လက်ခံခဲ့ခြင်းပါ။ မို့ကြားဖူးသော အိမ်ထောင်ရေးဒဿနသည် အချစ်ဖြင့်နှောင်မှ မြဲသည်တဲ့လေ။

အခုတော့ ...။ တွေးရင်း သူ့ဝမ်းနည်းချင်လာသည်။ မိမိကိုမချစ်သော ယောကျ်ားတစ်ယောက်နှင့် တစ်ဘဝပေါင်းဖက်ရမည့်အရေးက ရင်လေးစရာအတိပင်။

သို့ပေမယ့် မို့အတွေးက တစ်မျိုးပြောင်းပစ်၏။

သူ မချစ်လည်း အရေးစိုက်စရာမလို။ မို့အား ချစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သော၊ မှီအလှ၌ ယစ်မူးသောလူတွေ အများကြီးရှိသည်။

ထို့ကြောင့် မှီဝမ်းမနည်း။

ဒီလိုနှင့် သက္ကနှင့် တော်ဝင်မှီတို့သည် ဒုတိယအကြိမ် မြောက် လွဲခဲ့ကြပြန်၏။ ဒီတစ်ခါအလွဲကတော့ နည်းနည်းပြင်း ထန်ခဲ့ပါသည်။

❖





---------------------------------------------------॥

"အိုကေ .. ဂွတ်နိုက် ... ဆီးယူတူမောရိုး"

သူတံခါးဖွင့်ပြီးတဲ့အထိ မှီက နှုတ်ဆက်၍မဆုံးသေး။ ကားက ခြံထဲမှထွက်သွားပြီးမှ မှီသည် ယိုင်တီယိုင်ထိုးဖြင့် အိမ် တံခါးဝဆီ ရောက်လာ၏။

သူက ဆီးကြိုဖမ်းပွေ့ပြီးမှ ...

"ညဥ့်နက်လှချည်လား မှီရယ်"

"ပွဲက အခုမှပြီးတာ ဒါလင်ရဲ့"

ယမကာအနံ့က ထောင်းခနဲ၊ သူက အသက်အောင့် ထားလိုက်ရင်း ...

"နည်းနည်းပါးပါး အနေအထိုင်တော့ ဆင်ခြင်ပါဦးမှီ၊ မှီ့မှာ မပေါ့မပါးကြီးနဲ့"

သူကပြောတော့ .မှီသည် ရယ်စရာပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … မပေါ့မပါးကြီး … ဟုတ်လား .. ဟား .. ဟား .. မီကတော့ ပေါ့ပါးပါတယ်၊ စားလို့သောက်လို့ကောင်းလာသေးတယ်"

မို့ရယ်သံနှင့် စကားပြောသံက အာလေးလျှာလေး။ ပြီးတော့ အကျယ်ကြီးရယ်။

ထို့ကြောင့် သူက …

"ရှူး … တိုးတိုးရယ်ပါ မီရယ်၊ ဦးနဲ့ဒေါ်ဒေါ် အိပ်နေကြတယ်၊ လူကြီးတွေရှိတယ်ဆိုတာတော့ သတိထားဦးမှပေါ့"

"အင်း … အင်း … လူကြီးတွေရှိတာ သတိထားပါ့မယ်၊ ယောကျ်ားကိုတော့ သတိမထားလို့လည်း ရတာပေါ့ … ဟုတ်လား၊ အဲဒီလိုသဘောလား ဒါလင်"

သူမက မထိတထိလေး ပြန်ပြောသည်။သူက ဘာမှမပြောချင်တော့။

သူမဟာ သူ့ရင်သွေးကို လွယ်ထားရသည်။

ပြီးတော့ …

သူနှင့်လက်မထပ်ခင်ကတည်းက သူမစရိုက်ဟာ ဒီအတိုင်းပင်ဖြစ်၏။





လက်ထပ်ပြီးသည့်ကာလတစ်လျှောက်လုံးလည်း အိမ်ထောင့်တာဝန်ဆိုတာ ဘာမှန်းမသိ။

သူကိုယ်တိုင်ကလည်း တာဝန်မပေးတာ ပါသည်။ သူ့စိတ်ထဲမှာတော့ သူမကို သူ့ကျေးဇူးရှင်တွေနှင့် တစ်တန်းတည်းထားသည်။

ထို့ကြောင့် လင်ယောကျ်ားဟူသည့် အာဏာသုံးပြီး သူမတားဆီးခဲ့။ သူမစိတ်တိုင်းကျသာ နေခွင့်ပြုခဲ့သည်။ အရေးကြီးတာက သူ့ရင်သွေးလေး။ ဒီကလေး ဘာမှမထိခိုက်ရန်သာ ဖြစ်သည်။

ပြီးတော့ ကလေးမျက်နှာမြင်တဲ့ အချိန်ကျလျှင်တော့ သူမ၌ မိခင်စိတ်ပေါ်လာမည်။ သူမစိတ်ထားတွေ တစ်မျိုးတစ်ဖုံပြောင်းလဲသွားမည်လို့ သူက မျှော်လင့်ထားခဲ့ပါသည်။

သို့သော် … သူမနှင့်ပတ်သက်၍ မျှော်လင့်သမျှက အချည်းနှီး။ မွေးပြီးတော့လည်း ဒီအတိုင်းပင်။ တစ်စက်ကလေးမှ မပြောင်းလဲ။ ကလေးကို နာနီနှင့်ထားကာ တစ်နေကုန် အလည်အပတ်ထွက်သည်။ ညစဉ်ညတိုင်းရှိရသည့် ပါတီပွဲ၊ မွေးနေ့ပွဲ။

ကြာတော့ သူသည်းမခံနိုင်။ တစ်လအရွယ်သားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်၌ပွေ့ပိုက်ထားရင် စကားအချေအတင်ပြောခဲ့ကြရ၏။

"မင်း ... ကလေးအမေဖြစ်နေပြီ တော်ဝင်မှို၊ အလည်အပတ်ကိုလျှော့တော့၊ ကလေးကို ဂရုစိုက်ဦးမှပေါ့"

"နာနီငှားထားတာပဲ"

ဒီစကားကို သူမက သူ့အား မော့ပြီးတောင်မပြော။ လက်သည်းဆိုးနေတာ ပျက်သွားမှာစိုးလို့ထင်ပါရဲ့။

"နာနီက နာနီပဲ၊ မအေနဲ့တော့ ဘယ်တူပါ့မလဲ"

"အို ... အဲဒီကလေးအလုပ်တွေ မလုပ်ချင်လို့ ပိုက်ဆံအကုန်ခံပြီး ငှားထားတာလေ ... ရှင်နားလည်ပေါ့၊ မိဘလက်ထက်ကလည်း ဒီအတိုင်းပဲနေလာတာ၊ ရှင်နဲ့ကျမှ အမိန့်တွေပေးပြီး ချုပ်ချယ်ဖို့တော့ မစဉ်းစားနဲ့နော် ... မရဘူး"

"အမိန့်တွေပေးပြီး ချုပ်ခြယ်နေတာမဟုတ်ဘူး၊ မင်းအနေအထိုင်ဆင်ခြင်ဖို့ ပြောနေတာ၊ မင်းကိုယ်ဝန်ရှိတာတောင် ငါဘာတစ်ခွန်းပြောခဲ့လဲ၊ မင်းစိတ်တိုင်းကျ နေခွင့်ပေးခဲ့တာပဲ၊ အခုဟာက အမြင်မတော်လို့ ... ယောကျ်ားတကာနဲ့တွဲတယ်၊ ညဥ့်နက်မှ အိမ်ပြန်လာတယ် ... မင်းကို ပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ"





"ပတ်ဝန်းကျင်ကိုသာ ဂရုစိုက်နေရင် လူလုပ်ဖို့တောင် ကောင်းတော့မှာမဟုတ်ဘူး"

"ဟ ... လူဆိုတာ ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့မရဘူး တော်ဝင်မှို၊ မင်းနဲ့ငါ နှစ်ယောက်တည်းဆိုရင် ကိစ္စမရှိဘူး၊ အခု မင်းလုပ်သမျှ အရိပ်မည်းက ဒီကလေးပေါ် ကျလာမှာ ... ဒါကို ငါအစိုးရိမ်ဆုံးပဲ"

"ရှင် အစောကြီးကတည်းက အဲဒါတွေ ထည့်ပြီးစဉ်းစားဖို့ ကောင်းတယ်၊ အဖေ့စကားတစ်ခွန်းတည်းနဲ့ ခေါင်းညိတ်ခဲ့တဲ့ ရှင့်အတွက် ဒါ ကျွန်မပေးတဲ့သင်ခန်းစာပဲ"

သူမက ပြောပြီးသည်နှင့် သူ့အနားမှ ဆတ်ခနဲထသွားသည်။ သူမှာသာ သားကို ရင်ခွင်ပိုက်၍ ဘာလုပ်ရမှန်းမသိ။ အဲဒီလိုဖြစ်ပြီးသည့်နောက်တော့ သူမ အိမ်ပြန်ချိန် ပိုနောက်ကျလာခဲ့သည်။

တစ်ခါတစ်ရံ သန်းခေါင်ကျော်မှ၊ ပြန်ရောက်တိုင်းလည်း မူးလာတာပင်ဖြစ်၏။ ဘကြူးဆိုသူနှင့်လည်း ပိုအတွဲများလာသည်။ ဦးနှင့် ဒေါ်ဒေါ်ကတော့ တစ်မိုးအောက်တည်းနေ သူတို့ အိမ်ထောင်ရေးကို တစေ့တစောင်း အကဲခတ်သူတွေမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးခြေလှမ်းတွေ ပျက်လာတယ် မောင်သက္က၊ မင်း မပြောတော့ဘူးလား"

"ပြောပါတယ် ဦး ... အခု ဒီရက်ပိုင်းအတွင်း သူတို့ အုပ်စုထဲကတစ်ယောက် နိုင်ငံခြားထွက်မှာမို့လို့ နှုတ်ဆက်ပွဲလုပ် နေကြလို့ပါတဲ့"

သူက အဲဒီလိုလည်း ကာကွယ်ရပါသေးသည်။ ဦးက အသက်ကြီးပြီ။ ပူပင်မှုတွေ မပေးချင်တော့။ မပူပင်ချင်၍ သူ့လက် ထဲ ထိုးအပ်ထားပါသည်ဆိုမှ ...။

သက္က သက်ပြင်းတစ်ချက် ခိုးရှိုက်သည်။

သူ စိတ်မောရပါ၏။ ဦးကတော့ မေးကြောကြီးတွေ ထောင်ထအောင် အံကြိတ်ထားရင်းက ...

"ထွက်ရင်လည်း တစ်အုပ်စုလုံးထွက်ကြတော့၊ ဘယ့် နှယ့် ... တစ်နေ့တစ်နေ့ သူတို့ကိစ္စတွေချည်းပဲ၊ လုပ်လိုက်ရတဲ့ နှုတ်ဆက်ပွဲ၊ မွေးနေ့ပွဲ၊ ဒင်နာနဲ့ အို ... စုံတကာပဲ၊ သမီးလေး တစ်ယောက် မွေးထားပါတယ် ... ဘာမှအားကိုးလို့မရ၊ ထင်ရာ စိုင်းတဲ့ သမီး၊ ကောလိပ်သွားထားတာကိုက ငါ့အမှား၊ မအိမ် ကောင်းရေ ... အခုတော့ မြင်းကို တောင်ပံတပ်ပေးလိုက်





သလိုပဲ၊ ဘယ်လိုမှ ချုပ်လို့မရတော့ပါလား"

"ကဲပါရှင် ... ဒါတွေပြောမနေနဲ့၊ ဒေါ်သကြောင့် သွေး တိုးလာဦးမယ် ... သူ့ထိုက်နဲ့သူ့ကံပေါ့"

လို့ ဖြေသိမ့်ပြောသော ဒေါ်ဒေါ့်မျက်ဝန်း၌ မျက်ရည်စ တွေတွေ့ရသောအခါ သူ တကယ် ရင်ထဲမကောင်းလှပါ။ လူကြီး တွေအတွက် ငဲ့ညှာရင်း၊ သားအတွက်ငဲ့ညှာရင်း သူမကို စကား တောင် ကျယ်ကျယ်မပြောရဲသည့်အဖြစ်။ ပြန်လာတော့ သန်း ခေါင်ကျော်။

ကိုယ်က ဆင်ခြင်ဖို့ပြောလျှင် သူမက ရိလုံးထွေလုံးတွေ ကို အကျယ်ကြီးအော်ကာပြောမည်။ အသိစိတ်ပျောက်ကာ ယမ ကာအရှိန်နှင့် သူမကို ဘာမှမပြောဘဲ မနက်မှ အေးအေးဆေး ဆေး နားသွင်းမည်ကြံတိုင်း ...

သူ ပွဲရုံတွေသွားချိန်အထိ သူမက မနိုး။ သူပြန်ရောက် တော့ သူမက မရှိ၊ ဒီလိုနဲ့ စီးပွားရေးထဲ၊ သားကိုချော့မြှူသည့်ထဲ၊ လူကြီးမိဘတွေကို ယုယပြုစုသည့်ထဲ သူဘဝကို နှစ်မြှုပ်ထားခဲ့ သည်။

သားအသက် မပြည့်တပြည့်အချိန်မှာတော့ သူတို့ကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲ မုန်တိုင်းစတိုက်ခဲ့ခြင်းပါ။ ထိုညက သူမ အိမ်ပြန်မလာခဲ့။ နောက်ကျခြင်းများစွာနှင့် ပြန်လာတတ်သောသူမအား သူ ဝုတ်တုတ်မိုးလင်းသည်ထိ စောင့်ခဲ့သည်။

အိမ်ထောင်တစ်ခုရဲ့မီးပွားက အဲဒီမှ အစပျိုးတောက်လောင်ခဲ့ခြင်းပါ။

❖ ❖ ❖

## အပိုင်း (၄)

## "အိုး ... မိုင်ဂေါ့ဒ်"

သူမက အိပ်ရာမှ အလူးအလဲထသည်။ နာရီယူကြည့်တော့ မနက် ခြောက်နာရီ။ ဒါဆို ... သူမ ... ညက ...။ အတွေးမဆုံးခင် သူမအိပ်ခန်းတံခါး ပွင့်လာ၏။

ဝင်လာသူက ဘကြူး။

"ကိုဘကြူး ... ရှင် ... ဘာလို့ မို့ကိုအိမ်ပြန်မပို့တာလဲ"

"မီပဲ ဒီမှာအိပ်မယ်ဆို"

ဘကြူးက မျက်ဝန်းတွေမှေးစင်းပြီးပြောတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်သွားရသည်။

"ဟင့်အင်း ... မဟုတ်ဘူး၊ မို မအိပ်ဘူး၊ မိုအိမ်ပြန်ရမှာ၊ သူစောင့်နေတာ မိုသိတယ်၊ မိုပြန်တော့မယ်"

သူမ ဝရုန်းသုန်းကားထတော့ ဘကြူးက သူမလက်ကောက်ဝတ်ကို ဖမ်းဆွဲထား၏။

"စဉ်းစားပါဦး မို ... ဒီအချိန်မှပြန်တဲ့ မိုကို သူက ကြည်ဖြူပါ့မလား၊ တစ်ညလုံး သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်မှာ ရှိနေတဲ့မိုကို"

"တော်တော့"

မိုက နားနှစ်ဖက်ပိတ်လိုက်ရင်း ကွဲလုမတတ်အော်ပစ်သည်။ ကြည့်စမ်း။ မို ညက သတိလွတ်သွားခဲ့သည်။ သူမချစ်ဘူး ... မိုကိုမချစ်ဘူးဆိုသော အသိကတစ်ဖက်။ သူ့ထံမှ အချစ်အား တောင့်တသောမသိစိတ်က တစ်ဖက်နှင့် ညကရခဲ့သော အနမ်းတွေ ... ရင်ခွင်ကျယ်တွေကို မိုက သူဟုထင်ခဲ့တာ။ ဒါကြောင့်ကြည်ဖြူခဲ့တာ။ အခုတော့ ...

"ရှင် ... ရှင်က လူယုတ်မာပဲ ဘကြူးရဲ့၊ ကျွန်မမှာ အိမ်ထောင်နဲ့, သားနဲ့ရှင့်၊ ရှင် ဘာလို့ ဒါကိုဖျက်ဆီးရတာလဲ





ကိုဘကြူးရယ်၊ ရှင့်ကို မိုက လူကောင်းတစ်ယောက်လို့ ထင်ခဲ့တာ၊ ယုံကြည်ခဲ့တာ"

"မင်း ညက အမူးလွန်နေတယ်"

"ရှင် အိမ်ပြန်ပို့ရမှာပေါ့၊ ကျွန်မမှာ အိမ်ရှိတယ်၊ ကျွန်မယောကျ်ားရှိတယ်"

"မင်းပဲ မင်းအိမ်ထောင်ကြီး မသာယာပါဘူးဆို၊ မင်းယောကျ်ားကို မင်း မချစ်ဘူးဆို၊ ငါပြုစုတာကို မင်းသဘောကျတယ်ဆို"

"ဟင့်အင်း ... ဟင့်အင်း ... မဟုတ်ဘူး ကိုဘကြူးရဲ့ ... မဟုတ်ဘူး"

မိုဟာ ထိုစကားထက်ပိုပြီး ဘာမှမပြောနိုင်တော့။ ကြေမွနေသော စောင်တစ်ထည်ကို ရင်မှာပိုက်ပြီး ဝမ်းပမ်းတနည်း ငိုကြွေးမိလေပြီ။ မိုမှားပြီဆိုသောအသိက အရာရာကို နောက်ကျသွားစေပြီ။

ဘကြူးသည် တသိမ့်သိမ့်ရှိုက်ငိုနေသော မိုအား သိမ်းဖက်တော့ သူမက ဆတ်ခနဲရုန်းပစ်၏။

"ဟင်း ... ဟင်း ... ရုန်းမနေပါနဲ့တော့မိုရယ်၊ အခုမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ မထူးတော့ပါဘူး၊ မသာယာတဲ့ အိမ်ထောင်ကြီးကို ခေါင်းထဲက ထုတ်ပစ်လိုက်၊ မှီဟာ ကလေးတစ်ယောက်အမေဆိုပေမယ့် ကိုယ့်အတွက်တော့ အပျိုစင်ပါပဲ၊ အချစ်ကို မခံစားဖူးသေးတဲ့ မှီ့နှလုံးသားက ကိုယ့်အတွက် တကယ့်အသစ်''

''တော်ပါတော့ရှင်''

မှီက နွမ်းဖျော့ဆုတ်ယုတ်သော လေသံကလေးနှင့် တားမိပြီ။ အခုမှတော့ တကယ်မထူးတော့ပြီ။ မှီ အိမ်လည်း မပြန်ရဲတော့။ မှီ့ခင်ပွန်း သူတော်ကောင်းကြီးရဲ့မျက်နှာကို မကြည့်ဝံ့တော့။

သူဟာ မှီတောင်းပန်လျှင် မှီ့သဘောကျ အားလုံးစွမ်းဆောင်ပေးမည်ဆိုတာ သိလျက်နဲ့ ... အို ... မှီ့ဘဝက အမည်းစက်စွန်းသွားပြီ။ စွန်းလက်စနဲ့ စွန်းပါစေတော့။ သူ့ကို မကူးစက်ရန်သာ အရေးကြီးတာပါ။

ပြီးတော့ အဖေနဲ့အမေ။ မှီ့လုပ်ရပ်ကြောင့် ဘယ်လောက်အရှက်ရမလဲ၊ နာကြည်းကြမလဲ။ အမိုက်မ ... မှီသည် မိုက်မဲလွန်းသည့် တကယ့်အမိုက်မ။ သား ... သားလေးကရော ...။

မှီသည် သူ့အား ရွံ့ချင်စိတ်နှင့်သာ သားကို ဥပက္ခာ





ပြုထားရတာ။ သူမရှိတော့ဘူးဆိုတာနဲ့ အခန်းထဲ တံခါးပိတ်ပြီး သားကို အခါခါနမ်းရတာ၊ ပွေ့ပိုက်ထားရတာ။ သားအပြုံးတွေ၊ ရယ်သံတွေကြား မှီ ရူးလောက်တဲ့ထိ ကြည်နူးခဲ့ရတာ။

အို ... သားကိုတော့ မှီ မစွန့်လွှတ်နိုင်။

''မှီ''

ဘကြူးခေါ်သံက မှီ့ကို အတွေးထဲမှ ရုန်းထွက်စေသည်။

''မှီတို့ဘက်က အမှုတွေ,ဘာတွေ မလုပ်တာတော့ သေချာတယ်၊ သူတို့ တစ်ရက်ပဲ အကွဲခံမှာလေ၊ ဒီတော့ မှီ ရသင့်ရထိုက်တာတောင်းပြီး တခြားတစ်နေရာမှာ ဖောက်မြှုပ်ကြရအောင်၊ ကိုယ်တို့လုပ်ကိုင်စားသောက်ဖို့ အရင်းအနှီးအနေနဲ့ပေါ့ ... ဘယ်လိုလဲ မှီ''

မှီသည် အခုမှပင် ဘီလူးခေါင်းအစစ်အမှန်ကို တွေ့ရတော့သည်။ သူမသည် အေးစက်စိမ်းကားသောအကြည့်ဖြင့် ဘကြူးအား စိုက်ခနဲကြည့်သည်။ ဘကြူးသည် မှီ့အကြည့်အောက်၌ ခပ်ရွံ့ရွံ့ဖြစ်သွားပြီး ...

''ကိုယ်က မှီ ဒုက္ခရောက်မှာစိုးလို့ပါ၊ ကိုယ်တို့ ကျောက်ပွဲစားအလုပ်က ပွဲဖြစ်ရင်တော့ မြတ်မြတ်လေး စားရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲ ... ပွဲမဖြစ်ရင်တော့ ...''

''တော်ပြီ ... ကိုဘကြူး ... ကျွန်မ သဘောပေါက်ပြီ၊ ရှင်လိုချင်တာကို ကျွန်မ ရအောင်ဖန်တီးပေးမယ်၊ ဒါပေမဲ့ ... အပေးအယူတစ်ခုတော့ ရှိတယ်''

''ဘာအပေးအယူလဲ မီ''

''ကျွန်မ,သားလေးကို ရှင်ရအောင် ယူပေးရမယ်''

ဘကြူးက တွေခနဲဖြစ်သွားသည်။ မီသည် မျက်နှာကို ပင့်ချီထားပြီးမှ အလွန်တရာ အေးစက်သောလေသံဖြင့် ...

''ကျွန်မဘဝက တစ်ပိုင်းတော့ သေသွားပြီ၊ ကျန်တဲ့ တစ်ပိုင်းကို သားအတွက် ဆက်ရှင်မယ်၊ တစ်ခုတော့ ကြိုပြောထားမယ်နော်၊ အခုချိန်ကစပြီး တော်ဝင်မီရဲ့ဘဝမှာ မလုပ်ရဲတာ ဘာမှမရှိတော့ဘူး၊ အဲဒီအတွက် ကိုယ့်အပေါ်, သားအပေါ် မတရားလုပ်လာရင်လည်း လက်တုံ့ပြန်ဖို့ ဝန်မလေးဘူး''

မီ့စကားက ဘကြူးကျောထဲ စိမ့်သွားရသည်အထိ အေးစက်စက်နိုင်လွန်းလှတာ တကယ်ပါ။ ဒီလိုနဲ့ပဲ နှစ်ယောက်အပေးအယူတည့်ကာ အစီအစဉ်တွေ ဆွဲကြသည်။

မီက ရပိုင်ခွင့်ကို အရင်တောင်းသည်။ ထိုစာနှင့်အတူ





ကွာရှင်းစာချုပ်ပါ တစ်ခါတည်း ထည့်ပေးလိုက်သည်။ လူကြုံ ပြောစကားအရ အဖေနှင့်အမေပင် မတွေ့ခဲ့ရ။

သူကပင် ချက်ချင်း လက်မှတ်ထိုးပေးပြီး ဘဏ်၌ရှိသော ငွေသားတွေနှင့် သူမကို အတွင်းပစ္စည်းတွေ အကုန်ပေးခဲ့သည်။ လုပ်ငန်းနှင့်သားကို သူယူမယ်တဲ့။ ထိုစကားကြားတော့ မီပြုံးရသေးသည်။ မျက်ရည်တွေနှင့် ပြုံးခြင်းပါ။ မီ့အပေါ် တောက်လျှောက်ကောင်းခဲ့သော သူ့အား ထပ်မံရင်ကွဲစေမည့် အပြုအမူမျိုး မီ မလုပ်ချင်။

ဒါပေမဲ့ ကိုယ်တိုင်ရင်ကွဲမှာထက်စာတော့ ... မီက သားနှင့် အနီးကပ်နေခဲ့ရသူမို့ သားအိပ်ချိန်၊ စားချိန်အားလုံး သိသည်။ မီသိသမျှ အိတ်သွန်ဖာမှောက် ဘကြူးအား ပြောပြရုံသာ။

ဘကြူးက အောင်မြင်အောင် လုပ်နိုင်ခဲ့ပါသည်။ ဘူတာရုံထဲမှ ထွက်စပြုနေသော ရထားပေါ် သားကိုချီ၍ တက်လာသည်။ ဘကြူးကို တွေ့ရချိန်၌ မီ အပျော်တွေ ထိန်းမရ၊

''ကျေးဇူးတင်ပါတယ် ကိုဘကြူး''

မီရဲ့ ပထမဆုံး ကျေးဇူးတင်စကား။ ပြီးတော့ သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါးကို ဘယ်ညာပြန်၍ နမ်းပစ်လိုက်သည်။

သားက မို့ဘဝရဲ့ အား။

❋





---

သားက မို့ရဲ့အားပါ။ မို့ရဲ့ဘဝပါ။ အဲကြောင့် သားကို မခွဲနိုင်လို့ ကိုသက္ကလက်ထဲက မို့ခေါ်ခဲ့တာပါ။ ခွင့်လွှတ်ပါ ကိုသက္ကရေ။ ရှင့်အပေါ် ဘဝတစ်လျှောက်လုံး စော်ကား မိုက်မှားခဲ့တဲ့ ဒီအမိုက်မကိုလေ ပြန်တွေးရင် ယူကျုံးမရ ဖြစ်ရပါတယ်။ မို့အပြစ်တွေက တကယ်ဆို ရှင့်ခွင့်လွှတ်မှုနဲ့ မထိုက်တန်ပါဘူး။ ရှင့်ဆီက ခွင့်လွှတ်မှုကိုလည်း မမျှော်လင့် ချင်ပါဘူး။

ဒါပေမဲ့ အမိုက်မဘဝက နေဝင်ချိန်ရောက်တော့မယ်။ နိဂုံးချုပ်ရတော့မယ်။ မို့မရှိတော့တဲ့နောက်တော့ သားကို ဆင်းရဲတွင်းထဲမှာ မထားချင်တော့ဘူး။ သားကို စောင့် ရှောက်ဖို့တော့ မို့ အပ်ခဲ့ပါရစေ။ မို့ရင်ကဖြစ်တဲ့သားပေမယ့် သားဟာ သူ့အဖေနဲ့ တစ်စိတ်တစ်ဝမ်းတည်းပဲ ကိုသက္က ရေ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားပြီး အမှန်တရားမြတ်နိုးတာရောေ၊ လူတစ်ဖက်သားအပေါ် ငဲ့ညှာစိတ်ရှိတာရောပေါ့။ သားနာမည်က ချိုပြာတဲ့။ မီ့ဘဝမှာ သားကို ရခဲ့တဲ့နေ့ရက်တွေက ချိုမြိန်ခဲ့ရသလို ရှင့်ရဲ့ အေးချမ်းတဲ့အရိပ်အောက်က ထွက်ခွာခဲ့ရတဲ့ ရှုတတနေ့ရက်တွေကို အစွဲပြုပြီး ပေးထားခဲ့တာလေ။

သားကို လာခေါ်ပြီး ရှင့်အရိပ်အောက်မှာ ထားပေးပါလို့ အမိုက်မ တော်ဝင်မီက နောက်ဆုံးအနေနဲ့ တောင်းဆိုပါရစေ။

တော်ဝင်မီ

ဟူသော စာသည် သူ ဒီခရီးကိုထွက်ဖြစ်အောင် ခေါ်သော မြေပုံလည်းဖြစ်၏။ အဲဒီတုန်းက သူ့ဘဝ တော်တော်ကစဉ့်ကလျားနိုင်ခဲ့တာပါ။ သားလည်းပျောက်၊ ဒေါ်ဒေါ်ကလည်း သမီးသတင်းကြားတဲ့နေရာမှာပဲ ရုတ်တရက် နှလုံးလေရိုက်ပြီး ဆုံးပါးသွားခဲ့တာ။

သူ့မှာ ရက်လည်ကိစ္စတွေကြားထဲမှပင် ဦးလွန်းကြွယ်က လေဖြတ်သွားပြန်သည်။ လူမမာကြီးကို ပြုစုရင်း စီးပွားရေးကို





ဒီထက်မက ဦးမော့လာနိုင်အောင် သူ ကြိုးစားခဲ့ရ၏။ လုပ်ငန်းတွေထဲ နစ်မြုပ်ရင်း တစ်စထက်တစ်စ အောင်မြင်လာချိန်၌ ဦးလွန်းကြွယ်က ထပ်မံဆုံးပါးသွားပြန်သည်။ အခုတော့ ...

အတွေးကို လက်စသတ်လိုက်သည်။ မီ ညွှန်ထားသော လိပ်စာအတိုင်းဆို ရွှေလမ်းတစ်ဆစ်ချိုးဆို ရောက်ပြီ။ သူ ကားကို အရှိန်လျှော့၏။ တွေ့ပါပြီ။ လူတွေရှုံးစုနေသော အိမ်ပိုင်းလေး။

ရေနံချေးမှိုင်းဝနေသော သစ်သားအိမ်လေး။ ခြံထဲ၌ ကနားဖျင်းကြီးထိုးလို့ ...။ သူ့ကားပေါ်က ဆင်းသောအချိန်၌ ခြံဝင်းထဲမှ လူရွယ်တစ်ယောက်ပြေးထွက်လာ၏။ အသားညိုညို၊ အရပ်ကတော့ ခပ်ပုပုပင်။ သားများလား။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ ခင်ဗျာ"

"ဒီအိမ်က ဒေါ်တော်ဝင်မီတို့အိမ်ဆိုတာလား"

လူရွယ်မျက်လုံးအစုံက မှုန်မှိုင်းသွားပြီးမှ ...

"ဟုတ်ပါတယ် ... ဒေါ်လေးညှို့သည်နဲ့တူတယ်၊ အိမ်ထဲကြွပါခင်ဗျာ"

လို့ သူ့ကိုခေါ်။ ခြံထဲ စားပွဲဝိုင်းကြီး၌ နေရာပေးကာ..

'ရေနွေးကြမ်းသောက်ပါဦး၊ ကျွန်တော် ခေါ်ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



သစ်သားစားပွဲပေါ်၌ ရေနွေးပန်းတွေ၊ ဆေးလိပ်တွေ၊ အစုံအလင်ချထားပေးကာ သစ်သားခုံတန်းရှည်ကြီးကလည်း ထိုင်ရန် အသင့်ချပေးထား၏။ ဒါ ... ဘာလုပ်နေတာပါလိမ့်။

သူက စိတ်ထဲထင့်သွားရသည်။ မေးဟန်ပြုမည်ပြင်တော့ အစောက ကောင်လေးအနား၌မရှိတော့။ အိမ်လေးပေါ် လှမ်းတက်သွားပြီ။ သူ့နားထဲကြားရတာက ...

"ချိုရှရေ ... ဒေါ်လေးမှီညွှသည် ရောက်နေတယ်"

တဲ့လေ။ သား ... သားပေါ့။ သူ့ရင်က လှုငယ်လေးတစ်ယောက်လို ဆတ်ဆတ်ခုန်လာသည်။ နှစ်ပေါင်းနှစ်ဆယ် ကျော်ပေးခဲ့ရသောသား။ သူ့ကို ဘယ်လိုဆက်ဆံမှာတဲ့လဲ။

အတွေးတွေက ရင်ထဲ ပလုံစီစွာ။ တုန်လှုပ်ခြင်းတွေက လက်ဖျားခြေဖျားတွေကို အလိုလိုနေရင်း အေးစက်စေသည်။ အာခေါင်တွေ သွေ့ခြောက်စေ၏။ ထိုအခိုက်မှာပင် သူ့နောက်ကျောမှ ခြေသံဖွဖွစ,ကြားရတာဖြစ်သည်။

သူ ... လှည့်မကြည့်ရဲ။ သို့ပေမယ့် ထူးဆန်းစေသော၊ အံ့သြစေသော၊ နှလုံးသွေးတို့ရပ်တန့်စေသောခေါ်သံ။

"အမေ!"





သူ့တစ်ကိုယ်လုံး တောင့်မတ်သွားရသည်။ အစောက မြန်ဆန်နေသောသွေးတို့က ရုတ်ခြည်း တိခနဲရပ်သွားကာ နောက်သို့ ဖြည်းဖြည်းချင်း ငဲ့စောင်းကြည့်သောအခါ ...

ဒါ ... သူ့သား။ သေချာသည်။ ထူထဲစိမ်းညို့နေသော မျက်ခုံး၊ ကြည်စင်တောက်ပသောမျက်ဝန်းနှင့် အသားက သူ့အမေလို အကြည်စားလေး။ အရပ်မြင့်တာတော့ သူနဲ့တူသည် ထင်ရဲ့ ... ခြောက်ပေနီးပါး ရှိမည်။ ဆံပင်တွေက လှိုင်းတွန့်တွေနှင့် ခပ်ကွေးကောက်ကောက် ကုပ်ထောက်နေ၏။

နားရွက်အဖျား၌ ရွှေရောင်နားကွင်းလေးနှင့်။

"သား ... ချိုရှ"

သူ့အသံက အဖျားခတ်တုန်ခါနေသည်။ သားသည် သူ့အား ရီဝေစိုစွတ်သောမျက်လုံးတွေနှင့် ငေးရင်း တစ်လှမ်းချင်း ဖြည်းညင်းစွာ သူ့အနား လျှောက်လာ၏။ သူ့ဘေးနားဝင်ထိုင်သောအခါ သူသည် သားပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်ရင်း ...

"သား ... ငါ့သား .. ဟား .. ဟား .. သားက အမေ့ကို သိနေတယ်၊ ဘာလဲ ... မင်းအမေ ပြောပြထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အမေက အဖေ့အကြောင်းတွေ အကုန်ပြောပြထားတယ်၊ ပြီးတော့ အဖေ့ဓာတ်ပုံလည်း မြင်ဖူးထားတယ်"

သူက အားရဝမ်းသာစွာ ထရယ်ပစ်လိုက်သည်။ သား မျက်လုံးထဲ မျက်ရည်ကြည်တွေ တွေ့ရသလို သူလည်း မျက်ရည်တွေ ဝေ့သီနေမှာကို သူသိပါသည်။ သို့ပေမယ့် ဒီမျက်ရည်က ကျကောင်းပါတယ်လေ။ ဝမ်းသာသော၊ ကြည်နူးသောမျက်ရည်တွေပဲ။

"မင်းအမေက ဘယ်ဆိုးလို့လဲကွ၊ အဖေ့ပုံပါ ပြထားတာကိုး၊ ဒါနဲ့ မင်းအမေရော ... မီးရော ... သား ... ခေါ်လေ"

သားက မဲ့မဲ့လေးပြုံးသည်။ မျက်ရည်တစ်စက်ပါ ပေါက်ခနဲ ကြွေကျသွားပြီ။

"အမေဆုံးသွားပြီ ... အဖေ"

"ဟေ"

သူ့အာမေဋိတ်က အံ့သြတကြီး ...

"ဘယ်လို ... သား၊ ဘယ်လိုဖြစ်တာလဲ သားရယ်၊ အဖေ စာရရချင်း အမီလာခဲ့တာ"





"အဖေ့ဆီစာရေးပြီး နောက်တစ်ရက်ဆုံးတာ အဖေ"

"မီးရယ်"

သူ ... မချိတင်ကဲ ရေရွတ်မိသည်။ အရင်က ဘာတွေပဲဖြစ်ဖြစ် သူ ခွင့်လွှတ်ရန် အသင့်ပြင်ခဲ့ပြီးကာမှ ...

"ဖြစ်ရလေ မီးရယ် ... ဘာရောဂါနဲ့ဆုံးတာလဲ သား"

"အဆုတ်ကင်ဆာ အဖေ၊ ကျွန်တော်တို့သိတဲ့အချိန်မှာ တော်တော်နောက်ကျနေပြီ၊ ကင်ဆာပိုးတွေက နေရာအနှံ့ပျံ့နေပြီ၊ အမေက အဖေ့ဆီ စာမရေးရသေးလို့ အားတင်းတားတယ်နဲ့ တူပါတယ်၊ အဖေ့လိပ်စာကို တစ်ယောက်တည်း ကျိတ်စုံစမ်းနေခဲ့တာ၊ အဖေ့လိပ်စာရရချင်း စာရေးတော့တာပဲ"

"သားရယ်"

အဖေက သူ့အား ရင်ခွင်ထဲဆွဲသွင်းတော့ သူက မျက်ရည်ကျမိသည်။ အဖေ့ကို သူ ရင်းနှီးခဲ့တာ လူမှန်းသိတတ်စကတည်းက။ အမေပြောသော ညအိပ်ရာဝင်ပုံပြင်တွေထဲမှာ အဖေက သူ့ရဲ့သူရဲကောင်း။ သူ့ဘဝရဲ့ လေးစားအတုယူစရာ သူတော်ကောင်းကြီးလေ။

"အမေမရှိတော့တဲ့အခါကျရင် သား အဖေ့ဆီမှာ သွား



www.burmeseclassic.com

www.burmeseclassic.com



နေရမယ်နော်''

လို့ အမေပြောခဲ့စဉ်က သူ တော်တော်ပျော်ခဲ့ရတာ။ ဒါပေမဲ့ အပျော်က မရှည်မရဲရယ်။ အမေပြောပြ၍ အဖေဟာ စီးပွားရေးလောက၌ ဘုရင်တစ်ဆူဖြစ်နေပြီဆိုတာ သူသိပြီးသား။

ဒါဆို အဖေ့၌ နောက်ထပ်သော အနှောင်အဖွဲ့တွေများ ...။ အတွေးက မေးခွန်းတွေအဖြစ် ပြောင်းသွား၏။

''အဖေက ခေါ်ထားချင်ပါ့မလား ... အမေ''

လို့မေးတော့ အမေက ယဲ့ယဲ့လေးပြုံးသည်။ ပြီးတော့ သူ့အား နှစ်သိမ့်သလိုမျိုးနှင့် သူ့ဆံပင်တွေကို ဖွဖွသပ်တင်ပေးပြီးမှ ...

''သားအဖေက အမေနဲ့သားကို မေ့တဲ့လူစားမျိုး မဟုတ်ဘူး''

တဲ့လေ။ အခုတော့ သူယုံရပြီ။ အဖေက သူ့ရှေ့မှောက်ရောက်လာခဲ့ပြီ။ သူ့ရှေ့မှ ရပ်တည်ကာ ကိစ္စတိုင်းကို ဖြေရှင်းသွားတာများ ပေါ့ပါးစွာ။ အဲ့နောက်တော့ အဖေနဲ့သူက ဖြတ်သန်းခဲ့သော ဘဝအတွေ့အကြုံချင်း ဖလှယ်ခဲ့ကြသည်။

''ဦးလေးဆုံးတော့ ကျွန်တော် လေးနှစ်သားပဲရှိသေး





တယ် အဖေ၊ ကျွန်တော် သိရသလောက်တော့ သူက ကျွန်တော်တို့သားအမိအပေါ် မရက်စက်ခဲ့ဘူး၊ ထူးခြားပြီးလည်း မယုယခဲ့ဘူး အဖေ၊ အမေက ပြောတယ် ... ကျွန်တော့်မှာ အဖေရှိတယ်တဲ့၊ ဦးဘကြူးနဲ့ကျွန်တော်က ဘာမှမတော်ဘူးတဲ့၊ အဲဒီအတွက် ဦးလေးလို့ပဲခေါ်ရမယ်လို့ အမေပဲ သင်ပေးခဲ့တာ''

သူက အမေ့အကြောင်း လွမ်းဆွတ်စွာပြောတော့ အဖေက ခေါင်းတညိတ်ညိတ်နားထောင်နေသည်။ ပြီးမှ ...

''တကယ်တော့ မိုက ရေလိုက်လွဲသွားခဲ့တာ၊ အမှားတွေ ဆက်တိုက်ဖြစ်သွားတာ၊ သူပြင်ဖို့သိတဲ့အချိန်မှာ အကုန်နောက်ကျသွားပြီလေ၊ ဘာမှပြင်လို့မရတော့ဘူး''

''အမေက အဖေ့အကြောင်းကို အမြဲစုံစမ်းနေခဲ့တာ အဖေ၊ အဖေ ရန်ကုန်ပြောင်းမသွားခင်အထိ အဖေ့အကြောင်းတွေ ကြားရသေးတယ်၊ အဖေ့ဘဝထဲကနေ ကျွန်တော့်ကိုပါ ဆွဲထုတ်လိုက်တော့ အဖေ အရမ်းခံစားခဲ့ရမှာပဲနော်''

အဖေက နီရဲလာသော မျက်ဝန်းတွေအား တခြားနေရာသို့ အကြည့်လွှဲရင်း ခေါင်းညိတ်သည်။

''အထီးကျန်ဆန်တာ ဒါပဲလို့ သိလိုက်ရတာ၊ ဒါနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အဖေ ရန်ကုန်ရောက်တော့ အဲဒီအထီးကျန်ဆန်တာကို အဖေ တော်လှန်ပစ်ခဲ့တယ်''

''နောက်အိမ်ထောင်ပြုတာလား အဖေ''

''မင်းကလည်း . . . အမောတကော၊ ဒါပဲရှိတာပေါ့ကွ''

ဘေးနားက [illegible] က ဝင်ပြောသည်။ တေဇဟာ ငယ်ကတည်းက သူ့ရဲ့ရဲဘော်ရဲဘက်မို့ စကားဝိုင်းထဲ ဆွဲသွင်းထားခြင်းပါ။ အဖေကတော့ ပြုံးပြီးခေါင်းခါသည်။ ပြီးမှ . . .

''မဟုတ်ဘူး သား၊ အဖေက သားအစား နောက်ထပ် ကလေးတစ်ယောက် မွေးစားခဲ့တာပဲ''

''ဒါဆိုရင်တော့ ဟန်ကျတာပဲ၊ ကျွန်တော့်မှာ ညီလေး တစ်ယောက် ရှိတာပေါ့''

''ညီလေးမဟုတ်ဘူး သားရဲ့''

''ဗျာ''

သူနဲ့တေဇက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မေးဆတ်မိသည်။ အဖေက ဆက်ပြော၏။

''ညီမလေး''

သူ့ရင်ထဲ စိမ့်ခနဲဖြစ်သွားရသည်။





''ဒီမှာ မိုးကိစ္စတွေ ပြီးတာနဲ့ အဖေ သားကို ခေါ်သွားမယ်၊ မခေါ်သွားခင်မှာ သားရဲ့ညီမလေးအကြောင်း အဖေပြောပြထားချင်တယ်''

''ပြောပါ အဖေ''

''သမီးက သူ့ဘဝတစ်လျှောက်လုံး အလိုလိုက်ခံခဲ့ရတယ်၊ သူက အဖေ့ရဲ့သမီးအရင်းအနေနဲ့ပဲ နေခဲ့တာ၊ သား ရောက်လာမှ သူ့ဘဝအစစ်အမှန်ကို သိသွားမယ်ဆိုရင် သူတော်တော် စိတ်မကောင်းဖြစ်မယ်၊ ရှက်မယ်၊ သမီးရဲ့စိတ်က ဆတ်တယ်၊ ပြီးတော့ ထက်တယ်၊ အဲဒီ့မှာ သူ့ဘဝတစ်ခုခုဖြစ်သွားမှာကို အဖေ မလိုလားဘူး သားရယ်''

''ဒါဆိုလည်း ကျွန်တော် ဒီမှာပဲ နေခဲ့လို့ဖြစ်ပါတယ် အဖေ၊ တေဇလည်း ရှိနေတာပဲ၊ အမေ ခေါင်းချတဲ့အရပ်က ကျွန်တော့်အတွက် ပိုပြီးတောင် သာယာပါသေးတယ်၊ အဖေ့ကိုတော့ ကျွန်တော် သတိရတဲ့အခါတိုင်း လာတွေ့မှာပေါ့''

သူ့စကားတွေထဲမှာ ငြူစူခြင်းတွေ မပါ။ အမေပြုခဲ့သော စိတ်ဒဏ်ရာတွေ ပျောက်စပြုနေပြီဖြစ်သော အဖေ့အား သူ့ကြောင့် ထပ်ပြီး မပင်ပန်းစေချင်တော့ပါ။ အဖေဟာ ရက်စက်ခံရ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ဥပက္ခာပြုခံရခြင်းနှင့် အထီးကျန်ဆန်ခြင်းတို့ကို အရွယ်နှင့် မလိုက်အောင် ခံစားခဲ့ရပြီးပြီပဲ။ အဖေ အေးချမ်းပါစေလေ။ ဒါ ... သူပေးနိုင်သော အဖေ့အတွက် စေတနာအစစ်ပင်ဖြစ်၏။

"မဟုတ်သေးဘူး သား၊ အဲ့ဒီလိုကျတော့လည်း သား အပေါ် မတရားရာကျမယ်၊ အဖေပြောချင်တာ သားက အဖေ့ ရင်ကဖြစ်တဲ့သွေးအစစ်၊ နောက်ပြီးတော့ ယောကျ်ားလေး၊ ယောကျ်ားဆိုတာ လောကခံရဲ့အလှည့်အပြောင်းတွေကို ပိုခံနိုင် ရည်ရှိရတယ်၊ ဒီတော့ ..."

"ပြောပါ အဖေ ... ကျွန်တော် အဖေ့စကားကို နား ထောင်ပါ့မယ်"

"သမီးကို ရုတ်တရက် ဘာမှမသိမပေးသေးဘဲ သား ဟာ အဖေ့ကျေးဇူးရှင်ရဲ့သား၊ စောင့်ရှောက်ရမယ့်ဝတ္တရားရှိလို့ ခေါ်လာတဲ့ပုံစံမျိုးနဲ့ပဲ သား ညီမလေးကို တစ်သက်လုံး အသိပေး ထားရင်ရော အဖေ့ဆုံးဖြတ်ချက်ကို သားကျေနပ်နိုင်ပါ့မလား"

"ကျေနပ်ပါတယ် အဖေ၊ ကျွန်တော်က အဖေနဲ့အတူ နေခွင့်ပေးတဲ့ ကံတရားကိုတောင် အလိုလိုနေရင်း ကျေးဇူးတွေ တင်နေခဲ့တာပါ"





အဖေနဲ့သူက ကြာရှည်စွာ ညှိနှိုင်းစရာမလို၊ မေတ္တာ အခြေခံသောကြောင့် နားလည်မှုကို အလွယ်တကူရခဲ့လေသည်။

"ကောင်းပြီ ... ဒါဆို သား ရန်ကုန်လိုက်ဖို့ပြင်ထား တော့"

"ခဏလေး အဖေ"

"ဘာပြောစရာ ကျန်သေးလို့လဲသား"

"ကျွန်တော်လိုက်ရင် တေဇပါ ခေါ်ရမှာနော် အဖေ၊ သူ့ကိုလည်း အမေက မွေးစားခဲ့တာ၊ ကျွန်တော့်ရဲ့သွေးသောက် ညီအစ်ကို"

လို့ သူက,ပြောတော့ အဖေက ရယ်လေသည်။

"ခေါ်ပေါ့ သားရယ်၊ အဖေလည်း သားနှစ်ယောက် တစ်ပြိုင်တည်း ရတာပေါ့"

"ဒါနဲ့ ... ကျွန်တော့်ညီမလေးနာမည်က ဘယ်သူတဲ့လဲ အဖေ"

သူက စိတ်ဝင်တစားမေးသည်။ အဖေကလည်း ပြုံးတုံ့ တုံ့လုပ်ကာ ...

"အင်း ... သားညီမလေးနာမည်က မှူးသာကီနွယ်



www.burmeseclassic.com

www.burmeseclassic.com



...တဲ့"

"မှူး ..သာ ..ကီ ..နွယ်"

သူ ဖွဖွလေးရွတ်ကြည့်သည်။ နာမည်ကတော့ လန်းဆန်းနေသည်ပေါ့ ...ခေတ်စကားအရဆိုရင်လေ။

လူကရော ဘယ်လိုပုံရှိပါမည်နည်း။ သူသိချင်လှပါ၏။

❁ ❁ ❁

## အပိုင်း (၅)

"ဩ ရာကြီး ပြန်လာပြီဟေ့"

ခြံစောင့်ကြီးဦးလေးကျော်ရဲ့အော်သံကြောင့် ကီကီ ထိတ်ခနဲဖြစ်သွားရသည်။ လူကလည်း အိပ်ရာပေါ်လှဲနေရာမှ တစ်ပြိုင်တည်း ထထိုင်ပြီးသား။ ပါပါ ပြန်လာပြီတဲ့။ လူက လွှင့်ခနဲ ပြတင်းပေါက်ရောက်သွားပြီး ခန်းဆီးစကို ဖယ်ကြည့်တော့ ပါပါ့ မာစီးဒီးကျောက်စိမ်းရောင်ကို ပေါ်တီကိုအောက်၌ တွေ့ရသည်။

ကီကီ ဟန်ဆောင်မရတော့။ လူက လွှင့်ခနဲ အိမ်အောက်ထပ်သို့ ဆင်းပြေးသည်။ လောက၌ အဖေနှင့်သမီး နှစ်ယောက်တည်းရှိတာ။ ဘယ်ကြာကြာ စိတ်ကောက်နိုင်ပါ့မလဲ။

ဆက်ဖိုင်ရဲမာဖေ

www.burmeseclassic.com

www.burmeseclassic.com



သူမ့အိမ်အောက်ထပ်ရောက်တာနဲ့ ပါပါက ရင်ဖွင့်၍ လက်နှစ်ဖက်ဆန့်တန်းကာ ဆီးကြိုသည်။

"ကီကီ ... သမီးလေး"

"ပါပါ"

သူမက ပါပါ့ရင်ခွင်ထဲပြေးဝင်တော့ ပါပါက ဖွဖွဖက်ထားရင်း ...

"ပါပါ့ကို စိတ်ကောက်ပြေပြီလား သမီး"

"ပါပါ့ကို ကီ ဘယ်တုန်းကများ အကြာကြီးစိတ်ကောက်ဖူးလို့လဲ၊ ပါပါကလည်း ဒါကိုပဲ အခွင့်ကောင်းယူနေတာလေ"

"မဟုတ်ပါဘူး သမီးရဲ့၊ ဒီတစ်ခါ ပါပါ တကယ်အရေးကြီးနေလို့ပါ"

"ကို့ထက် အရေးကြီးတယ်ဆိုတော့လည်း .. အင်း .. ထားပါတော့လေ"

ကီက ပြောပြောဆိုဆို ပါပါ့လက်မောင်းကြားထဲကနေ နောက်မှပါလာသောသူတွေကို ချောင်းကြည့်မိသည်။ သူမ့မျက်လုံးတွေ အလိုလိုကျုံ့သွားရ၏။

တွေ့ရသောလူက တစ်စက်မှ ထောင့်မကျိုး။





သူမနှင့်မျက်လုံးဆုံလျှင်ဆုံချင်း ရယ်ပြသည်။ တကယ့်တရင်းတနှီး။ လူကို မခန့်လေးစားနှင့်။

ကီကီက မျက်နှာကြောကို ချက်ချင်းတင်းပစ်လိုက်သည်။ ပါပါ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး အနောက်က လူစိမ်းနှစ်ယောက်ကို စူးခနဲကြည့်ပစ်၏။

အသားက ညိုညို၊ အရပ်က ပုပုနှင့်လူက သူမကို အဟီးခနဲနေအောင် ရယ်ပြသည်။ ဟိုတစ်ယောက်တော့ ပြုံးပြနေတာ ပါးစပ်မစေ့သေး။ ပါပါက ဒါကို ရိပ်မိသည်နှင့်တူရဲ့။

"ဧည့်သည်တွေ ပါလာတယ်သမီးရဲ့၊ လာ ... ဧည့်ခန်းကျမှ မိတ်ဆက်ပေးမယ်၊ ဦးကျော် ... ဒီကလေးတွေရဲ့ အထုပ်တွေ ဧည့်ခန်းထဲပို့ပေးပါ"

လို့ ပါပါက ပြောတော့ ဦးလေးကျော်က အထုပ်ဆွဲရန် ဟန်ပြင်သည်။

"မလိုဘူး ဦးလေးကျော် ... မဆွဲနဲ့"

"ဘာဖြစ်လို့လဲ သမီးရယ်"

"ပါပါ ... သူတို့က ယောကျာ်းကြီးတွေ၊ အားကောင်းမောင်းသန်ကြီး။ ဒီအထုပ်ကို သယ်ပေးရအောင် မသန်မစွမ်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ မဟုတ်ဘူး၊ ကိုယ့်အထုပ်ကိုယ်သယ်ပစေပေါ့''

''သမီးရယ် ... သူတို့က ညှော်သည်တွေပဲကိုး''

''ညှော်သည်ဆိုတာ ခဏတစ်ဖြုတ် အလည်လာတဲ့သူကို ခေါ်တာလေ၊ အခု သူတို့က ခဏလား, တစ်သက်လုံးလား''

''ဒါကတော့ သမီးရယ်''

ပါပါ အဖြေရကျပ်သွားသည်။ ထိုအခါ ထောင့်မကျိုးသော အဲဒီတစ်ယောက်က ...

''ရတယ် အဖေ ... သယ်ခဲ့ပါ့မယ်၊ ညီမလေးသဘောတိုင်းပေါ့''

''အောင်မယ် ... ဘာညီမလေးလဲ၊ ပါပါ့ကို ရှင်ကြိုက်သလိုခေါ် ... ရတယ်၊ ကို့ကို ညီမလေးမခေါ်နဲ့၊ ရှင်နဲ့ကီက ဘာမှတော်တာ မဟုတ်ဘူး၊ အစ်ကိုတွေ ဘာတွေလည်း မလိုချင်ဘူး ... ရှုပ်ရှုပ်ယှက်ယှက်''

ပြောပြီး နှစ်ဖက်ခွဲကျစ်ထားသော ကျစ်ဆံမြီးကို ဆတ်ခနဲ ခါပစ်ကာ မျက်နှာကိုပဲ မော့ထားသေးသည်။

စစချင်း ဆောက်နဲ့တော့ အထွင်းခံရလေပြီ။ ချိုရှက မထိတရိပြုံးကာ ခေါင်းငုံ့လိုက်မိသည်။ အဖေပြောတာထက်





တောင် ပိုဆိုးနေပါလား။

''ကဲပါ ... ညှော်ခန်းထဲဝင်ရအောင်၊ ပါပါတို့ ခရီးပန်းလာတယ် သမီးရဲ့''

ဦးသက္ကက သမီးကို ပခုံးလေးမှဖက်ရင်း အိမ်ထဲသွင်းပါတော့သည်။ ဒီလိုမှ ဝင်မထိန်းလျှင် မဖြစ်တော့။ သမီးက ဂျစ်တိုက်နေပြီလေ။ သားနဲ့တေဇကတော့ အနောက်မှ အထုပ်ကိုယ်စီဆွဲကာ မျက်နှာငယ်လေးတွေဖြင့် ဝင်လာတော့ သူစိတ်တော့ မကောင်းလှပေ။ သမီးကို နားလည်အောင် ပြောရဦးမည်ဟု စိတ်ထဲ တေးထားမိပါသည်။ အိမ်ထဲရောက်တာနှင့် သူကပင် ... ''ထိုင် ... သားနဲ့တေဇ၊ သမီးကို မိတ်ဆက်ပေးရဦးမယ် ... ဒါက ချိုရှတဲ့ .. ပါပါ့ကျေးဇူးရှင်ရဲ့သား၊ သမီး ဒီလိုချမ်းချမ်းသာသာနေရတာ ချိုရှမိဘတွေရဲ့ကျေးဇူး မကင်းဘူးသမီး၊ ဒါကြောင့် ဖေဖေမွေးစားမလို့ ခေါ်လာတယ်၊ သမီးကလည်း သူ့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံရမယ်၊ ဒါက တေဇတဲ့ ... ချိုရှရဲ့သူငယ်ချင်း''

''သူကရော ဒီမှာနေမှာပေါ့''

''အေးပေါ့ ... သူတို့က ငယ်ငယ်ကတည်းက အတူတူ



www.burmeseclassic.com

www.burmeseclassic.com



နေလာကြတာ''

''ဟွန်း ... ပြောတော့ တစ်ယောက်၊ အဲဒီတစ်ယောက် နောက်က အဆွယ်အပါးတွေ ပါလာပြန်ပြီ''

''သမီးရယ် ... ဒီမှာ ပါပါ မိတ်ဆက်ပေးနေတာ မဆုံးသေးဘူးလေ''

ပါပါက မျက်နှာညိုညိုနဲ့ပြောတော့ သူမက အသာငြိမ်နေရသည်။ ခရီးရောက်မဆိုက် ပါပါနှင့်သူမ ထပ်ရန်မဖြစ်ချင်။

''ဒါက အဖေ့ရဲ့တစ်ဦးတည်းသော သမီး မှူးသာကီ နွယ်တဲ့၊ သမီးကတော့ မင်းတို့မြင်တဲ့အဝိုင်းပဲ ဆိုးတယ်ကွ''

''ဆိုးတာတင်မကဘူးနော်၊ ဒီတစ်အိမ်လုံးမှာရှိသမျှ လူတွေအကုန်က ကိုဩဇာကို နာခံရတယ်၊ ကိုက ဒီအိမ်ကြီးရဲ့ အရှင်သခင်၊ အဲ့ဒါပါ ထည့်ပြော ပါပါ''

ချိုရှုဟာ နှုတ်ခမ်းလေးတထော်ထော်၊ မျက်ဝန်းတွေ အရောင်လင်းကာလက်ကာနဲ့ ပြောနေသော သူမကို တအံ့တဩ ငေးကြည့်နေမိပါတော့သည်။ သူမဟာ ဆိုးနွဲ့ချင်တာ တစ်မျိုး တည်းမဟုတ်။ လူတွေအပေါ် မောက်မာချင်သည်၊ ရင့်သီးချင် သည်ဆိုတာ သူ ခဏအတွင်း အကဲခတ်မိပါသည်။





သူမလေးကတော့ သူကြည့်နေတာ သိသိကြီးနဲ့ကို တမင်တကာပင် မျက်လုံးမှေးစင်းပြီး ...

''ဒီအိမ်မှာနေချင်ရင် ရှင်တို့ ကိုပြောတဲ့စည်းကမ်းတွေကို ငါ့ကိနာရမယ်''

''ဘာစည်းကမ်းတွေလဲ ... ပြောပါဦး''

''ပထမဆုံးက ရှင့်နားထဲက ရွှေနားကွင်းဖြုတ်ဖို့ပဲ၊ အဲဒါ ဂျလေဘီဆန်တယ် ... မကြိုက်ဘူး''

''ဒီနားကွင်းကို''

သူက စိမ်းညို့နေသော မျက်ခုံးနှစ်ဖက်ကို ဆတ်ခနဲ စုကျုံ့ကာမေးတော့ သူမ ကျေနပ်သွားရသည်။ အင်း ... ချိုရှု ဆိုတဲ့လူ စိတ်အနှောင့်အယှက်ဖြစ်သွားပြီနဲ့တူသည်။ ကောင်း တယ်။ ဒီအိမ်မှာ ရှင်နေသမျှ ဘယ်တော့မှ စိတ်ချမ်းသာရမယ် မထင်နဲ့။ အဲဒါ ကိုလက်ထဲက ပါပါ့ကို လုသွားတဲ့အတွက် ကိုကို ပေးတဲ့ ပထမဆုံး သင်ခန်းစာပဲ။

''ဒီနားကွင်းတပ်တာ ဂျလေဘီဆန်တယ်ဆိုရင် အခု ခေတ်အဆိုတော်တွေ, ရုပ်ရှင်မင်းသားတွေ ဘယ်လိုလုပ်မလဲ၊ မှူးသာကီနွယ်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



"အို ... ယှဉ်စရာလား။ သူတို့က အောင်မြင်ကျော်ကြားတဲ့လူတွေ၊ ရှင်က သူများအိမ်မှာ ကပ်နေရပြီးတော့များ"

"သမီးရယ် ... ချိုရှလည်း ခေတ်လူငယ်ပဲကိုး"

"ပါပါနော် ... သူ့ပုံစံက သမီးမျက်စိထဲမှာ ထောင့်ကို မကျိုးလို့ ပြောနေရတာ၊ ပါပါခေါ်လာတာ သမီးလက်ခံပြီးပြီ၊ ဒါလေးတော့ ပြောခွင့်ပေးမှပေါ့"

"ရပါတယ် ... ကျွန်တော် ဖြုတ်လိုက်ပါ့မယ်"

"ပြီးရော ... နောက်တစ်ခုရှိသေးတယ်၊ ရှင်တို့နှစ်ယောက်စလုံး ဒီအိမ်မှာနေရင် အလကားနေလို့မရဘူး။ ဒီအိမ်ရဲ့အလုပ်တွေကို တနိုင်တပိုင် ဝင်ကူလုပ်ရမယ်၊ ကားရေဆေးတာတို့၊ ပန်းပင်ရေလောင်းတာတို့ပေါ့ ... ကြားလား"

"သမီးရယ် ... ပါပါက မောင်ချိုရှကို ဟိုတယ်လုပ်ငန်းတွေနဲ့ ကုမ္ပဏီအလုပ်တွေ လွှဲပေးဖို့ စီစဉ်ပြီးသားပါ"

"အင်းလေ ... အဲ့ဒါ ပါပါ့အလုပ်၊ အခုက ကို့အလုပ်ကို ပြောနေတာ၊ ပါပါပဲ အိမ်ကိစ္စအဝဝကို ကို့ကိုလွှဲထားတယ်ဆို"

ဦးသက္က ဘာမှပြော၍မရတော့။ သားကိုသာ အားနာစွာ စိတ်မကောင်းစွာနှင့် ပြုံးပြရသည်။ သားကတော့ ဘာမှမဖြစ်





သည့် ဟန်ဖြင့် သူ့ကို ပြန်လည်ပြုံးပြကာ ...

"ဟုတ်ကဲ့ ... ကျွန်တော် ဒီက မှူးသာကီနွယ်ရဲ့စည်းကမ်းတွေကို အားလုံးလိုက်နာပါ့မယ်"

"အင်း ... ရှင်ကတော့ ဟုတ်ပါပြီ၊ ဟိုတစ်ယောက်ကရော ..."

တေဇကို မေးလေဆတ်ပြီး မေးခွန်းထုတ်ဟန်က အထက်စီးနင်းဆန်စွာ ...

"ဟုတ်ကဲ့ ... ကျွန်တော်လည်း အားလုံးလိုက်နာပါ့မယ်- မမလေးခင်ဗျာ"

လို့ ပြောလိုက်တော့မှ သူမလေး မျက်နှာတော်သည် ရွှင်ပျသွားရပြီး ...

"အင်း ... ဒီလိုမှပေါ့၊ ကို့ကို မမလေးလို့မခေါ်ပါနဲ့ ကိုတေဇ၊ ကီကီလို့ခေါ်ရင် ရပြီ၊ ဟို ... ကိုချိုရှ"

ခေါ်သံက ခပ်မာမာ။

"ဟုတ်ကဲ့ ... ပြောပါ"

"နာမည်ဘယ်လိုခေါ်ရမယ်ဆိုတာ သိပြီနော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချိုရှက တမင်ရိုက်ချိုးပြခြင်းပါ။ သူမလေးက ရိုက်ချိုးတာ ကြိုက်သည်မဟုတ်ပါလား။ သူတို့နှစ်ယောက် အဆင်ပြေလျှင် အဖေ စိတ်ချမ်းသာပါလိမ့်မည်။ သူ့အတွက် အဖေ စိတ်ချမ်းသာဖို့ အရေးကြီးသည်လေ။

"ဒါဆိုရင် ပြီးပြီ၊ ပါပါ ခရီးပန်းလာတယ် မဟုတ်လား ... နားတော့လေ၊ ကီကီ အခန်းထဲထိ လိုက်ပို့ပေးမယ်၊ ဦးလေးကျော် ..."

"လာပြီကလေးရေ"

"သူတို့နှစ်ယောက်နေဖို့ အခန်းလိုက်ပို့ပေးလိုက်၊ အထုပ်တွေ ဆွဲပေးစရာမလိုဘူးနော်၊ သူတို့ဟာသူတို့ ဆွဲပါလေ့စေ"

"ဟုတ်ပြီ ကလေး"

သူမက အမိန့်တွေ တသီကြီးပေးပြီး ကျောခိုင်းထွက်ခဲ့သည်။ ပါပါ့လက်မောင်းတစ်ဖက်အား ယီးလေးခိုရင်း။ ဒီစံအိမ်ကြီးနဲ့ပါပါအတွက်တော့ မှူးသာကီနွယ်တစ်ယောက်သာ အထင်ကရဖြစ်သည်ဆိုတာ အဲဒီတောသား ထောင့်မကျိုးနှစ်ယောက် သိရန် လိုအပ်ပါသည်။

❖





-------------------------------------။

အောင်မယ်။ ဒင်းက ဝတ်စားထားတာများ မင်းသားရှုံးလောက်တဲ့အပြင်အဆင်နဲ့။ သူ့ကိုယ်သူ သူဌေးသားများ မှတ်နေသလား မသိ။ ကီကီဟာ စိတ်ထဲက အဲဒီလိုပြောပြီး အောက်ထပ်သို့ ခပ်သွက်သွက်ပင် ဆင်းလာခဲ့ပါသည်။

ကြည့်ပါဦး ... အောက်က အပြာနုရောင်ပေါ် အဖြူရောင်အပွင့်ကြီးတွေပါသော ရှပ်အင်္ကျီ။ အပေါ်က ကုတ်ကို ကြယ်သီးမတပ် ဒီအတိုင်းဝတ်ထားပြီး စတိုင်ပင် (နှ) က နို့နှစ်ရောင်။ ကုတ်နှင့်ဆင်တူ။ ဆံပင်ကောက်သားတွေက ဂျဲလီအစွမ်းကြောင့် စို့ရွှဲကာ တွန့်လိမ်ကောက်ကွေးနေတာက တစ်မျိုးကြည့်ကောင်းပါသည်။

သူမက ဒေါက်ဖိနပ်သံ တခွပ်ခွပ်ပေးပြီး ညှို့ခန်းဆီ ဆင်းလာတော့ သူက ဖိုင်တွဲတွေတစ်ထပ်ကြီးထဲ ခေါင်းမြှုပ်နေရာမှ မော့ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားဆေးပေးပါ"

"ဘာ"

"ရှင့်ကိုပြောနေတာ၊ ကီကို့ကားက ဂိုထောင်ထဲမှာ၊ နီညိုလေး၊ ရော့ ... အဲဒါကို ထုတ်လာခဲ့၊ ပြီးရင် ဆေးပေး"

"ကီကီ"

ခေါ်သံကြောင့် နောက်လှည့်ကြည့်တော့လေ၏။

"ဟို ... ကျွန်တော် ဆေးပေးမယ်လေ၊ သူက အပြင်သွား"

"အို ... မကြားချင်ပါဘူး ... ဆင်ခြေဆင်လက်တွေ၊ ဒီအိမ်မှာ ကီကီက လုပ်ဆိုရင်လုပ်ပဲ၊ တခြားဘာအကြောင်းမှ မကြားချင်ဘူး"

ဟု တစ်ဖွတ်ထိုးဆန်သော မျက်နှာပေးလေးနှင့် ပြောပါသည်။ ကီကို့ရဲ့မြားဦးက သူ့ဘက်လှည့်နေပြီ။ ထို့ကြောင့် ချိုရှက ထိုင်ရာမှ ထရပ်လိုက်ပြီး အပေါ်ကုတ်အင်္ကျီကို ချွတ်ပစ်လိုက်သည်။

"ပေး ... ကားသော့"

"ဟာ ... ဟော့ကောင် ... မင်း ပြင်ဆင်ပြီးမှ"





တေဇက လှမ်းအော်သည်။ သူက ဘာဖြေရှင်းချက်မှ မပေး။ လက်တစ်ဖက် ထောင်ပြကာ ရတယ်ဆိုသောသဘောဖြင့် ကျောခိုင်းထွက်လာခဲ့၏။ အနောက်မှာ ကျန်ရစ်ခဲ့သူက ကီကီ။

ဟွန်း ... အဲဒီလို မာရေကျောရေဒီဖိုင်းမျိုးကို ကီကီတို့က မကြိုက်တာ။ အမှန်ဆို သူက ဒီထက် အနည်းငယ်ရိုကျိုးပြလျှင် ကီကီနှင့် ငြိမ်းချမ်းရေးယူလျှင် ပြီးနေပြီ။ အခုတော့ သူက လိုက်လျောနေရပေမယ့် အပေါ်ကြောကြီးနဲ့။

ကီကီက မကျေနပ်။ သူ့ကို ဆက်ဒုက္ခပေးရန်အတွက် ကြံစည်ရပြန်ပါ၏။

"ကိုတေဇ"

"ခင်ဗျာ"

ဒီတစ်ယောက်ကျတော့လည်း ရိုကျိုးတာမှ သူမခြေရင်း ပြားပြားဝပ်လို့။

"ဆပ်ပြာရည်ယူခဲ့"

"ဘာလုပ်ဖို့လဲ ကီကီ"

"ကားဆေးဖို့"

ကီကီက အဲ့တစ်ခွန်းပဲ ပြောလိုက်ပါသည်။ ကိုတေဇ



www.burmeseclassic.com

www.burmeseclassic.com



ယူလာပေးသော ဆပ်ပြာရည်ပုံး သူမ,လက်ထဲရောက်သောအချိန် နှင့် သူကားထုတ်ကာ ရေဆေးနေသောအချိန်က ကွက်တိ။ သူမက ဆပ်ပြာရည်ပုံးဆွဲပြီးထွက်တော့ တေဇက တောက်တဲ့လို အနားမှ ကပ်ပါလာပါသည်။ ပြီးတော့ နှုတ်မှလည်း တတွတ် တွတ်။

"ကီကီ ...ဒီကောင့်အစား ကျွန်တော် လုပ်ပေးမယ် လေ၊ ဒီနေ့ သူ အရေးတကြီး သွားစရာရှိလို့ပါ"

"အို ...ရှင်လုပ်တာ ကီ့စိတ်တိုင်းကျမှ မဟုတ်ဘဲ"

"ကီကီစိတ်တိုင်းကျအောင် ..."

"ကဲ"

သူမက အကျယ်ကြီးအော်ပစ်တော့ တေဇပါးစပ်ပိတ် သွားရသည်။ သူမတို့ကို ကျောခိုင်းပြီး ကားဆေးနေသဖြင့် သူက တော့ ဘာမှမသိရှာ။ ကီကီသည် သူ့နောက်မှာ အသာရပ်လိုက် ရင်း လက်ထဲမှ ဆပ်ပြာရည်ပုံးကို လွှဲမြှောက်ကာ ကားဆီ အားကုန်သွန်ပက်ပစ်လိုက်ပါတော့သည်။

ဗွမ်းခနဲ အသံကြီးနဲ့အတူ ...

"ဟာ ...သွားပြီ"





ဆိုသော သူ့အသံကြီးပါ ထွက်လာတာပါ။ သူက ဒေါသတကြီး နောက်လှည့်ကြည့်သည်၊ ကီကီကတော့ အင်မတန် မာန်တင်းသည့်မျက်နှာလေးဖြင့် ...

"ရှင် ကားဆေးတာ အချိုးမပြေဘူး"

"အချိုးမပြေရင်လည်း ပါးစပ်ကပြောရောပေါ့ ကီကီ ရယ်၊ ဒီမှာ ပေကုန်ပြီ"

"ပေတော့ ဘာဖြစ်လဲ"

"ကျွန်တော် အပြင်သွားစရာရှိလို့"

"ပေရင်လည်း မသွားနဲ့တော့ပေါ့၊ ဒါများ လွယ်လွယ် လေး။ ကဲ ...ဆေးမြန်မြန်"

သူမက နှိုးဆော်လိုက်သည့်အချိန်မှာပဲ နောက်နားမှ ပါပါ့အသံကို ကြားရခြင်းပါ။

"ဟာ ...သား ချိုရှ ...ဘာလုပ်နေတာလဲ၊ မင်းကို ရယ်ဒီလုပ်ခိုင်းထားတာကို"

"ပြီးပါပြီ အဖေ"

သူက ကားဆေးခြင်းကို လက်စသတ်ရင်း ပြောသည်။

"အို ...ဒီလို ပြီးစလွယ်လုပ်လို့ ဘယ်ရမလဲ၊ ဆပ်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ရည်တွေ ပြောင်အောင်ဆေး''

''သမီး … ကီကီ''

ပါပါအသံက ခပ်တင်းတင်းမို့ ကီကီက ဆတ်ခနဲလှည့်ကြည့်သည်။

''ကားဆေးတာ ဦးကျော်ရှိသားပဲ၊ ပါပါနဲ့ချိုရှက သွားစရာရှိတယ်''

''အဲဒါဆိုလည်း အစောကြီးကတည်းက ပြောပေါ့ ချိုရှရဲ့''

သူမက အပြစ်ကို သူ့ခေါင်းပေါ်လွှဲချသည်။

''ကျွန်တော် ပြောတယ်လေ''

''ပါပါနဲ့လို့မှ မပြောတာ၊ ဟင်း … ရှင်နော်၊ ကြုပ်ကြုပ်သတိထား၊ မလှုပ်တလှုပ် ပြုံးစိစိနဲ့ ကိုကိုမကောင်းတဲ့သူကြီးဖြစ်အောင် လုပ်နေတာ၊ ကဲ … ဖယ်တော့ ဒီတိုင်းပဲ မောင်းသွားတော့မယ်၊ တစ်ယောက်ကလည်း အံ့ပုန်း၊ ပါပါတို့ဆိုတာလည်း ဒင်းရောက်လာကတည်းက ငါ့ဆို အကောင်းကို မမြင်တော့ဘူး''

ကီကီက သူ့အား ကြိမ်းမောင်းရင်းက တစ်ဆက်တည်း ပတ်ရမ်းသွားခြင်းဖြစ်သည်။ ကားကလည်း ဆပ်ပြာမှုန့်တွေ မစင်





တစင်နှင့် ဝေါဝေါထမောင်းချသွားလေသည်။

သူ့မှာသာ ရေပိုက်ကြီးတန်းလန်းကိုင်ပြီး ကျန်ခဲ့၏။ ကားနောက်မြီးလေးအား ငေးမောရင်းပေါ့။ ထိုအခိုက်မှာပင် နူးညံ့ပေမယ့် အားပါသော လက်တစ်ဖက်က သူ့ပခုံးပေါ်လာရောက်ဆုပ်ကိုင်လာသည်။

''စိတ်ညစ်သွားပြီလား … သား''

သူမော့ကြည့်တော့ နွေးမြလင်းရီနေသော အဖေ့မျက်ဝန်းတွေနှင့် တန်းခနဲဆုံသည်။

''မညစ်ပါဘူး အဖေ၊ ဒါလောက်နဲ့ စိတ်ညစ်တတ်ရင် ကျွန်တော် ယောက်ျားဘယ်ဟုတ်တော့မလဲ''

''အေးပေါ့ကွ … ငါ့သားစိတ်ကို အဖေသိပါတယ်၊ ခွင့်လွှတ်ပေးပါ သားရယ်၊ သမီးက သူ့အဖေကိုလုတဲ့သူဆိုတဲ့ ဝန်တိုစိတ်နဲ့ ဒီလောက်ထိ ဆိုးနေတာပါကွ၊ သမီးရဲ့စိတ်ရင်းက အဲ့လောက်ထိ ရမ်းရမ်းကားကားကြီး မဟုတ်ပါဘူး''

''ကျွန်တော် နားလည်ပါတယ် အဖေ''

''ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းက နောင်တစ်ချိန်ကျရင် အဖိုးမဖြတ်နိုင်တဲ့ရောင်ပြန်တွေ ဟပ်လာပါလိမ့်မယ် သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... အကျီသွားလဲတော့၊ အဖေတို့ ဟိုတယ်သွားဖို့လေ၊ အဖေ စောင့်နေမယ်''

သူက အဖေ့စကားကို နာခံစွာနှင့် အခန်းဆီ ပြန်တက်လာခဲ့၏။ အဖေပြောသလို ရောင်ပြန်ဟပ်ခဲ့ရင်တော့ ကောင်းသည်ပေါ့။ ဒါပေမဲ့ သူ့မယောင်ပါ။ သူမ့မျက်လုံးထဲ၌ နာကြည်းခြင်းအရိပ်တွေကို သူ အတိုင်းသားမြင်နေရ၍ဖြစ်သည်။ သူက တော့ ပြေလည်ချင်ပါသည်။

အထူးသဖြင့် သူမကို အချောအလှနတ်သမီးတစ်ပါးနှင့် ဘယ်ယောက်ျားသားကများ ရန်သူဖြစ်ချင်ပါမည်နည်း။

❖ ❖ ❖

အပိုင်း (၆)

# ''ဘယ်လို ... ပါပါ''

သူမသည် ခုံမှ တစ်ကိုယ်လုံး ရှန်းကြွသွားရအောင် တအံ့တသြဖြစ်သွားရပါသည်။ ပါပါကတော့ တီကျပြတ်သားဟန်နှင့် ခေါင်းတစ်ချက်ညိတ်ပြရင်း ...

''ဟုတ်တယ်သမီး ...ပါပါ့မှာ လုပ်ငန်းတွေက များလာလေလေ တစ်ယောက်တည်း ဦးစီးဖို့ ခက်လေလေပဲ၊ ဒီတော့ ဟိုတယ်လုပ်ငန်းကို ချိုရှက်ကိုပဲ ဦးစီးခိုင်းတော့မယ်၊ ဥာခြားကုမ္ပဏီ အလုပ်တွေက ရှယ်ယာဝင်တွေရှိတယ်၊ နောက် အတွင်းရေးမှူး လေးရှိတယ်ဆိုတော့ အဖေ့အတွက် အခက်အခဲသိပ်မရှိဘူးသား၊

သက်ပိုင်ရဲဟာဓေ

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကိုလည်း သားလေ့လာပြီးပြီပဲ လုပ်ကြည့်ပေါ့၊ မသိတာရှိလည်း မန်နေဂျာကိုမေးလို့ရတယ်၊ တေဇက သားကို ကူညီလိုက်ပေါ့"

"ဟုတ်ကဲ့ ... ဦးသက်၊ ကျွန်တော် ချိုရှကို ကူလည်း ကူညီမယ်၊ အကြံဉာဏ်ကောင်းတွေလည်း ပေးပါ့မယ်"

"အောင်မယ် ... မင်းက ငါ့ကို အကြံဉာဏ်ကောင်းတွေပေးမယ်ဆိုတော့ ငါ့အကြံက မကောင်းဘူးပေါ့ ... ဒီလိုလား"

"ဟာ ... မင်းကလည်း အဲဒီလို အထအနမကောက်ကြေး၊ ငါက ဦးသက်စိတ်ပိုချသွားအောင် စကားအဖြစ်ပြောပေးပါ ... ဟဲ ... ဟဲ"

တေဇစကားကြောင့် ပါပါထံမှပါ သဘောကျသည့်ရယ်သံတွေ ထွက်လာရသည်။ ထိုရယ်သံတွေထဲ သူမ,မပါ။ အဲဒီနှစ်ယောက်ရောက်လာပြီးကတည်းက သူမနဲ့ပါပါကြားထဲ တစ်ခုခုခံနေသလိုမျိုးဖြစ်ကုန်သည်။

အရင်လိုနွေးထွေးရင်းနှီးမှု မရှိတော့သလိုလို။ အခုပဲကြည့်လေ ... တစ်ဝိုင်းတည်းထိုင်ပြီး သူမက သူများရယ်သလို





မရယ်နိုင်သည့်အဖြစ်။ ကီကီသည် ထိုင်ရာမှ ဆတ်ခနဲထပြီး ...

"ဟွန်း ... ပါပါကသာ စိတ်ချလက်ချအပ်နေတာ၊ မြင်ယောင်ပါသေးတယ် ... ဟိုတယ်ကြီး လုံးလည်လိုက်ပြီး ပါပါ ဒေဝါလီခံရမှာကိုလေ"

"သမီး ကီကီ"

ပါပါ ခေါ်သံကြားပေမယ့် သူမ လှည့်မကြည့်တော့။ ကျောခိုင်းထွက်ခဲ့သည်။ ဘယ်ရေစက်မှန်း မသိ ... အဲ့ဒီချိုရှဆိုသောတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မရ။ တွေ့တာနဲ့ကို အမုန်းမီးက ပွားလာတာဖြစ်သည်။

သို့ပေမယ့် ပါပါလုပ်ငန်းတွေနှင့် ပတ်သက်၍တော့ သူတို့ကို ဒီအတိုင်း လွှတ်ထား၍မဖြစ်ပါ။ ပါပါက ကျေးဇူးရှင်ရဲ့သားဆိုပြီးတော့တာ ယုံကြည်နေတာ။ သူမမှာတော့ သံသယစိတ်က အပြည့်ပင်။

ထို့ကြောင့် သူဦးစီးသော ဟိုတယ်သို့ သူမက ရောက်ရှိသွားခဲ့ပါသည်။ သူ့အရည်အချင်းအား အကဲဖြတ်ရန်အတွက်ပါ။ သူမကားလေး ဟိုတယ်ပေါ်တီကိုအောက် ထိုးရပ်လိုက်ပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ...

''ကြွပါ မမလေး ... ဆရာတော့ မရှိဘူးခင်ဗျ၊ ကိုချိုရှ တော့ ရှိပါတယ်''

''သိတယ် ... ငါသိတယ်၊ အခု အဲဒီချိုရှဆိုတဲ့လူ အကြောင်းသိချင်လို့ လာတာ၊ ကဲ ... ပြောစမ်း ... သူ့အခြေ အနေ ဘယ်လိုရှိလဲ''

သူမက ကားပေါ်က ဆင်းတာနှင့် ညှော်ကြိုကောင်လေး အား အဲဒီလိုမေးခွန်းထုတ်ခြင်းပင်ဖြစ်သည်။ ကောင်လေးက အူကြောင်ကြောင်ရုပ်ကလေးဖြင့် ...

''ဗျာ ... မမလေး ... ဘာကိုမေးတာလဲ''

''နင် တော်တော်ဒူပါလား၊ အဲဒီချိုရှဆိုတဲ့လူရဲ့လုပ်ရည် ကိုင်ရည် ဘယ်လိုရှိသလဲလို့ မေးနေတာ၊ ဒါတောင် နားမလည် ဘူလား''

သူမက ပိတ်ဟောက်မှ ထိုကောင်လေးသည် မျက် တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ...

''ဝန်ထမ်းတွေအပေါ် အရမ်းညှာတာပါတယ် မမလေး၊ ပြီးတော့ ဒီနှစ်ကုန်ရင် staff party လုပ်ပေးမယ်တဲ့၊ အဲဒီမှာ





တစ်နှစ်လုံးကြိုးစားတဲ့သူနဲ့ ထူးချွန်တဲ့သူတွေကို ဆုပေးမယ်တဲ့၊ နောက်ပြီး ဝန်ထမ်းတွေအတွက် ငွေစုငွေချေးအသင်း ဖွင့်ပေးမယ် တဲ့၊ သာရေးနာရေးကျရင် လုပ်သက်အလိုက် အသင်းကနေ ငွေထုတ်ချေးမှာတဲ့၊ ပြီးတော့ ...''

''အမယ်လေး တော်တော့ ... တော်တော့၊ ငါ သွေး တက်ကုန်တော့မယ်၊ ငါ့အဖေရှာသမျှ စည်းစိမ်တွေကို ဒင်းက တစ်နှစ်အတွင်း တက်တက်စင်အောင် သုံးဖြုန်းပစ်တော့မယ်နဲ့ တူတယ်၊ ဘာငွေစု,ငွေချေးလဲ၊ တွေ့မယ် ဒင်းနဲ့ ... သူ အခု ဘယ်မှာလဲ''

သူမ ဒေါသထွက်နေတာများ တလိပ်လိပ်တက်လာ သော လှိုင်းလုံးကြီးတွေပမာ။ ညှော်ကြိုကောင်လေးကတော့ အထိတ်ထိတ်အလန့်လန့်ဖြစ်နေသော ရုပ်နှင့် ...

''ဟို ... ဝန်ထမ်းစားသောက်ခန်းမှာပါ''

''တွေ့မယ် ... ဒင်းနဲ့ငါ''

ကီကီက ဒေါကြီးမောကြီးဖြင့် ဝန်ထမ်းတွေအတွက် သီးသန့်ထားရှိသော စားသောက်ခန်းဆီ ချီတက်လာခဲ့ပါတော့ သည်။ တွေ့ပါပြီ ချိုရှကို။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတွေကြားထဲ လူတွင်ကျယ်လုပ်နေသော သူ့ကို ...

“ချိုရှ”

သူမက ကျယ်လောင်စွာအော်ခေါ်ပစ်၏။ သူမထက် အနည်းဆုံး နှစ်နှစ်,သုံးနှစ်ခန့် အသက်ကြီးမည့်သူကို ရိုသေမှုတွေ,ဘာတွေ ထားမနေချင်တော့။ သူမအမြင်မှာ သူဟာ ပါပါ့အလုပ်သမား အဲ့ဒီလောက်ပါပဲ။

သူကတော့ ဆတ်ခနဲလှည့်ကြည့်ကာ ...

“ဩော် ... ကီကီ ဘယ်တုန်းကရောက်လဲ”

“အခုပဲရောက်တာ၊ ရှင့်အကြောင်းတွေကြားလို့ ဒီမှာဒေါသက ငယ်ထိပ်စောင့်နေတာ”

“ထိုင်ပါဦး ကီကီ”

“မထိုင်နိုင်ဘူး၊ နေပါဦး ... ရှင့်ကိုယ်ရှင် မီလျံနာများမှတ်နေသလား၊ ဒီဟိုတယ်မှာ ရှင့်သဘောရှိ အလှူကြီးပေးနေရအောင်”

“ကျွန်တော် ဘာတွေအလှူပေးနေလို့လဲ”

သူက မျက်ခုံးနှစ်ဖက်ကို ဆတ်ခနဲစုကျုံ့ကာ မေးတော့သူမဒေါသက ငယ်ထိပ်တင် မကတော့။ ပွင့်ထွက်ကာ ဒင်းကို





လွှမ်းမိုးခြုံသိုင်းလေပြီ။

“Staff party တို့, ငွေစုငွေချေးတို့ဆိုတာ အလှူကြီးပေးနေတာပေါ့”

“ကျွန်တော် လိုအပ်လို့လုပ်တာပါ”

“နေစမ်းပါဦး .. လိုအပ်လို့လုပ်တယ်ဆိုရအောင် ရှင်က ဒီဟိုတယ်ရဲ့ပိုင်ရှင်လား”

သူ သက်ပြင်းတစ်ချက်ချကာ ပြောချင်သောစကားတွေကို အမြန်မျိုချရ၏။ သူမမျက်ဝန်းတွေဟာ ဒေါသမီးလျှံတွေကြောင့် ဝင်းဝင်းတောက်လျက်။ အတွဲတွေက သူမကို လောင်ကျွမ်းနေသည့်နှယ်။

အဖေ့မျက်နှာက သူ့အာရုံထဲ ပေါ်လာသည်။

“အဖေမရှိတော့ရင် လုပ်ငန်းတွေရော ကီကီကိုရော”

“ဒီမယ်”

အော်သံကြောင့် သူ့အတွေးတွေ ပြတ်တောက်သွားရသည်။

“ရှင် ထုံထိုင်းထိုင်းလုပ်မနေနဲ့၊ ရှင်လုပ်ထားတဲ့ အစီအစဉ်တွေကို အခုချက်ချင်း ဖျက်သိမ်းပါ၊ ပါပါက ဒီပိုက်ဆံတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အလွယ်တကူ ရထားတာမဟုတ်ဘူး၊ ရှင့်ကြောင့် ဆုံးရှုံးသွားတာမျိုး ကျွန်မ အဖြစ်မခံနိုင်ဘူး"

"ကျွန်တော် ဒီဟိုတယ်ပိုင်ရှင်နဲ့ပဲ စကားပြောပါ့မယ် ... ကီကီ"

သူကပြောပြီး ကီ့ကို ကျောခိုင်းသည်။ ကြည့်စမ်း ... သူမကို မထီမဲ့မြင်လုပ်တာပဲပေါ့။ ဒေါသအပြင် ရှက်စိတ်က ဟုန်းဟုန်းတောက်လောင်ကျွမ်းပြီ။ ဝိုင်းကြည့်နေသော ဝန်ထမ်းတွေရဲ့အကြည့်တွေကြားထဲ ...။

"အား ... ရှင် ကျွန်မအကြောင်း ကောင်းကောင်းသိစေရမယ်၊ ပိုင်ရှင် ဘယ်သူလဲဆိုတာလည်း ရှင်သိစေရမယ်၊ အဲဒီအခါကျမှ ရှင် ကျွန်မကို ဒူးထောက်ပြီးမတောင်းပန်ရစေနဲ့"

သူမက ပြောပြီး ဆတ်ခနဲလှည့်အထွက် ... အခန်းဝတည့်တည့်၌ အိုးကြီးသယ်လာသော တွန်းလှည်းနှင့် တည့်တည့်ဝင်တိုးမိတာဖြစ်သည်။ တွန်းလှည်းက အရှိန်မထိန်းနိုင်။ တိမ်းစောင်းကာ မှောက်သွားရပြီး အငွေ့ထောင်းထောင်းထနေသော ဟင်းချိုအိုးကြီးက စောင်းအကျ ...

သယ်လာသော ဝိတ်တာလေးက မီးရာကိုလှမ်းဆွဲသည်။





မဆွဲပါက တွန်းလှည်းရှေ့၌ လဲကျနေမှသော သူမထံ အိုးကြီးပြုတ်ကျလာမှာဖြစ်၏။

"အမလေး"

ကီကီက ကြောက်လန့်တကြားအော်ပြီး မျက်ဝန်းတို့ကို မှိတ်အချ။ မရှေးမနှောင်းမှာပဲ ...

"အား ... သေပါပြီ"

ဟူသော ဝန်ထမ်းကောင်လေးရဲ့အော်သံကို ကြားရတော့တာပါ။ အဲ့ဒီနောက် သူမဆီ ပြေးလွှားလာသူက ချိုရှ၊ ကီကီသည် အနားရောက်လာသောသူ့ ဆွဲထူရန် လက်ကမ်းပေး၏။

သို့ပေမယ့် သူက,မထူ။ သူမကို ကျော်သွားကာ ဝန်ထမ်းကောင်လေးဆီသွားပြီး ...

"ဟာ ... တော်တော်လောင်သွားတာပဲ၊ စွပ်ပြုတ်အိုးအပူကြီးကို၊ ဆရာဝန် ခေါ်စမ်း"

"ဆရာဝန်မရှိဘူး ကိုရှ၊ အခန်းနံပါတ် (၁၀၉) က နှလုံးရောဂါသည်ဆီ သွားတယ်"

"ဟာ .. ဒါဆို ကားထုတ်စမ်း၊ ဆေးခန်းပြေးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပျာယာခတ်နေသည့်ကြားမှပင် ဝိတ်တာလေးရဲ့လက်ဖမိုးတစ်ခုလုံးဟာ နီရဲရှန်းကြွလာပါတော့သည်။ ထိုအခိုက်မှာပင် သူမကို ဆွဲထူသူက တေဇ။

"ထ ... ကီကီ ... ဘာဖြစ်သွားသေးလဲ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဟု မေးမှပင် သူမသည် သိမ်ငယ်သွားသလို ခံစားရသည်။ ကြည့်စမ်း ... သူကတော့ သူမကို လှည့်ပင်မကြည့်။ ဝိတ်တာလေးအား တယုတယတွဲခေါ် ထွက်သွားလေပြီ။

ကီကီသည် အခုလေးတင် ငြိမ်သက်သွားသော ဒေါသတွေက တစ်ဖန်ပြန်ဆူပွက်လာရပြီး ...

"ဖယ်စမ်း ... ရတယ် ... ဘာမှမဖြစ်ဘူး၊ ဒီမယ်ကိုတေဇ ... ရှင့်သူငယ်ချင်းကို ပြောထားလိုက် ... ဃမင်းဝအောင် စားထားလို့"

သူမက ဒေါနှင့်မောနှင့် ကြိမ်းဝါးကာ ကားပါကင်ရှိရာသို့ ထွက်လာခဲ့၏။ ဒီလူ မလွယ်တော့ဘူး။ စိတ်ရှိတိုင်း လုပ်ခွင့်သာ ရှိမည်ဆိုလျှင် လူ အမှုန့်ဖြစ်လောက်ပြီ။ သူမဟာ အတွေးနှင့်ပင် ဒေါသပိုကြီးလာရပြီး ခြေတစ်ချက်ဆောင့်ချမိတိုင်း မြေကြီးက





တုန်ခါသွားသယောင်ထင်ရ၏။

ကားပါကင်ရောက်တော့ သူမ,ကားကို မတွေ့ရ၊

နေစမ်းပါဦး ... ဒေါသအကြည့်ကြောင့်များ ကား ပျောက်နေသလား။

သူမက တွေးရင်း မျက်စိကိုပြူးနေအောင်လုပ်ကာ တစ်ခါထပ်ရှာသည်။ သူမကားက တကယ်ထင်းနေသည့် နီညို ရောင်၊ အမိုးဖွင့်ပြိုင်ကားလေး။ အခု မတွေ့။

"မမလေး"

ခေါ်သံကြောင့် နောက်လှည့်ကြည့်တော့ ကားပါကင်အား စောင့်ရှောက်ရန် တာဝန်ကျသူ။

"ဟို ... မမလေးကားကို ..."

"ဟဲ့ ... ဘာအထစ်အငေါ့ဖြစ်နေတာလဲ၊ ငါ့ကား ဘာဖြစ်လဲ ... ပြောစမ်း"

ဒေါသက လုံခြုံရေးကောင်လေးဆီ စုပုံစွာ။

"မမလေးကား ဘာမှမဖြစ်ပါဘူး"

"အေး ... ဘာမှမဖြစ်ရင် ငါ့ကားရော"

'ကိုရှ ... လူနာပို့ဖို့ဆို ယူမောင်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!"

သူမအော်သံကြောင့် ကောင်လေးက လန့်ပြီး နောက်ကို ခြေနှစ်လှမ်းသုံးလှမ်းခန့် ဆုတ်သည်။

"တောက် ... ငါ့ကားကို စိတ်ထင်တိုင်းလုပ်ရအောင် ခင်းက ဘာမို့လို့လဲ၊ ငါ့ကားကို ဘယ်သူ့မှ တက်စီးခွင့်မရှိဘူး ဆိုတာ နင်မပြောဘူးလား"

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း သူမက ကြုံးအော်သည်။

"ပြောပါတယ် ... ကျွန်တော် တားပါသေးတယ်၊ ဒါပေမဲ့ ... လူနာက အရေးကြီးတယ်၊ တခြားကားတွေလည်း မရှိတာနဲ့"

"တောက် ... ဒီလူတော့"

သူမဟာ အဲဒီလိုကြိမ်းဝါးရင်း ရင်ထဲ အငြိုးမြစ်က အရှိန်ပြင်းစွာ စီးဆင်းလျက်။





၁၀

---------------------

"သူ ... သိပ်လွန်နေပြီ ပါပါ၊ ကီ ... ဆက်သည်းမခံ နိုင်တော့ဘူး"

အခန်းတစ်ခုလုံးရဲ့ တိတ်ဆိတ်ခြင်းကို သူမက အရင် စပြီး ဖောက်ခွဲပစ်ခြင်းပါ။ ပါပါကတော့ သူနှင့် သူမကို မျက်နှာ ချင်းဆိုင်ခုံ၌ ထိုင်ထားစေပြီး သူမတို့ရဲ့မျက်နှာအရိပ်အကဲကို အကဲခတ်နေဟန်ရှိသည်။

ပါပါတွေမှာပါ။ သူမရင်ထဲက ဒေါသအစိုင်အခဲက မျက် နှာပေါ် အထင်းသားပေါ်နေသည့်ဥစ္စာ။ သူမကတော့ အဲ့ဒီ ငြိမ်သက်နေခြင်းကိုပဲ သည်းမခံနိုင်စွာဖြင့် ...

"ကဲ .. ပါပါ ... ကီပြောတာတွေ ဟုတ်,မဟုတ် မေး လေ သူ့ကို ... သူက ပိုင်ရှင်နဲ့ပဲ ပြောမယ်တဲ့"

သူမက စွေစောင်းစောင်းကြည့်ပြီး တိုက်စစ်ကိုစတင် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သလား ချိုရှ ... ကီကီပြောသလို အဖေရှာထား သမျှပစ္စည်းတွေ ဖြုန်းတီးနေကယ်ဆိုတာ"

"မဟုတ်ဘူး အဖေ"

"အောင်မယ် ... အဲဒါ ပြောင်လိမ်တာ ... ပါပါ"

"သမီး ... သူ့ဖြေရှင်းချက် ပါပါနားထောင်ပါရစေဦး"

ပါပါက မာန်၍သာ သူမ, ငြိမ်တာပါ။ စိတ်ထဲကတော့ ဒင်းအပြစ်ထင်ရှားရင် ဒီအိမ်မှာ ဆက်မထားဖို့တောင်းဆိုရမည်လို့ တွေးနေခဲ့ပါသည်။

"ကဲ ... ပြောပါဦး ချိုရှ"

"ကျွန်တော် လေ့လာရသလောက် ဒီဟိုတယ်ကြီးလည်ပတ်ဖို့က ဝန်ထမ်းတွေ အဓိက,ကျတယ် အဖေ၊ တစ်နေ့တစ်နေ့ ဝင်လာတဲ့ဧည့်သည်တွေကို သူတို့ပဲ တာဝန်ယူကြိုဆိုရတာလေ၊ ကျွန်တော်နဲ့အဖေက စီစဉ်ပေးရုံပဲ၊ သူတို့က လက်တွေ့ဆက်ဆံရတာ၊ အဲဒီမှာ သူတို့ရဲ့ပျူငှာမှု, ယဉ်ကျေးမှုက စေတနာပါဖို့လိုတယ်လို့ ကျွန်တော်ထင်တယ်"

"အင်း ... ဟုတ်ပါပြီ၊ အဲဒီတော့ ..."

"သူတို့ ကျွန်တော်တို့အလုပ်အပေါ် စေတနာထားဖို့၊





အလုပ်ကို ရှိသေဖို့အတွက် ဝန်ထမ်းတွေမှာ အားဆေးတစ်ခုတော့ ရှိရမယ်အဖေ၊ ကျွန်တော်တို့ရတဲ့ အမြတ်ငွေထဲက တစ်နှစ်တစ်ခါ ဆယ်ရာခိုင်နှုန်းလောက် သူတို့အတွက် ဖြုန်းပေးသင့်တယ်အဖေ၊ ပါတီလုပ်ပေးတယ်ဆိုတာ သူတို့တက်ကြွလာအောင်, ပျော်ရွှင်လာအောင် ထွက်ပေါက်ပေးတာ၊ ငွေစုငွေချေးကတော့ အရည်အချင်းရှိတဲ့ဝန်ထမ်းတွေ ဟိုတယ်ကထွက်မသွားနိုင်အောင် ချည်ထားတာ အဖေ၊ ဒီဟိုတယ်ကြီးက သူတို့အတွက် အားကိုးရာလို့ ထင်နေရတယ်"

"ဘာမှမဆိုင်ဘူး ... ပိုက်ဆံတွေချေးပြီး ဟိုတယ်ထဲက ထွက်ရင်ရော ဟွန်း ... ပါပါ့ပိုက်ဆံပဲ ဆုံးမှာ"

"သူတို့ကို တရားဝင်လက်မှတ်ထိုးနိုင်းပြီး ချေးမှာအဖေ၊ ကီကီပြောသလိုဖြစ်ခဲ့ရင် ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်ဆိုပြီး ပြဿနာရှာလို့ရတယ် အဖေ၊ ဒါပေမဲ့ သူတို့လုပ်မှာ မဟုတ်ဘူး၊ လုပ်လောက်တဲ့ပမာဏကိုလည်း ကျွန်တော် ချေးမှာ မဟုတ်ဘူး"

"အင်း .. ဒီလိုဆိုတော့လည်း သားပြောတာ သဘာဝကျသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပါပါ"

သူမက ကြုံးအော်သည်။

"ဘာလဲသမီး ... အခု သူပြောတာ ဖြစ်နိုင်ချေရှိတယ်လေ၊ ပါပါတို့ဘက်ကလည်း အရှုံးမှမရှိတာ၊ ကောင်းတယ် ... ဆက်လုပ် သား၊ အဖေမမြင်တာတွေ ငါ့သားက မြင်တတ်တယ်"

"ကို့ကားကို ဘယ်လိုလုပ်မှာလဲ ပါပါ"

မေးသံက ခပ်ဆတ်ဆတ်။ သမီးလေး တော်တော်စိတ်ဆိုးနေပြီဆိုတာ ဦးသက္က ခန့်မှန်း၍ရပါသည်။ သားကတစ်ဖက်၊ ဆိုးနွဲ့ဂျစ်ကျတတ်သော သမီးက တစ်ဖက်။ ကြားထဲမှာ သူ အသက်ရှုကျပ်လှပြီ။

ဒါတောင် သားက သူ့အပေါ် နားလည်ပေးထား၍သာ ဦးသက္ကက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

"သမီးကားကို ဘာဖြစ်လို့ သုံးရတာလဲ သားရယ် ... သမီးက သူ့ကားကို သူတစ်ယောက်ပဲသုံးတာ၊ တခြားသူ ယူသုံးတာ မကြိုက်ဘူး"

"တမင်တကာ သုံးတာမဟုတ်ဘူး အဖေ၊ ဟိုတယ်က ကားတွေကလည်း ဧည့်သည်ကြိုရတာနဲ့ ပုံ့ရားဖူးပို့နေရတာနဲ့





တစ်စီးမှမရှိတော့ဘူး။ ဟိုတယ်လာတဲ့ ဧည့်သည်တွေရဲ့ကားတော့ရှိတယ်၊ ဒါပေမဲ့ ဧည့်သည်ပြန်ချင်တဲ့အချိန်မှာ သူ့ကားမရှိရင် ကျွန်တော်တို့ဟိုတယ်ကို ငြိုငြင်မယ်၊ ဈေးကွက်အရ ပြောရရင် ဖောက်သည်ပျက်မယ်လေ။ အဖေရယ်၊ အဲ့ဒါကြောင့် ကီကီ့ကားကို ယူသုံးမိတာပါ"

"ဩော် ... ဧည့်သည်ငြိုငြင်မှာတော့စိုးတယ်၊ ကျွန်မ ငြိုငြင်မှာတော့ မစိုးရိမ်ဘူးပေါ့"

"member ဝင်ဖို့လူတွေဆီက တစ်ဦးကို တစ်လ,တစ်လ သိန်းချီပြီးဝင်တယ် ကီကီ၊ တစ်ယောက်လောက်ပျက်သွားကာယ်ဆိုရင်ပဲ ဟိုတယ်ဝင်ငွေ တော်တော်လျော့သွားပြီ"

"တောက် ... တွေ့လားပါပါ ... ကီက ဝင်ငွေမရှိလို့ ဂရုမစိုက်ဘူးဆိုတဲ့သဘော ... တွေ့လား"

"သမီးရယ် ... သူတွက်ပြတာလည်း နည်းလမ်းကျနေတာပဲ၊ ပြီးတော့ သမီးဝင်တိုးလို့ ဝန်ထမ်းကောင်လေး အပူလောင်ရတာဆို၊ အမှန်ဆို သမီးတောင် လိုက်ပို့သင့်တာ၊ သမီးမှာ တာဝန်ရှိတယ်လေ"

"အို ... ပါပါတို့က အခုတလော ကို့ဘက်က မရပ်



www.burmeseclassic.com

www.burmeseclassic.com



တည်ပေးဘူး၊ နောက်ပေါက်တဲ့ရွှေကြာပင်ဘက်ပဲ အလေးသာနေတာ၊ မသိဘူးပါပါ ... အဲဒီကားကို ကီ ဆက်စီးရမှာ စိတ်မသန့်တော့ဘူး၊ ကိုကို နောက်တစ်စီးအသစ်လဲပေး ... ဒါပဲ''

ကီဟာ ပြောပြီးသည်နှင့် အခန်းထဲမှ ခြေဆောင့်ထွက်လာခဲ့သည်။ အင်း ... အမုန်းမီးက ငြိမ်းသတ်မရတော့အောင် အားကောင်းကောင်းနှင့် လောင်မြိုက်နေပြီ။

ကီက ဘယ်တော့မှလည်း ငြိမ်းဖို့မစဉ်းစားပေ။ အားကောင်းသထက်ကောင်းအောင် မွှေးမြှူထားရပါဦးမည်။

❖ ❖ ❖



## အပိုင်း (၇)

သူမ ဘာပဲလုပ်လုပ် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ အမြဲရပ်တည်ပေးခဲ့သော ပါပါသည် အခုတော့ သူမအတွက် မဟုတ်တော့။ ချိုရှုအတွက်သာ ဖြစ်သွားခဲ့လေပြီ။

ကီကီသည် ဒေါသကြောင့် နှုတ်ခမ်းကို ခပ်နာနာကိုက်ထားမိသည်။ မခံချင်စိတ်၊ ဝမ်းနည်းစိတ်တွေက မျက်ရည်ကြည်တွေအဖြစ် ပြောင်းလဲစေပြီ။ ကီကီက မျက်ရည်တွေ မျက်တောင်ဖြင့် ပုတ်ခတ်သိမ်းဆည်းရင်းက ပါပါအား အထိနာစေမည့်ကိစ္စ၊ ပါပါမကြိုက်သောလုပ်ရပ်တစ်ခုအား သူမက စီစဉ်မိလေပြီ။

''ဟဲလို''

သဟာ်ဝိုင်ရဲတာဓပ

www.burmeseclassic.com

www.burmeseclassic.com



"ရော်ဘင် ... ကီကီပါ"

"အိုး ... ကီကီ ပျောက်ချက်သားကောင်းနေတာနော်၊ ကိုယ်တောင် ဒီနှစ် ကီကီ့မွေးနေ့မလုပ်ဖြစ်လို့ စိတ်မကောင်းဖြစ်နေရတာ၊ အကျဉ်းချုံးတယ်ဆို"

"အင်း ... သူငယ်ချင်းတွေနဲ့ တစ်ခုခုသွားစားလိုက်တာပါပဲ"

"ကိုယ့်တောင်မခေါ်ဘူး"

"အခု ... ခေါ်ပြီလေ၊ တစ်ခုခုသွားစားကြရအောင်၊ ကီကီ ဒကာခံပါ့မယ်၊ မွေးနေ့ပွဲအစားပေါ့"

"Ok.. ကိုယ်လာခေါ်ရမလား, ကီကီထွက်လာမလား၊ ကီကီ့ဖားသားကြီးက ကိုယ့်ဆို သိပ်ကြည်တာ မဟုတ်တော့.."

"ပါပါက ဘာမှမပြောပါဘူး၊ ရော်ဘင်ပဲ လာခေါ်လိုက်လေ၊ ကီစောင့်နေမယ်"

"Ok ... wait a minute"

ဟုဆိုကာ တစ်ဖက်မှ ဖုန်းချသွားလေပြီ။ ရော်ဘင်ကို တွေ့လျှင်တော့ ပါပါ ဘာပြောမလဲ။ သူမ, မခန့်မှန်းတတ်။ ဟိုအရင်ဟုန်းက . သူမမွေးနေ့ပွဲဆို ရော်ဘင်က အကဲဆုံး။





အပေါင်းအသင်းတွေကြားထဲမှာလည်း သူမကို အသဲဆုံးဂရုစိုက်ပြတတ်သူ။ ထို့ကြောင့် ပါပါကပင် တစ်ခဏချင်း သတိပြုမိသွားပြီး ...

"ပါပါကတော့ အဲဒီကောင်လေးရဲ့မျက်လုံးတွေကို မကြိုက်ဘူး သမီး၊ လိုတာထက်ပိုနေတာ ဟန်ဆောင်မှုပဲ၊ မရိုးသားတဲ့အရိပ်တွေ သူ့မျက်လုံးထဲမှာ တွေ့နေရတယ်"

"ပါပါက သူနဲ့တွဲတာ မကြိုက်ဘူးလား"

"ပါပါ့ကို ခေတ်နောက်ပြန်ဆွဲမယ့်မေးခွန်းတွေ မမေးနဲ့ သမီး၊ ပါပါက ဒီခေတ်လူငယ်တွေရဲ့စိတ်သဘောကို အမီလိုက်နိုင်ပါတယ်ကွ၊ မတွဲစေချင်လို့မဟုတ်ဘူး ... သတိထားပြီး တွဲဖို့ပြောတာ"

လို့ ပါပါဆိုခဲ့ပြီး နောက်ပိုင်းထဲက သူမက ရော်ဘင်ကို ခပ်ခွာခွာနေခဲ့ခြင်းပါ။ ပါပါ စိတ်ချမ်းသာအောင်၊ ပါပါသဘောကျဆိုပြီးတော့လေ၊ အခုတော့ ပါပါက သူမဘက်မှာမှ မရှိတာ။

ထူးပြီး လိမ္မာပြမနေချင်တော့။ သူမ လိမ္မာပြတော့ရော ပါပါက အကောင်းမြင်မတဲ့လား။ ဟွန်း ... ပါပါ့မျက်လုံးထဲ ဟိုလူက,တစ်ပါး တခြားဘယ်သူမှရှိတာမှ မဟုတ်တာကို။



www.burmeseclassic.com

www.burmeseclassic.com



သူမက ခပ်ရွှဲရွှဲတွေးကာ မျက်တောင်ကော့ခြင်းကို အဆုံးသတ်သည်။ ထိုအခိုက်မှာပဲ အောက်ထပ်မှ ...

'တီ ... တီ'

ဟူသော ကားဟွန်းသံနှင့်အတူ ...

"မမလေး ... ဧည့်သည်ရောက်နေပါတယ်"

အိမ်အကူကောင်မလေးက လာပြောတာကြောင့် ...

"အေး ... အေး ... လာပြီ"

သူမက လက်ကိုင်အိတ်လေး ဝေ့ယမ်းဆွဲကာ အပေါ်ထပ်မှ မြူးကြွသောခြေလှမ်းများဖြင့် ဆင်းလာခဲ့သည်။ ရော်ဘင်အား ဧည့်ခန်းထဲ၌ ပါပါနှင့်အတူ ထိုင်နေတာ တွေ့ရ၏။ ပါပါ့ဘေးနားမှတော့ သူမ,မုန်းသည့်လူ။

"သမီးက ဧည့်သည်ကိုခေါ်ပြီး နောက်ကျနေတာကို၊ ဒါနဲ့ ပါပါကခေါ်ပြီး ဧည့်ခံထားပါတယ်ဗျာ"

"So thanks ပါပါ"

"ဘယ်သွားကြမလို့လဲ သမီး"

"ကီကို့မွေးနေ့တုန်းက ရော်ဘင် မစားရဘူးလေ၊ ပါပါက ကို့မွေးနေ့ကို ဖျက်တာလေ ရော်ဘင်ရဲ့၊ အဲ့ဒါကြောင့် ဒီနေ့





လိုက်ကျွေးမလို့"

"ဩော် ... ဩော် ... ကျွေးတာကတော့ ဟုတ်ပါပြီ၊ ရော်ဘင့်ကားနဲ့ သွားကြမှာလား"

"ဟုတ်ပါတယ် အန်ကယ်၊ ပြီးရင် ကျွန်တော်ကိုယ်တိုင် ကီကို့ကို ပြန်ပို့မှာပါ ... စိတ်ချပါ"

"ရော်ဘင့်ကို စိတ်ချပါတယ်၊ စိတ်မချတာ ကီကို့ကို"

"အမယ် ... ပါပါက"

သူမက ဆတ်ခနဲ ခါးထောက်ကာ ရန်တွေ့ဟန်ပြင်တော့ ပါပါက ထ,ရယ်သည်။

"ရန်စွာမလေးရဲ့ ပါပါ့စကားကို ဆုံးအောင်နားထောင် ... ဒီနေ့နေ့လယ် ဆယ့်နှစ်နာရီမှာ ပါပါသွားရမယ့်ပွဲတစ်ခု ရှိတယ်၊ သမီးပါ လိုက်ရမှာ"

"ဆယ့်နှစ်နာရီအရောက် ပြန်ခဲ့မယ်"

"အေး ... အဲ့လိုပြောမယ်တော့ ထင်သား၊ ဒါပေမဲ့ .. တကယ့်အရေးအကြောင်းကျရင် သမီးမှာက ဘယ်သူငယ်ချင်း ခေါ်လို့၊ ကားက ဘာဖြစ်လို့နဲ့ ပြဿနာတွေက အစုံပေါ်နေကျ"

"ဒါကတော့ ပါပါရယ် ... အဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပါပါပြောတဲ့အတိုင်း မှန်နေတာမို့ ဖက်ကလေး ပုကာ ရယ်နေရပါသည်။

"အဟဲမနေနဲ့၊ အဲ့ဒါကြောင့် ကိုယ့်ကားကိုယ်ယူသွား၊ ချိုရှကို ကားမောင်းပေးဖို့ထည့်ပေးလိုက်မယ်"

"ပါပါ"

သူမက အလိုမကျသလိုအော်သည်။

"ဟုတ်ပါတယ် အန်ကယ်၊ ဒီက ကိုချိုရှလည်း သက်သက်အလုပ်ပိုပါတယ်၊ ကျွန်တော် အချိန်မီပြန် ..."

ရော်ဘင့်စကားမဆုံးလိုက်ရ။ ပါပါက လက်ကာဟန့်တားပြီး ...

"အလကား ... ရော်ဘင်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်အောင်၊ ကြိုက်တဲ့ဆိုင်မှာကျွေး၊ ပြီးရင် သမီးက မောင်းမယ့်သူအဆင်သင့်ရှိတဲ့ကားပေါ် တက်ထိုင်ပြီး ပြန်ခဲ့ရုံပဲ၊ ကဲ ... သွားကြတော့၊ သားရေ ... ကီကို့ကို ဆယ့်နှစ်နာရီအတိ ပြန်ခေါ်ခဲ့နော်"

"ဟုတ်ကဲ့ ... အဖေ"

သူ့လက်ထဲမှာ ဘယ်အချိန်ကတည်းက ယူပြီးမှန်းမသိသော သူမရဲ့ကားသော့၊ ကီကီသည် သူ့အား ခပ်စိုက်စိုက်ကြည့်





ပြီး မှန်းတီးရန်လိုသော လေသံဖြင့် ...

"ရှင်ကြားတယ်နော် .. ပါပါက ရှင့်ကို ကီကို့ရဲ့ဒရိုင်ဘာအနေနဲ့ ထည့်ပေးလိုက်တာ၊ ဆရာကြီးစတိုင်တွေကို ဒီညသ်ခန်းထဲမှာပဲ ခဝါချခဲ့"

လို့ ကီကီက ပြောသောအခါ ...

"ကောင်းပါပြီ"

သူက တုံ့ပြန်လာတာဖြစ်သည်။ ကီကီနဲ့ပတ်သက်တိုင်း သူဟာ အေးတိအေးစက်လုပ်တတ်တာ။ နာခံသယောင်နှင့် ရင့်ကျော့ကျော့မျက်နှာပေးဖြင့် နေတတ်တာကို သူမက အသည်းယားမဆုံး။ အမုန်းပွားမဆုံးပါပေ။

ဒီလိုနှင့် ပါပါက ရော်ဘင်နှင့် ဘယ်သွားသွား သူ့ကိုပါ ထည့်လွှတ်သည်။ ဒီတော့ သူမကလည်း ကောင်းကောင်းအရွဲ့တိုက်ပြီး ...

"ပါပါ ... ဒီည ယုယတို့နဲ့ ချိန်းထားတယ်"

"ဘယ်ကိုလဲ သမီး"

"I.C ရှိုးကြည့်မယ်၊ ပြီးရင် ကလပ်မှာ သွားက,မလို့"

"ညဥ့်နက်မှာပေါ့ သမီးရယ်၊ ဒီည ရှိုးကြည့်၊ နောက်ည



www.burmeseclassic.com

www.burmeseclassic.com



တွေမှ ကလပ်တက်ပေါ့၊ နှစ်ခုလုံးဆိုရင် ပါပါ့သမီးလေး ပင်ပန်းနေဦးမယ်''

''မပင်ပန်းပါဘူး။ ညဥ့်နက်လည်း ပါပါမပူရပါဘူးနော်၊ ကီကို့နားမှာ ဘော်ဒီဂတ်ထည့်ပေးထားသားပဲ၊ အဲဒီဘော်ဒီဂတ် စွမ်း,မစွမ်းတော့ တစ်နေ့လောက်စမ်းကြည့်ရဦးမယ်''

သူမက ပါပါ့ကို အရွဲ့တိုက်ချင်ဖောဖြင့် မထိတထိဆိုလေသည်။ တကယ်လည်း သူမ,သွားသောနေရာတိုင်း ဒင်းက လိုက်ပို့ရ၏။ မတည့်အတူနေဆိုတာ ဒါမျိုးထင်ပါရဲ့။

ကီကို့ကားဟာ ပထမကားတုန်းကလိုပဲ အမိုးဖွင့်ပြိုင်ကားလေး။ အရောင်ကတော့ ဒီတစ်ကြိမ်ငွေမင်ရောင်။ ပြိုင်ကားတို့ထုံးစံအတိုင်း လူက ရှေ့ခန်း၌ နှစ်ယောက်သာထိုင်စီးလို့ ရသည်။

ထိုအခါမျိုး၌ ကီကီက မျက်နှာကြောကို အစွမ်းကုန်တင်းပြီးနေလေ့ရှိသည်။ သူမက အခွင့်အရေးပေးပြီးခေါ်သည့်အတွက် ရော်ဘင်ကတော့ ကီကီသွားလေရာနေရာတိုင်း၌ အရိပ်ပမာ။

မီးပွိုင့်မိလျှင် ဘေးချင်းယှဉ်ရပ်ကာ စကားပြောကြသည်။





ဘယ်နေရာကိုသွားသွား ဒင်းကိုမခေါ်။

''ကားပေါ်ကပဲ စောင့်နော်၊ ဒီကားရဲ့တန်ဖိုးကို ရှင်သိပါတယ် ... ဒါကြောင့် ပွန်းရာပဲ့ရာလေးတောင် မရှိစေနဲ့''

လို့ အမိန့်ပေးပြီး ရော်ဘင်နဲ့သာ စုံတွဲခုတ်တတ်သည်။ ကျန်သောသူမရဲ့အပေါင်းအသင်းတွေကတော့ ချိုရှုအကြောင်းဆို တီးတိုးကပ်ပြီး သဖန်းပိုးလုပ်ချင်တာပင်။

''ဟဲ့ ... မိန်းမ ... အဲဒါ နင့်အစ်ကိုလား''

''မဟုတ်ပါဘူး''

''အမယ် ... ဒိုင်လျှိုမနေနဲ့နော်၊ အစ်ကိုဆိုရင် ငါ့ကိုပေးပါလား ယောက်မရယ်၊ ဒီဖိုင်းက မိလွန်လွန်းလို့''

''ဟဲ့ ... မိရုံတင်မကဘူး။ တည်တယ်၊ ခန့်တယ်၊ သန့်တယ်''

''ဒါဆို ဟိုပုဆိုးကြော်ငြာထဲကလို ခန့်ချောကြီးပေါ့ ... ဟုတ်လား''

ကောင်မလေးတွေက စိတ်ထင်ရာပြောပြီး တဟီးဟီး တဟားဟားရယ်ကြ၏။ သူမတို့ပြောနေသောနေရာက ကားနဲ့ သိပ်အလှမ်းမဝေးသောကြောင့် သူ ကြားမည်မလွဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် စတိုင်က လုပ်တုန်း။ ကူရှင်ပေါ် ခေါင်းကို ခပ်လျှောလျှောမှီကာ မျက်နှာပေါ်ဦးထုပ်နှင့်ဖုံးထားသေးသည်။

သူမက မြင်ပြင်းကတ်စွာ နှုတ်ခမ်းကိုမဲ့ကွေးချပစ်ပြီး ...

"တော်စမ်းပါ ... အဲ့ဒါ ငါ့ဒရိုင်ဘာဟဲ့၊ ပါပါက ငါလိုတာ ခိုင်းလို့ရအောင် ထည့်ပေးထားတာ"

"ဟယ် ... နင်ကလည်း ပြောတာ ရက်ရက်စက်စက်"

"မရက်စက်နဲ့လေ ... အမှန်အတိုင်းပြောတာ၊ သူနဲ့ ဇာတ်လမ်းလုပ်ချင်ရင်ပြော၊ တစ်ခါတည်း ကျွန်ဝယ်ရာအဆစ်ပါ သွားမယ်"

"ဟဲ့ ..."

ဟု မိန်းမတွေက ပိုင်းဟန့်ကာ သူမကို ခပ်တိုးတိုးဝေဖန် ပါတော့သည်။

"လူတစ်ဖက်သားကိုဟယ် ... အဲ့လောက်ထိ ချိုးနှိမ်ပြီး မပြောပါနဲ့"

"အေးလေ ... ငါတို့က ခင်လို့စတဲ့ဥစ္စာ"

"စချင်စ ... ငါကတော့ ဂရုမစိုက်ဘူး၊ ငါကပြောရင်





ပြောတဲ့အတိုင်းလုပ်မှာ၊ ကဲ ... ဘယ်သူ အဆစ်ပါချင်လဲ ... ပြော"

"မပါချင်ဘူး"

လို့ သံပြိုင်ဝိုင်းအော်ကြသည်။ သူမက အဲ့ဒီလို၊ သူ့ကို နှိမ်ချဆက်ဆံရန် အမြဲတမ်း အသင့်ပြင်ထားသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



--------------------‖

"အဖေ နေမကောင်းဘူး ကီကီ"

သူက အဲဒီစကားကို ကလပ်မှအပြန်လမ်း၌ ဖြစ်သည်။ သူမကတော့ ဖွင့်ထားသည့်သီချင်းပင် လိုက်ဆိုတာမပြတ်။ သူ့ကိုတော့ မျက်လွှာတစ်ချက်ပင့်ကြည့်ပါသည်။

သူကတော့ ဆက်ပြောရမည့်တာဝန်ရှိသည့်အတိုင်း ကားကို လမ်းဘေးတစ်နေရာထိုးရပ်လိုက်ပြီး ...

"သွေးတိုးရှိတယ်လို့ပြောတယ်၊ သွေးတိုးနောက်မှာ နှလုံးရောဂါတို့, ဆီးချိုတို့ပါ ပါလာနိုင်တယ်တဲ့၊ အဖေ့ကို အနေအထိုင်, အစားအသောက်ကအစ ဂရုစိုက်ရတော့မယ်"

"အဲ့ဒါ ဘာလို့ ကီ့ကို ပြောနေရတာလဲ"

"မပြောလို့ မဖြစ်ဘူးလေ ...မင်းက အဖေ့သမီးပဲ ဥစ္စာ"

"ရှင်တစ်ယောက်လုံး ရှိတာပဲ ...ဂရုစိုက်လိုက်ပေါ့"





"ကျွန်တော် ဂရုစိုက်လို့ရတယ်၊ ဒါပေမဲ့ အဖေ့အလုပ်တွေက ရှိသေးတယ်၊ ပြီးတော့ ကီကီ့ကို လိုက်ပို့လိုက်ကြိုနဲ့ဆိုတော့ အဖေ့ကို ထင်သလောက် ဂရုမစိုက်ရဘူးဖြစ်နေတယ်"

"အဲဒါဆိုလည်း လွယ်သားပဲ၊ ကီ့ကို အကြိုအပို့တာဝန် မယူနဲ့တော့ပေါ့"

သူမက မျက်တောင်လေးစင်းချကာ ဆိုလေသည်။

တကယ်မထီမဲ့မြင်သဏ္ဍာန် ...။

အင်း ...ချီရှဟာ ဒီကောင်မလေးရဲ့ပုံကိုကြည့်ပြီး အသည်းတယားယားဖြစ်သွားရတော့တာ အမှန်ပါ။

ဒီကောင်မလေးဟာ ရုပ်ရည်ရူပကာလေးက တကယ့်အလှပဂေးလေးဖြစ်နေပြီး ဘာကြောင့်များ ကြွပ်ဆတ်မာကျောနေရတာပါလိမ့်။

"ကီ့အကြိုအပို့အတွက် ရော်ဘင်ရှိတယ်"

"သူ့ကို အဖေက စိတ်မချဘူး"

"ရော်ဘင်က မိကောင်းဖခင်သားသမီးပါ၊ ရှင်နဲ့တောင် စိတ်ချသေးတာပဲ"

"မိဘကောင်းတိုင်း သားသမီးကောင်း မဖြစ်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကီကီ၊ လူဆိုတာ သူ့ဗီဇနဲ့သူ လာတာ၊ တကယ့်စိတ်ရင်းနဲ့ သတိပေးချင်တယ် ... ရော်ဘင့်ကို သိပ်မယုံကြည်စေချင်ဘူး"

"ငါကလွဲရင် တခြားယောက်ျားတွေမကောင်းဘူးဆိုတဲ့ သဘောလား ချိုရှ"

သူ သက်ပြင်းတစ်ချက်ချမိသည်။ ဒီကလေးမအတွက် ရင်လေးလွန်း၍ပါ။ ညီမအရင်းဖြစ်ရင်လည်း အကောင်းသား။ အခုတော့ ဘာမဆိုင်၊ညာမဆိုင်မှာ သူက စည်းကမ်းတွေချမှတ်ပေး၍ ဘယ်သူနာခံပါမှာလိမ့်။

ကားစက်နှိုး၍ အိမ်အပြန်လမ်းဆီ ဦးတည်မောင်းလာသည်။ အဖေက ယုံကြည်သည်ဆိုသော်ငြား သူတို့နှစ်ယောက်က တကယ့်သွေးမတော်သားမစပ်။ တိတ်ဆိတ်၍လူသူကင်းရှင်းသော ညပတ်ဝန်းကျင်၌ နှစ်ယောက်တည်း မနေသင့်တာတော့ အမှန်ပင်။

ဒါဟာ သူမလေးအတွက် သူစဉ်းစားပေးခြင်းပါ။

ရော်ဘင်ကတော့ အဲ့ဒီလိုစဉ်းစားပေးပါ့မလား။ သူက ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းခါယမ်းရင်း ...

"အလည်အပတ်တော့ နည်းနည်းလျှော့ပါ ကီကီ၊





အဖေ့ကို ဂရုစိုက်ပြုစုဖို့ အနားမှာလူလိုတယ်"

"ကျစ် ... ဒီမယ် ... ရှင်နေရာတကာ ဆရာကြီးလုပ်ပြီး ပါဝါတွေသိပ်မပြနဲ့၊ ပါပါက ကျွန်မအဖေအရင်း ... ကျွန်မ သိတယ်၊ အမေကျော်ခွေးတော်လွှမ်းမနေနဲ့"

သူမတုံ့ပြန်ချက်က ပြင်းပါသည်။ သူ့ဆို ဘယ်တော့မှ အကောင်းမမြင်သော ကီကီသည် အဖေ့နားလည်း မကပ်ပေ။ မိုးလင်းလျှင် အဖေ့အခန်းထဲဝင်လာကာ ...

"ပါပါ ... နေကောင်းတယ်မဟုတ်လား ... တစ်ခုခု ဆို ကို့ကိုပြောနော်၊ ဒီနေ့တော့ ကီ ယုယတို့နဲ့ချိန်းထားလို့ Shopping ထွက်ဦးမယ်၊ ပါပါ့အတွက် တည်းသီးအုန်းနို့ဆမ်း ဝယ်ခဲ့ရမလား"

"အဖေနဲ့မတည့်ဘူး ကီကီ"

သူက မနေနိုင်၍ ဝင်ပြောမိလျှင် နဂါးမျက်စောင်းက သူ့ထံကျရောက်လာပြန်ပါသည်။

"သိတယ် ... ရှင်လျှာမရှည်နဲ့၊ ကိုယ့်အဖေတောင် လွတ်လွတ်လပ်လပ် မကျွေးရတော့ဘူး၊ စိတ်ဓာတ်ကျစရာပဲ"

"ကဲပါ သမီးရယ် ... ချိုရှက ပါပါ့အတွက် စိုးရိမ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ၊ စိတ်မဆိုးရဘူး၊ shopping က ယုယတို့နဲ့ပဲလား''

''အင်း ... ဟုတ်တယ်ပါပါ၊ မိန်းကလေးတွေချည်းပဲ၊ ဘာမှစိုးရိမ်မနေနဲ့ ... သွားပြီနော်''

သူ့နဖူးကို ရွှတ်ခနဲနမ်းကာ ထွက်သွားသောသမီးကျော ပြင်ကိုငေးကာ ဦးသက္ကပြုံးရသည်။ အနားဌရှိသော သားကတော့ မှုန်တေတေ။

''အဖေ့သမီးကို သိပ်လျှော့မပေးနဲ့ဗျ၊ အဖေကိုယ်တိုင် က ကြပ်ကြပ်မတ်မတ်ပြောမှပေါ့၊ အဖေက,မပြောတော့ အဖေ ဖြစ်စေချင်တဲ့အတိုင်း ကျွန်တော်က ပြောရရော၊ အဲဒီတော့ ကျွန်တော်က ငပွကြီးဖြစ်တာပေါ့''

''အေးပါ သားရယ် ... ကီကီက မရင့်ကျက်သေးတာ တစ်ခုပါပဲ၊ အခုမှ အသက်ကလည်း ဆယ့်ကိုးနှစ်ကျော်ကျော်ပဲ ရှိသေးတာကိုးကွ''

''အင်း ... မရင့်ကျက်သေးတာ, ကလေးဆန်တာနဲ့ ပြီးနေတာပဲ''

''မင်းကလည်းကွာ ... တဖျစ်တောက်တောက်နဲ့''

အဖေက ရယ်ပြီးပြောတော့ သူ ဆက်မတင်းခံနိုင်။





''အဖေ့အတွက်ပြောတာ''

''သိပါတယ်ကွာ၊ ဒါပေမဲ့ အဖေက လူမမာကြီးမှ မဟုတ်တာ၊ အသက်ကြီးလာတော့လည်း ယိုယွင်းတာတွေရှိတာ ပေါ့၊ အနေအထိုင်,အစားအသောက်ဆင်ခြင်ရင် ပြီးတာပဲကိုး၊ ရတယ် ... အဲ့လောက်ထိ ဂရုမစိုက်နဲ့၊ မင်း ဟိုတယ်သွားရမှာ မဟုတ်လား ... သွားတော့''

''အဖေကရော''

''ဆောက်လက်စ,တိုက်ကို သွားကြည့်ရဦးမယ်၊ အဖေ ကိုယ်တိုင် မဆင်းရင် မန်နေဂျာကအစ နိုးချင်တယ်ကွ''

''တေဇကိုလွှတ်လိုက်ပါလား အဖေရာ ... နေပူတယ်''

''ဟိတ်ကောင် ... ငါ လူမမာမဟုတ်ပါဘူးဆို ... ဒီမှာ ကြည့်''

အဖေက သူ့လက်မောင်းဆီ လက်သီးတစ်လုံး ပစ်သွင်း သည်။ ရုတ်တရက်မို့ ရှောင်ချိန်မရ၊ အောင့်တက်သွား၍ ချိုရှု မျက်နှာက ရှုံ့မဲ့မဲ့။

''ဘယ့်နှယ့်လဲ ... အားရှိသေးတယ် မဟုတ်လား''

''ရှိပါတယ် ... ရှိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းလည်းသွားတော့၊ ငါလည်းသွားမယ်"

"တေဇတော့ ခေါ်သွားအဖေရာ ... နော်"

သူက ထပ်အရေးဆိုတော့ အဖေ မငြင်းနိုင်။ သူ့မှာ တေဇကို တတွတ်တွတ်မှာပြီး အဖေ့နောက် ထည့်ရသည်။ စိတ်ကတော့မချ။ ဆရာဝန်ရဲ့အဆိုအရဆို သွေးတိုးနောက်မှာ ရောဂါတွေက တသီကြီးပါလာနိုင်သည်တဲ့လေ။

သူသည် ပြန်တွေ့ရသော သက်တမ်းတိုလေးအတွင်း အဖေနှင့် အကြာကြီးနေချင်သေးသည်။ သူ့ဘဝဟာ စမွေးဖွားကတည်းက အရှုံးတွေနှင့်လူမို့ လောကကြီးအား တစ်ကြိမ်တစ်ခါတော့ နိုင်ချင်ပါသေးသည်။

သူ အဲဒီလောက်တဖွဖွမှာ၊ အရိပ်တကြည့်ကြည့်ဂရုစိုက်နေသည့်ကြားမှပင် တစ်ညနေတော့ ဟိုတယ်က သူ့ထံ ဖုန်းဝင်လာခဲ့သည်။ ဆက်သူက တေဇ။

"ဟော့ကောင် ... ဦးသက် ရေချိုးခန်းထဲ မူးလဲသွားလို့ ငါ ဆရာဝန်ခေါ်ထားတယ် ... မင်းလာခဲ့"

ဟူသော သတင်းကြောင့် အိမ်ကို ဒုန်းစိုင်းပြေးခဲ့သည်။ အိမ်ရောက်တော့ အဖေက အခန်းထဲ ခုတင်ပေါ်၌ပက်လက်





လေး။ သူ စိုးရိမ်တကြီး အဖေ့ခုတင်ပေါ် တင်ပါးလွှဲဝင်ထိုင်သည်။

"ဘယ်လိုဖြစ်ရတာလဲ အဖေရယ်"

"ခေါင်းကြီးအုံတယ်ဆိုပြီး ခေါင်းလျှော်လိုက်တာ ... သ ားရေ့ ရပါပြီ ... အဖေ ဘာမှမဖြစ်တော့ပါဘူး"

"အဖေရယ်"

သူက မချိတင်ကဲ ရေရွတ်သည်။ ဆရာဝန်ကတော့ ..

"အဲဒါ သတိထားရမယ်ဗျ၊ သွေးတိုးသမားတွေက သွေးတက်နေမှန်းမသိဘဲ ခေါင်းလျှော်တာတို့ မလုပ်သင့်ဘူး၊ ခေါင်းခဲနေတာက လူကောင်းဆိုရင် ခေါင်းလျှော်လိုက်ရင် သက်သာပေမယ့် သွေးတိုးသမားကျတော့ မရတော့ဘူး၊ နောက်တစ်ခါဆို ကိုယ့်ဟာကိုယ် သွေးချိန်ပါ၊ ပြီးမှ လုပ်ချင်တာလုပ်ပါ ဦးသက္က"

လို့ အဖေ့ကိုသတိပေးပြီးမှ သူပြန်လိုက်ပို့သောအခါ ..

"လူနာက နှလုံးသွေးကြောကျဉ်းချင်တယ်ဗျ၊ ကျွန်တော်အားမရဘူး၊ ဖြစ်နိုင်ရင် body check up လုပ်စေချင်တယ်၊ ဒါဆို ဘာရောဂါဖြစ်သလဲ ... စောစောစီးစီးသိရတော့ ကုရတာလွယ်တာပေါ့"

"ဟုတ်ကဲ့ဆရာ ... ကျွန်တော် စီစဉ်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့နား ပြန်ထိုင်တော့ နေအတော်စောင်းနေပေပြီ။

"ကီကီမရောက်သေးဘူးလား သား"

"အင်း ... မတွေ့ဘူး အဖေ ... အပြင်သွားလို့လား"

"မနက်ကတည်းက ယုယတို့အိမ်ဆိုပြီး ထွက်သွားတာပဲ"

"ဟာ ... ဒီကောင်မလေးက မိုးပဲချုပ်နေပြီ၊ တေဇ ... ယုယတို့အိမ် ဖုန်းခေါ်ကြည့်စမ်း"

သူက တေဇကိုခိုင်းတော့ တေဇက ဖုန်းခေါ်ရန် ထွက်သွားလေပြီ။

"ယုယတို့အိမ်မှာပဲဆိုရင်တော့ သားသွားခေါ်လိုက်ပါ၊ မိုးကြီးချုပ်နေပြီ၊ ကားလည်း မပါသွားဘူး"

"ဟုတ်ကဲ့ အဖေ"

အဖေ့အမိန့်ဆို သူက ဘာမဆို နာခံရန်အသင့်။ သူ့ကြောင့် အဖေ စိတ်ဆင်းရဲစေဖို့အကြောင်း မရှိစေရ။ ထိုအခိုက်မှာပင် တေဇက ကော့လက်(စ်) ဖုန်းကိုကိုင်ပြီး အခန်းဝကနေ သူ့ကို လက်ယပ်ခေါ်လေသည်။ သူ့အနား ထသွားတော့မှ ...

"ယုယတို့အိမ်မှာ မရှိဘူးတဲ့"



BURMESE CLASSIC .com



"ဘာ ... ပေးစမ်းဖုန်း"

သူ ဖုန်းကိုဆွဲယူပြီး နားမှာကပ်သည်။

"မနက်က ယုတို့ဆီ လာတယ်၊ ညနေစောင်းလောက်မှ ဇော်ဘင်ခေါ်လို့ လိုက်သွားတာ"

"ဇော်ဘင်က ဘယ်ကိုခေါ်သွားတာလဲ"

"အင်း ... အတိအကျတော့ ယုမသိဘူး၊ ဒါပေမဲ့ မိန်းကလေးတွေကို propose လုပ်တိုင်း လှည်းကူးက သူ့ခြံကို ခေါ်သွားတာပဲ"

"ဘာ ... လှည်းကူးကခြံ"

"အင်း ... ကီကီ့ကို သူ propose လုပ်မယ် သတင်းကြားတာပဲ"

"လှည်းကူးဘယ်နားလဲ"

"လှည်းကူးမြို့အထွက်ကခြံပဲ၊ ရှေ့မှာ သီရိဂေဟာခြံလို့ ဆိုင်းဘုတ်တပ်ထားတယ်"

"ကျေးဇူးပဲ ယုယ"

သူက ဖုန်းချကာ ကားသော့ကောက်ကိုင်သည်။

"အဖေမေးရင် ငါ ကီကီ့ကို သွားခေါ်တယ်လို့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တေဖ"

ဟုဆိုကာ သူ ကားဆီ တစ်ဟုန်ထိုးပြေးဆင်းခဲ့၏။ တစ်စက္ကန့်တောင် နောက်ကျ၍မဖြစ်မှန်း သူသိနေသည်။ သူ့ နောက်ကျခြင်း၊ စောခြင်းသည် ကီကို့ဘဝနှင့် အများကြီးသက်ဆိုင်ပါသည်။

အဖေပေးထားသည့်တာဝန်၊ သူမကိုစောင့်ရှောက်ရမည့်တာဝန်မကျေမှာရော၊ သူ့ရင်ထဲက သီးခြားပေါက်ဖွားလာသော စိုးရိမ်ခြင်းအတွက်ပါ သူ့ရင်က မီးဟုန်းဟုန်းတောက်နေပြီ။

ငါ ... မင်းကို ဟန်ဆောင်ခြင်းမရှိဘဲ တကယ်စိုးရိမ်တာပါ ... ကီကီ။

❁ ❁ ❁



BURMESE CLASSIC .com

## အပိုင်း (၈)

ကီ ကို့အမြင်တွေဝေ့ဝါးကာ ခေါင်းထဲ ချာချာလည်မူးတက်လာရသည်။ ကြည့်စမ်း ... ကျောချမှ ဓားပြမှန်း သူမ သိရလေပြီ။ ဒါပေမဲ့ ကီကီ သတိမလွှတ်သေး။

"ခေါင်းအရမ်းမူးနေပြီဆို လှဲမလား ကီကီ"

"သွားစမ်း ... မလှဲဘူး၊ ငါ့ကို ပြန်ပို့စမ်း ရော်ဘင်၊ နင်မယုတ်မာနဲ့"

"ဟား ... ဟား ... ဒေါသတွေချည်းပဲ ကီကီ၊ ဒါပေမဲ့ ဒေါသထွက်လည်း နင်က လှတာပါပဲ၊ အခုနေ မလှဲလည်း သိပ်မကြာခင် နင်လဲတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"တော် ‥ စမ်း"

သူမက အားရှိသ၍ အော်သည်။ ဒါပေမဲ့ အသံက ထင်သလောက်ထွက်မလာ။ အနိုင်နိုင်ထရပ်သော သူမသည် မယုံနိုင်စရာကောင်းလောက်အောင် ဆိုဖာပေါ် ပြန်လဲသွား၏။

"ကဲ ‥ ငါမပြောဘူးလား … အလိုလိုနေရင်း လဲမှာပါလို့၊ ဒေါသတွေကြီးမနေပါနဲ့ အချစ်လေးရယ် … ပင်ပန်းပါတယ်၊ အေးအေးဆေးဆေးလေးနေ … နင့်ကို ငါလက်ထပ်ယူမှာပါ"

ပြောရင်း သူမကိုယ်ပေါ် ပိကျလာသည့် လေးလံသည့် ဝန်ထုပ်ဝန်ပိုး။ ဒါဟာ ရော်ဘင့်ကိုယ်ကြီးဆိုတာ သိနေသည်။

"လွှတ်စမ်း … နင် ငါ့ကိုလွှတ်စမ်း … လူယုတ်မာခွေးကောင်"

သူမကတော့ အားရှိသလောက် ရုန်းသည်။ မူးဝေသောအရှိန်က လျော့မသွား။ ရုန်းအားပျော့ကာ တစ်ချက်တစ်ချက် သတိလစ်မတတ်။ ဘုရား … ဘုရား … သူမ ရေတိမ်နစ်တော့မည် ထင်ရဲ့။ လူက အသက်ရှူမဝ။ မွန်းကြပ်လာရသည်။

ထိုအခိုက်မှာပင် …

"ဟေ့ကောင်"





ခေါ်သံက မာန်ပါသည်။ ပြီးတော့ သူမ,ရင်းနှီးဖူးသော အသံ မျက်လွှာကို ဖွင့်ကြည့်တော့ …

"ချိုရှ"

သူမအသံက သဲ့သဲ့လေး။ သူမအပေါ်မှ ရော်ဘင့်ကိုယ်ကြီး လွင့်ထွက်သွားသည်။ နောက် … ချိုရှတစ်ယောက် စိတ်ရှိလက်ရှိ ထိုးနှက်ကန်ကျောက်နေတာတွေ့ရ၏။

ပြီးမှ သူမဆီလှမ်းသော ချိုရှ …။

"ရော့ … အပေါ်ကအင်္ကျီ ထပ်ဝတ်ထား"

ချိုရှက ရီဝေမူးနောက်နေဟန်ရှိသော သူမအား ဂျက်ကက်ချွတ်ပေးလိုက်သည်။ ဒါတောင် ဝတ်ဖို့အနိုင်နိုင်ရယ်မို့ သူကပင် ဝတ်ပေးရ၏။ အင်္ကျီကြယ်သီးတွေ ပြုတ်ထွက်နေတာများ မြင်လို့ပင်မကောင်း။

ဒါလား မိကောင်းဖခင်သားသမီး။ အလစ်ချောင်းနေသည့် ကျားစေဦးလဲလိုကောင်မျိုးကို သူမက မိကောင်းဖခင်သားသမီးတဲ့။ သူပွေ့ချီခေါ်လာတော့ သူမက ကလေးတစ်ယောက်လို ပျော့ခွေနွမ်းဖတ်စွာပါလာသည်။

အချိန်လည်း မနည်းတော့။ သူမကို အရိပ်တကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နှင့် ရန်ကုန်ကို တစ်ရှိန်ထိုးကားမောင်းပြန်လာရ၏။ ခြံရောက်တော့ ဟွန်းပင်မတီးရ။ ဦးလေးကျော်က တံခါးအဆင်သင့်ဖွင့်ပေးကာ ...

"ကလေးပါလာလား သား"

"အင်း ... ပါလာတယ်"

"တော်သေးတာပေါ့၊ ဆရာ မအိပ်ဘဲစောင့်နေတယ်"

"အဖေ သိသွားပြီလား"

"အေး ... ရောက်မလာလို့ ယုယတို့အိမ် ဖုန်းဆက်လိုက်တာနဲ့ ..."

ဦးလေးကျော်စကား သူဆုံးအောင် နားမထောင်တော့ဘဲ ကားမောင်းဝင်လာခဲ့သည်။ ညေ့ခန်းထဲမှာ စိုးရိမ်ပူပန်ခြင်း၊ စိတ်လှုပ်ရှားခြင်းတွေဖြင့် အဖေ့ကို တွေ့ရသည်။ အဖေ စိတ်ထိခိုက်မည်စိုး၍ သူဖုံးကွယ်ထားမည်ဟူသော အကြံအစည်က လေထဲမှာပင် ပျောက်ကွယ်သွားခဲ့ပြီ။ သူ ကီကီ့အား ပွေ့ချီပြီး တက်လာသောအခါ ...

"ဘာဖြစ်သွားသေးလဲ ... သား၊ သမီး ဘာဖြစ်သွားသေးလဲ"





"မဖြစ်ဘူး အဖေ ... စိတ်မပူနဲ့၊ ဘာမှမဖြစ်ဘူး၊ ကျွန်တော် အချိန်မီခေါ်လာတာ၊ စိတ်အေးအေးထားပါ အဖေ"

သူက ကီကီ့ကို ဆိုဖာပေါ်ချပြီး အဖေ့ကို ပျာပျာသလဲ ရှင်းပြရသည်။ စိုးရိမ်စိတ်ဖြင့် အဖေ နောက်တစ်ကြိမ်လဲမှာကို သူ စိတ်ပူလှပါသည်။

"သမီးက သတိလစ်နေတာလား၊ ကီကီ ... သမီး"

"အိပ်ဆေးမိထားတယ် အဖေ ... သူ လန့်လည်းလန့်သွားမှာပေါ့၊ ရွှေမိ ...,နင့်မမလေးကို အကျီလဲဖို့ အဆင်သင့်လုပ်ထား၊ ငါ အိပ်ခန်းထဲ ပို့ပေးမယ်၊ တော ... ဆရာဝန်ခေါ် ... သူ ရှော့ (ခ်) ရသွားတယ်နဲ့တူတယ်"

သူက တရစပ်ညွှန်ကြားရင်း ...

"အဖေ ... ဘာမှမဖြစ်ပါဘူးနော်၊ ခေါင်းမူးသေးလား၊ ဘာဖြစ်သေးလဲ"

ဦးသက္ကသည် တစ်ယောက်တည်းနှင့် သမီးရော သူ့ကိုပါ စိုးရိမ်စိတ်ဖြင့် ဗျာများနေသော သားကိုကြည့်ကာ ရင်ထဲ ဝမ်းသာကြည်နူးလာရ၏။ မှီပြောခဲ့သလိုပင် သားဟာ သူနဲ့တစ်စိတ်တည်းဆိုတာလေ ...။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့ကို စိတ်မပူနဲ့သား ... ဘာမှမဖြစ်ဘူး၊ ကီကီ့ကို သာ ဂရုစိုက်လိုက်"

လို့ပြောမှ သားက ကီကီကို ပွေ့ချီကာ အိပ်ခန်းဆီ တက်သွားလေတော့သည်။ ဦးသက္ကဟာ သားကျောပြင်ကိုငေး ရင်း တစ်ချိန်တုန်းက သူယောက်ယက်ခတ်ခဲ့ရသော နေ့ရက်တွေ ဆီ စိတ်အစဉ်က ဝေ့ဝဲသွားရ၏။

သူ့မှာ သားလည်းဆုံးရှုံးရ၊ နာရေးကိစ္စက တစ်ဖက်နှင့်၊ ဒီကြားထဲ စီးပွားရေးလုပ်ငန်းတွေက အပြိုင်အဆိုင်ကြားထဲ ဦးမော့လာအောင် ကြိုးစားရသေးသည်။ သူက ဦးလွန်းကြွယ် အားလည်း မငြိုမငြင်ပြုစုခဲ့ရ၏။

ဟော ... အခု အဲဒီစေတနာရောင်ပြန်က သူ့ကို ဟပ် ခဲ့လေပြီ။ သိတတ်သော၊ လိမ္မာသောသား ရခဲ့ပြီ။ ထို့အတွက် သားရဲ့မေတ္တာလည်း တစ်နေ့မှာ ရောင်ပြန်ဟပ်မည်လို့ သူယုံ ကြည်ပါသည်။

သားမေတ္တာအတိမ်အနက်ကို ကီကီလေး အမြန်ဆုံး နားလည်နိုင်ပါစေ။





-----------------------------------॥

"ပါပါ့ကို တောင်းပန်ပါတယ် ... ညက ကို့ကြောင့် ပါပါ စိတ်အရမ်းပူသွားမှာပဲနော်၊ ပါပါ စိတ်ဒုက္ခရောက်အောင် လုပ်မိတဲ့အတွက် ကီကီ စိတ်ထဲက လှိုက်လှိုက်လှဲလှဲတောင်းပန် ပါတယ် ... ကီကို့ကို ခွင့်လွှတ်ပါ၊ ပါပါ"

သူမက မနက်စာ ကော်ဖီပိုင်း၌ အဲဒီလိုဆိုမိခြင်းဖြစ် သည်။ နောင်တလည်း ရသည်။ ပြီးတော့ သူမ ရှက်လည်းရှက် သည်။ အထူးသဖြင့် ပါပါ့သတိပေးစကားကို နားမထောင်မိလေ ခြင်းဆိုပြီး ယူကျုံးမရဖြစ်ရ၏။

အဆိုးဝါးဆုံးမှာ သူမရန်သူတော်ကြီးက အမှတ်တွေ တက်သွားခြင်းပင်။ သူ့ ကယ်တင်၍ ကီကို့ဘဝ ရှင်သန်လာရ သည့် ဒီဖိုင်းနှင့်။ မျက်နှာကလည်း ခုနစ်ခေါက်ချိုး၊ ရှစ်ခေါက်ချိုး။ ကီကီဟာ သူ့ကို ဘယ်လိုမှ အကောင်းမြင်၍မရပါ။

အကောင်းမြင်၍ လိုက်လျောစွာ ဆက်ဆံမိလျှင် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လူစားက ရောင့်မတက်ပါဘူးလို့ ဘယ်သူက အာမခံနိုင်မည်နည်း။ ပါပါကတော့ သူမ,တောင်းပန်စကားကို ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်ပြီး ...

"ချိုရှုကိုလည်း ကျေးဇူးတင်စကား ပြောလိုက်ဦးသမီး၊ သူပဲ သမီးရှိတဲ့နေရာကို ရှာဖွေပြီး ပြန်ခေါ်လာခဲ့ရတာ"

သူမက မျက်လွှာပင့်ကြည့်သည်။ စိတ်ထဲကတော့ ဒင်းအား ချဉ်တူးနေအောင်မြင်ပြင်းကတ်လှသော်လည်း လတ်လတ်ဆတ်ဆတ်မှားထားသောအမှားက ရှိပြန်တာကြောင့် ...

"ကျေးဇူးတင်ပါတယ်၊ ကီကို့ကို စောင့်ရှောက်ခဲ့တဲ့အတွက်ပေါ့"

"ရပါတယ်၊ ကျေးဇူးတင်တာ အရေးမကြီးပါဘူး ... နောက်တစ်ကြိမ် ဒါမျိုးထပ်မဖြစ်အောင်သာ ကြိုးစားပေါ့"

တွေ့လား ...ပြောပုံကိုက။ သူမက ဆောင့်ခနဲ သူ့အား မျက်စောင်းတစ်ချက်ပိတ်ထိုးလိုက်မိပါသည်။

"သမီးကို ဒီတိုင်းလွှတ်ထားလို့ မဖြစ်ခုတော့ဘူး ကီကီ"

ပါပါ့အသံကြောင့် အာရုံတွေပြန်စုစည်းရသည်။

"သမီးဟာ တစ်ဖွတ်ထိုးဆန်တယ်၊ အမှားအမှန် မခွဲ





ခြားတတ်ဘူး။ ကိုယ့်အန္တရာယ် ကိုယ်မသိဘူး၊ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်သေးဘူး .. ပါပါပြောတာတွေကို လက်ခံသလားသမီး"

"ဟုတ်ကဲ့ ပါပါ"

သူမက ခပ်ရွံ့ရွံ့ဖြေရသည်။ ပါပါဟာ စကားအသုံးအနှုန်းတွေ ယဉ်ကျေးနေသော်ငြား လေသံက မာနေသယောင်။

"ဒီတော့ သမီးကို ကြပ်မတ်ထိန်းကွပ်နိုင်တဲ့လူရဲ့လက်ထဲ ထည့်ပေးရမယ်၊ ပါပါ့အစီအစဉ်ကို သမီးမငြင်းနဲ့ ... သမီးနဲ့ ချိုရှုကို ပါပါ လက်ထပ်ပေးရလိမ့်မယ်"

တအံ့တသြဖြစ်သွားသူက ချိုရှု။ ကော်ဖီခါးတွေတောင် လည်ချောင်းထဲမှာ သီးနင်သွားရသည်။ အဖေကတော့ လုပ်ချလိုက်ပြန်ပြီ။ သူ့တောင် ဘာအရိပ်အမြွက်မှ မသိရဘဲနဲ့ အခုလို ဖြုန်းစားကြီး ...။

သူက အံ့သြတကြီး။ အဖေ့အား ကြည့်နေသလို သူမလည်း ထိုနည်းလည်းကောင်းပါ။ အဖေကတော့ ခပ်တင်းတင်းမျက်နှာထားဖြင့် ...

"ပါပါ အသက်ကြီးပြီ သမီး၊ ရောဂါလည်း ကိုယ်တွင်းမှာရှိလာပြီ၊ ညက အဖြစ်အပျက်မျိုး ချိုရှုမရှိဘဲဖြစ်ခဲ့ရင် သမီး



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်စမ်း ...ပါပါတို့ ဘယ်လိုဖြေရှင်းကြမလဲဆိုတာ"

သူမက ဘာမှပြန်မပြောနိုင်။ အတွေးထဲ ညကအဖြစ်ကို ပြန်သတိရမိကာ ကြက်သီးတွေ ဖြန်းဖြန်းထသည်အထိ ကြောက်ရွံ့လာရတာကတော့ အမှန်ပင် ဖြစ်သည်။ သို့ပေမယ့် ဒါကိုအကြောင်းပြုပြီး ဒင်းကို လက်ထပ်ရမည်ဆိုတာတော့ နည်းလမ်း သိပ်မကျသေး။ တော်ကြာ ကျားကြောက်၍ ရှင်ကြီးကိုးပါမှ ရှင်ကြီး ကျားထက်ပိုဆိုးမည့်ကိန်းဆိုက်လျှင် ခက်ရပါချည်ရဲ့။ ထို့ကြောင့် ...

"ကီကီ့ကြောင့် ပါပါ ထပ်ပြီး စိတ်မဆင်းရဲစေရပါဘူး ကီကီ အသွားအလာလည်း ဆင်ခြင်ပါ့မယ်၊ ဒါပေမဲ့ ကီကီ ယောကျ်ားတော့ မလိုချင်ဘူး ပါပါ၊ ပြီးတော့ သူနဲ့ကီက အဆင်ပြေတာ မဟုတ်ဘူး"

သူမက ဖြောင်ပင် ပြောချပစ်သည်။ လက်မခံနိုင်တာကို ဟန်ဆောင်ပြီး ခေါင်းမညိတ်ချင်။ ဒါဟာ တစ်သက်လုံး အတွက်ကိစ္စ။

"မငြင်းနဲ့ သမီး"

ပါပါ့အသံကလည်း တိကျပြီး ခက်ထန်သည်။





"ညက ပါပါ ဘယ်လောက်စိတ်ပူခဲ့ရသလဲ၊ ယောက်ယက်ခတ်ခဲ့ရသလဲ၊ ပြီးတော့ ဒီသတင်း အပြင်ကိုပေါက်ကြားသွားရင်လည်း သမီးရဲ့အနာဂတ်အတွက်, သမီးသိက္ခာအတွက် မကောင်းဘူး။ ဒါကြောင့် ပါပါ့စကားကို နားထောင်ပါ သမီး၊ သမီးရေ့ရေးကောင်းဖို့အတွက်ပါ၊ ပါပါ ကျန်းမာနေတဲ့အချိန်မှာ သားနဲ့သမီး နှစ်ယောက်စလုံးအတွက် စိတ်ချသွားချင်တယ်"

ပါပါက စကားအပိတ် တစ်ခါတည်းပြောပြီ။ ကီကီ ဘာမှမတတ်နိုင်။ သို့ပေမယ့် နောက်ဆုံးအနေဖြင့် သူ့ကို အားကိုးတကြီးကြည့်ရင်း ...

"သူ့ဆန္ဒလည်း မေးကြည့်ပါဦး ပါပါရဲ့၊ ကီက လက်ခံပေမယ့် သူက ငြင်းရင် ..."

သူမက တမင်စကားလမ်းကြောင်းပေးခြင်းပါ။ စိတ်ထဲမှလည်း သူငြင်းပါစေလို့ ဆုတောင်းမိတာအခါခါ။ ကီကီ့လို ဆိုးသွမ်းဂျိတိုက်တတ်သော မိန်းကလေးမျိုးကို သူလက်ထပ်ချင်မည် မထင်ပါ။

"အင်း ... ချိုရှကိုတော့ ပါပါယုံကြည်ပါတယ်၊ ဒါပေမဲ့ သမီး စိတ်ရှင်းအောင် မေးပေးမယ်လေ၊ ကဲ ... ဘယ်လိုလဲ



www.burmeseclassic.com

www.burmeseclassic.com



သား ... ပြောပါဦး မင်းဆန္ဒ''

အင်း ... ဖေဖေကတော့ သူ့ဘက် မြားဦးလှည့်လာပြီ။ သူကတော့ သူ့စိတ်ထားကို အဖေသိရက်နဲ့၊ ချိုရှဟာ သက်ပြင်း တစ်ချက်ရှိုက်ပြီးမှ ...

''အဖေစိတ်ချမ်းသာမယ်ဆို စီစဉ်ပါ၊ ကျွန်တော် နာခံပါ့မယ်''

''ဒါမှ ငါ့သားကွ''

အဖေက သူ့ပခုံးကိုဖက်၍ နှစ်ထောင်းအားရစွာအော်သည်။ သူမလေးကိုကြည့်တော့ မျက်စောင်းရွယ်ပြီး ပါးစပ်က ဘာတွေရွတ်မှန်းမသိ ... ပွစိ ပွစိ။

ကောင်မလေးရေ ... ကျိန်စာတော့ မဖြစ်ပါစေနဲ့။ မေတ္တာအစစ်အမှန်ထားသူကို ကျိန်စာတိုက်မိရင် မင်းပဲ ဒုက္ခရောက်လိမ့်မယ်။ သေချာတာက ဒါဟာ မင်းရဲ့ပျိုသန်းခွင့်ကို ပိတ်ပင်တဲ့ တောင်ပံချိုးသူ မဟုတ်ပါဘူး။

အေးမြပြီး လုံခြုံတဲ့အရိပ်တွေ မိုးပေးတဲ့သူပါ။ ဒါကိုတော့ အကြွင်းမဲ့ မင်းယုံစေချင်ပါတယ်။

❋ ❋ ❋

## အပိုင်း (၉)

**ကိုယ်** မုန်းတီးသော၊ ကြည့်မရသော လူ၊ အဆိုးဆုံးမှာ ကိုယ်နဲ့အဆင့်အတန်းချင်း လုံးလုံးမတူညီသောလူနှင့် တစ်ဘဝလုံးပေါင်းသင်းနေထိုင်သွားရမည့်ကိစ္စက တော်တော် စိတ်ပျက်ဖွယ်ကောင်းပါသည်။

သို့ပေမယ့် သူမ,စိတ်ပျက်နေ၍မရတော့။ အခုတော့ တစ်သက်လုံး အတူနေရုံမက တစ်အိပ်ရာတည်း။ အတွေးနဲ့အတူ သူမ,အကြည့်က ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ထားသော နှစ်ယောက်အိပ် မင်္ဂလာခုတင်ကြီးဆီ ရောက်သွားခဲ့သည်။

ရက်ရှဲ့ရင်ခုန်ရမည့်အစား ဒေါသတွေက တလိပ်လိပ်



www.burmeseclassic.com

www.burmeseclassic.com



သွားစမ်းပါ ... ဒီလူနဲ့ တစ်အိပ်ရာတည်း မအိပ်နိုင်ပါဘူး။ စိတ်သာချ ချိုရှ ... ရှင် ကျွန်မကို လက်ထပ်ခဲ့တဲ့အတွက် သိပ်မကြာတော့တဲ့ အချိန်အတွင်း နောင်တကောင်းကောင်း ရစေရမယ်။

ကီကီက အဲ့ဒီလို မှန်ထဲစိုက်ကြည့်ပြီး ကြိမ်းဝါးနေသော အချိန်မှာပင် အခန်းတံခါးက ဖျတ်ခနဲ ပွင့်လာသည်။ သူဝင်လာခြင်းပါ။

"မအိပ်သေးဘူးလား ကီကီ"

"ရှင့်ကို ပြောစရာရှိလို့ စောင့်နေတာ"

ကိုယ်က အကောင်းမေးပေမယ့် အဖြေကောင်း ပြန်မရတဲ့အဖြစ်က တော်တော်ဆိုးပါသည်။ သူတို့မင်္ဂလာဦးညက ရင်ခုန်ဖွယ်ရာ တစ်စက်မှမရှိ။ အေးစက်ခြောက်ကပ်နေသော သုသာန်တစပြင်ကြီးလို။

"ပြောလေ"

ခုတင်ဘေး၌ တင်ပါးလွှဲဝင်ထိုင်ရင်း ပြောမိသည်။ ရန်အငြိုးတွေ သူ,မထားချင်တော့ မောလှပြီ။

"ကျွန်မ ... ရှင်နဲ့ အတူမအိပ်နိုင်ဘူး"





"အင်း ... မင်းဖြစ်စေချင်သလို ပြောပါ"

သူ ... ဒါပဲ တတ်နိုင်သည်။ အဖေ စိတ်ချမ်းသာမှုနဲ့ သူ့စိတ်ဆင်းရဲမှု လဲလှယ်ရမည်ဆိုတာ သိသိကြီးနဲ့ သူ ဒီလမ်းကို လျှောက်ခဲ့ခြင်းဖြစ်သည်။

"ရှင် ... အောက်မှာဆင်းအိပ်ပါ ... ခေါင်းအုံးယူသွား ... ရော့"

သူမ,ပစ်ပေးသော ခေါင်းအုံးကို သူက ရင်ဝယ်ပိုက်လိုက်သည်။

"ဒီမယ် ... ရှင်သိအောင် ကျွန်မ ပြောထားရဦးမယ် ... ပါပါစိတ်ချမ်းသာစေချင်လို့သာ ရှင့်ကိုလက်ထပ်ခဲ့တာ၊ ကျွန်မအချစ်, ကျွန်မခန္ဓာကိုယ်ကို ရှင် ဘယ်တော့မှမရစေရဘူး"

"ငါကလည်း မလိုချင်ပါဘူး"

ဒီထိတော့ သူငြိမ်ခံမနေနိုင်။ သူ့သိက္ခာကို ထိပါးစော်ကားလွန်းလှသည်။

"သိပါတယ်၊ ရှင်လိုချင်တာက ကျွန်မပိုင်ဆိုင်မှုတွေကိုလေ၊ ပါပါ့ဆီက ရမယ့်စည်းစိမ်ချမ်းသာအမွေတွေကို မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... အဓိပ္ပာယ်မရှိတာ မပြောနဲ့"

"အဓိပ္ပာယ်ရှိတာပဲ ပြောနေတာ၊ ရှင် တစ်စုံတစ်ခုကို မျှော်ကိုးပြီး လက်ထပ်ခဲ့တာ ကျွန်မ သိသားပဲ၊ ဒါပေမဲ့ လောကမှာ မျှော်လင့်တိုင်းဖြစ်လာခဲ့ရင်ကောင်းတယ်၊ မဖြစ်လာရင်တော့ ရှင်ပဲ ရင်ကွဲရမှာ ... သိလား ... ဟာဟ"

သူမရဲ့ခပ်ထေ့ထေ့ရယ်သံက သူ့ရင်အား နှစ်ခြမ်းစုတ်ဖြဲလိုက်သလို စပ်ဖျဉ်းဖျဉ်းကြီးခံစားရပါသည်။ ချိုရှုသည် မေးကြောကြီးတွေ ထောင်ထအောင် အံကြိတ်ထားပြီးမှ ...

"မင်းပြောတဲ့ပစ္စည်းဥစ္စာတွေ, စည်းစိမ်တွေ ငါ့အတွက် ဘာမှမသုံးမဝင်ဘူး၊ ငါ မက်လည်းမမက်ဘူး၊ ငါမက်မောတာ, တန်ဖိုးထားတာ တစ်ခုပဲရှိတယ်၊ အေး ... အဲ့ဒါက ငါ့အဖေ စိတ်ချမ်းသာဖို့ပဲ၊ အဲ့ဒါ ငါတတ်နိုင်တဲ့ဘက်က ကျေးဇူးဆပ်တာပဲ"

"ဒါပေါ့လေ ... ပတ်ဝန်းကျင်အမြင်မှာတော့ ဒီအတိုင်းပေါ့၊ ဒီမယ် ... ရှင်က မွေးစားသားနော်၊ ကိုယ့်နေရာ ကိုယ်သိ၊ ရှင့်ကို ဘယ်သူတွေ ဘယ်လိုပဲ မြင်မြင်နော် ... ကျွန်မအမြင်နဲ့တော့ တခြားစီပဲ၊ ရှင်ဟာ သိုက်တူးတဲ့သူ၊ ဒီယုန်မြင်လို့ ဒီချုံထွင်





တဲ့သူ၊ ရှင့်လိုသူမျိုးကို ကျွန်မ,ပေးမယ့်ဟာက အမုန်းပဲရှိတယ်၊ ကျွန်မအမုန်းတွေ ဘယ်လောက်ခါးပြီး ဘယ်လောက်ကြမ်းတယ်ဆိုတာ ရှင် စောင့်ကြည့်လိုက်"

ချိုရှုသည် သူ့အား မုန်းရသောအမုန်းတွေနဲ့ သူမ,တစ်ကိုယ်လုံး မီးဝင်းဝင်းတောက်လောင်ကျွမ်းနေသောအဖြစ်ကို မြင်ရသည်။ သူက မပူလောင်ချင်။ လောင်ကျွမ်းခြင်းလည်း မခံချင်။ ထို့ကြောင့် ခေါင်းအုံးကိုပိုက်ကာ ...

"ငါ ... အိပ်တော့မယ်"

"ဒါပေါ့ ... ရှင်ပင်ပန်းလာပြီပဲ အိပ်ချင်ရှာမှာပေါ့၊ အိပ်ပါ ... အိပ်"

ကီကီက လေသံခပ်ချိုချိုနှင့်ပြောပြီးမှ ခေါင်းအုံးအောက်ဝှက်ထားသော Air con ရီမုတ်ကိုထုတ်ကာ အမြင့်ဆုံးသို့ တစ်ခါတည်းတင်ပစ်လိုက်သည်။ ချက်ချင်းအအေးဓာတ်က အခန်းထဲ၌ အေးစိမ့်စွာပျံ့နှံ့လျက် ...။

သူမကတော့ နှစ်ထပ်ယောက်အိပ်စောင်ကြီးကို ကျကျနန ခြုံကာ အိပ်ရန်ပြင်တော့သည်။ အင်း ... သူတော့ အေး,မအေးမသိ။ သူမ,တောင် စောင်ထူကြီးခြုံထားလျက်နဲ့ အေးလို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



များ၊ ခဏကြာတော့ သူ့ထံမှ မေးရိုက်သော ခိုက်ခိုက်တုန်အသံ ပင် ...

"ကီ ... ကီ"

သူမက မကြားချင်ယောင်ဆောင်နေသည်။

"ကီ ... ကီ"

သူ့အသံ ထပ်ကျယ်လာ၏။ မကြားချင်ယောင်ဆောင် မရတော့။ တော်ကြာ ပါပါ နိုးသွားမှ အကုန်သိကုန်လျှင် သူမပဲ အခက်တွေ့မည်မဟုတ်ပါလား။ ထို့ကြောင့် ...

"အင်း"

"Air con လျှော့ပေးပါ"

"ဘာ"

"Air con လျှော့ ... လို့၊ ဒီမှာ အရမ်းချမ်းနေပြီ"

"ဆောရီးပဲ၊ ကျွန်မက အဲဒီလောက် အေးအေးလေးနဲ့မှ အိပ်တတ်လို့"

"အဲ့ဒါဆိုလည်း စောင်ပေး"

"ဟင့်အင်း ... စောင်ခြုံထားမှ ကိုယ့်ကိုယ်ကိုယ် လုံခြုံ တယ်ထင်တာ"





"ဟာ ... ကျစ် ... ဒီမှာချမ်းနေပြီကွ"

"အဲ့ဒါတော့ ကျွန်မလည်း မတတ်နိုင်၊ ရှင် သိပ်ချမ်း နေရင် အခန်းပြင်ထွက်အိပ်လေ ... သွား"

ကြည့်စမ်း ... ပြောတာက။ အကြောင်းစုံ သူမ,မသိ တာလည်း မဟုတ်ဘဲနဲ့။

"အဖေသိသွားမှာ စိုးလို့ပေါ့ကွ"

"အဲ့ဒါဆိုလည်း ဒီတိုင်းပဲ အိပ်ပေါ့"

ပြောပြီး စောင်ခြုံကာ တစ်ဖက်ပြန်စောင်းအိပ်သွား၏။ သူ့မှာသာ ခိုက်ခိုက်တုန်အောင် ချမ်းသည့်ကြားထဲက ရီမုထရှာ ရသည်။ Air con ပိတ်ရန်အတွက်ပါ။ ရီမုတ်က မတွေ့။ ဒီတော့ ဘီရိုဖွင့်ကာ သူက ဂျာကင်တွေထပ်ဝတ်ရ၊ ပုဆိုးတွေ နှစ်ထည် ထပ်ဝတ်ရနှင့် တော်တော်အလုပ်ရှုပ်သွားရတာများ တစ်ညလုံး နီးပါးပင်။ ချမ်းလွန်း၍ အိပ်ပျော်တစ်ချက် မပျော်တစ်ချက်နှင့် သျှိုက မိုးစင်စင်လင်းခဲ့ရပါတော့သည်။

မိုးလင်း၍ မနက်စာကော်ဖီဝိုင်း၌ တစ်ညလုံး မအိပ်ခဲ့ ရ၍ သူ့မျက်လုံးတွေ ကျိန်းစက်နေသည်။ သို့ပေမယ့် အဖေ့ရဲ့ စိတ်ချမ်းသာသောမျက်နှာကို တွေ့ရတော့ သူ အိပ်ရေးမဝသည့်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်တွေက ပျောက်ကွယ်သွားရ၏။

အဖေကတော့ ချိုရွှင်သောမျက်နှာထားဖြင့် သူတို့နှစ်ယောက်အား အကဲခတ်ရင်း ...

"ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား ကီကီ"

"Yes ပါပါ"

"အေးပေါ့ ... ပင်ပန်းတာကိုး။ ပါပါက သားနဲ့သမီး မင်္ဂလာပွဲကို ဒီ့ထက် ခမ်းခမ်းနားနားဖြစ်စေချင်တာ၊ လုပ်ပေးချင်တာ၊ ဒါပေမဲ့ အချိန်ကမရှိ၊ ပါပါ့ကျန်းမာရေးကလည်း မကောင်းတာနဲ့"

"ရပါတယ် ပါပါရဲ့၊ အကျဉ်းချုံးလုပ်တော့ လူသိပ်မသိဘူး မဟုတ်ဘူးလား"

သူမက အရွှန်းဖောက်ဟန်နှင့် ဆိုလေသည်။ စိတ်တွင်းမှကာယကံရှင်နှစ်ယောက် အသိအမှတ်မပြုတဲ့မင်္ဂလာပွဲဟာ အကျယ်ပဲချဲ့ချဲ့၊ အကျဉ်းပဲချုံ့ချုံ့ ထူးခြားလာနိုင်မှာ မဟုတ်လို့ ပြောနေမိပါတော့သည်။

"သားနဲ့သမီးက အကြင်လင်မယားဖြစ်သွားပြီဆိုတော့ ပါပါ့လုပ်ငန်းတွေအတွက် စိတ်ချရပြီ၊ သား ... ချို၊ ရှ"





"ဗျာ ... အဖေ"

"ဒီနေ့ကစပြီး ဟိုတယ်သွားရင် တစ်ယောက်တည်း မသွားနဲ့တော့ ... ကီကီ့ကိုပါ ခေါ်သွား၊ ဟိုတယ်အကြောင်း သေချာသင်ပေး၊ သားရဲ့အတွင်းရေးမှူးနေရာမှာတာ ... ဟုတ်ပြီလား၊ မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့ကွာ"

"ပါပါ"

သူမရဲ့မချိမဆံ့အော်သံကြီးက အရင်ထွက်လာသည်။ သူကတော့ ဝမ်းသာအားရလေသံကြီးနှင့် ...

"သင့်မြတ်လှကြောင်းပါ အဖေ"

သူ့စကားလည်းဆုံးရော စားပွဲအောက်မှ သူ့ညို့သကျည်းအား ပိတ်ကန်သော သူမရဲ့ကန်ချက်ကြောင့် သူက သတိလက်လွတ် ...

"အား"

"ဟင် ... ဘာဖြစ်တာလဲ သား"

အဖေ့မေးခွန်းနှင့်အတူ သူ့အား မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေသော သူမကြောင့် ...

"အဟင်း ... ပုရွက်ဆိတ်ကိုက်လို့ပါ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ပုရွက်ဆိတ်"

"ဟုတ်တယ် ... ဘယ်ကပါလာမှန်းမသိဘူး"

ဟုပြောရင်း နာသွားသော ညို့သကျည်းကိုပွတ်ကာ .

"ကီကီ ... ပြီးရင် ကိုယ်နဲ့ဟိုတယ်လိုက်ဖို့ ပြင်ဆင်ထားတော့ ... ကြားလား"

သူမလက်ဖမိုးကို ဆုပ်ကိုင်ပြီး ပြောမိပါသည်။ ဒေါသကြောင့် ပြူးထွက်လာသည့် သူမမျက်လုံးတွေက ပုစွန်ထုပ်မျက်လုံးတွေအလား။





-----------------------॥

"ထပ်မထုတ်ပေးနိုင်ဘူး"

ကီကီက တင်းမာစွာ ပြောမိပါသည်။ သူမရှေ့တွင်တော့ ဟိုတယ်သန့်ရှင်းရေးဌာနမှ အမျိုးသမီးကြီးက ညှိုးငယ်သော မျက်နှာနှင့် မရွေ့မလျားရပ်လျက်ရှိပါတော့သည်။

"ကျွန်မ ဝေဒနာတော်အခက်အခဲဖြစ်နေလို့ပါ မမလေးရယ်"

"နေစမ်းပါဦး ... ရှင့်အခက်အခဲကို ကျွန်မတို့က မကူညီနေခဲ့လို့လား၊ ထိုက်သင့်သလောက် ကူညီခဲ့ပြီးပြီ၊ ရှင့်ကို ထုတ်ချေးထားတဲ့ငွေက ရှင်ရတဲ့လခထက် ငါးဆလောက်ဖြစ်နေပြီ၊ ဒါကို ရှင်က ထပ်ထုပ်ဦးမယ်ဆိုတော့ နည်းနည်းလည်း စဉ်းစားပါဦး၊ ဒီမယ် ... ငွေဆိုတာ အလကားရတာ မဟုတ်ဘူး၊ ကျွန်မအဖေက ချွေးနဲ့ရင်းပြီး ရှာထားခဲ့တာ၊ လွယ်လွယ်တောင်းလို့ရတိုင်း နင်းကန်လက်ဝါးဖြန့်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အရင်ထုတ်ခဲ့တဲ့ငွေတွေကလည်း သူ့ဆေးရုံတက်ပြီး ကုတာနဲ့ ကုန်တာပါပဲ မမလေးရယ်၊ အခုဟာက အလောင်းမြေချဖို့စရိတ်ပါ"

"အို ... အဲဒါတွေလာမပြောနဲ့၊ နားလည်းမလည်ဘူး၊ ကြားလည်းမကြားချင်ဘူး၊ ကျွန်မက အသုဘကိစ္စတွေ လိုက်စီမံနေတဲ့လူလည်း မဟုတ်ဘူး၊ ဒီတော့ ထွက်သွားပါတော့ရှင်၊ ကျွန်မ, ထုတ်မပေးနိုင်ဘူး ... ရှင်းရှင်းပဲ"

"ဘာတွေဖြစ်နေတာလဲ ကီကီ"

စကားစဖြတ်ရန် ကြိုးစားနေဆဲမှာပဲ သူက အခန်းထဲရောက်လာခဲ့တာပါ။ ဟိုဝန်ထမ်းမိန်းမရဲ့မျက်နှာဟာ သူ့တွေ့တာနဲ့ ဝင်းလက်သွားတာများ ကယ်တင်ရှင်နတ်ဘုရားတစ်ဦးတွေ့ရသည့်ပမာ ...။

သူရောက်လာလျှင်တော့ သူမ မောင်းတင်ထားသောကိစ္စတွေ ပျက်တော့မည်ဆိုတာ ကီက သိနေပါသည်။ ဒါပေမဲ့ သူမ ဇီဇကလည်း လွယ်လွယ်နဲ့အလျှော့မပေးတတ်တော့ အခက်သားပင်။

"ကို ... ရှ"





"အင်း ... ဒေါ်ချိုကြီး ... ကြားရတဲ့သတင်းအတွက် စိတ်မကောင်းပါဘူးဗျာ ... တရားနဲ့သာဖြေပေါ့၊ သူ့ဝဋ် ကျွတ်သွားပြီလို့ပဲ တွေးပေးပေါ့၊ ဒါနဲ့ ဘာလိုသေးလဲ ... ကျွန်တော်ဘာကူညီပေးရမလဲ"

"အမယ်လေး ... နောက်ဆို ဒီဟိုတယ်ကို နှိုင်းခြားသားညှိသည်တွေအတွက်မထားနဲ့တော့၊ ဒုက္ခသည်ကယ်ဆယ်ရေးစခန်းသာ ဖွင့်တော့ ... အဲဒါ အသင့်တော်ဆုံးပဲ၊ ရှင့်ရင်ဘတ်မှာလည်း ကူညီပါရစေဆိုတဲ့ ဆိုင်းဘုတ်သာ ချိတ်ထားတော့၊ ဟွန်း ... တကတဲ"

သူမက ဦးအောင်ကက်ကက်လန်ဝင်ပြောမိပါပြီ။ စိတ်ထဲလည်း သိပ်မရှည်တော့။

"ကီကီကလည်းကွာ ... ဒါ ကိုယ့်ဟိုတယ်က ဝန်ထမ်းတွေပဲကို၊ ပြော ... ဒေါ်ချို"

"ဟို ... ကိုရှ ... ကျွန်မ သူ့အလောင်းမြေကျဖို့ငွေနည်းနည်းထပ်ချေးချင်လို့"

"ဩော် ... အဲဒီငွေစုငွေချေးကိစ္စတွေ ကျွန်တော် တေဇနဲ့ လွှဲထားတယ်လေ၊ တေဇကို ပြောပြလိုက် ... သူ ထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"ဟို ... ဆရာတေဇကို မမလေးက ..."

"ဟုတ်တယ် ကျွန်မ ပိတ်ထားတာ၊ သူ တစ်လရတဲ့ လစာကမှ သုံးသောင်းရယ်၊ အခု ထုတ်ထားတာ ငါးလစာရှိပြီ၊ ဒါ ... ထပ်ထုတ်ပေးရအောင် ငွေတွေက အလကားရတာ မဟုတ်ဘူး ... သိရဲ့လား စေတနာရှင်ကြီးရဲ့"

"ကီ ... ကီ"

ချိုရှက တစ်ဖက်သားကို အားနာလာရသည်။ ခမျာ အပူအပင်တွေကြားထဲ ဘယ်လောက်ပူပင်သောကရောက်နေသလဲ။ ဒါကို မတွေး။ ငွေတစ်မျက်နှာတည်းကြည့်သော သူမကို သူ အော်ပစ်လိုက်သည်။ ပြီးမှ ဒေါ်ချိုကြီးဘက်လှည့်ကာ ...

"တေဇဆီသွားပြီး လိုတဲ့ငွေထုတ်လိုက်ပါ၊ ကျွန်တော် ဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ကိုရှရယ်"

ဒေါ်ချိုကြီး အခန်းထဲက ထွက်တာနှင့် သူက တေဇထံ ဖုန်းကောက်နှိပ်သည်။

"တေဇ ... ဒေါ်ချိုကြီး လာလိမ့်မယ်၊ လိုတဲ့ငွေ ထုတ်





ပေးလိုက်"

သူဖုန်းချပြီးတာနဲ့ သူမရဲ့ခနဲ့သောအပြုံးတို့နှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

"အင်း ... မြင်ယောင်ပါသေး ... ပါပါတို့တော့ ဒေဝါလီခံရကိန်းလေ"

"မင်း မှုမှုတတတွေးမှပေါ့ ကီကီ၊ သူ့မှာ အပူအပင်တွေနဲ့၊ ပြီးတော့ သူတို့လင်မယားနှစ်ယောက်စလုံးက ဒီဟိုတယ်ရဲ့ နှစ်ချို့ဝန်ထမ်းတွေ"

"ဒါနဲ့ပဲ သူတောင်းသမျှငွေ ရှင်က အလွယ်တကူထုတ်ပေးတယ်ဆိုပါတော့"

"သူ့ကိုထုတ်ပေးတဲ့ငွေဟာ မင်း တစ်ပတ်တစ်ပတ်ထွက်နေတဲ့ shopping စရိတ်လောက်တောင် မရှိပါဘူး ကီကီ"

"ရှင် ကျွန်မကို မပုတ်ခတ်နဲ့၊ ကျွန်မဟာ၊ ကျွန်မ shopping ထွက်ရုံမကလို့ အဲဒီငွေ ဆုတ်ဖြဲပစ် ... ရှင်နဲ့မဆိုင်ဘူး၊ အဲဒါ ကျွန်မအဖေ ရှာထားတဲ့ငွေ"

"ဟုတ်ပါတယ် ... မင်းပြောလို့ ကိုယ်က ပြောရတာပါ၊ မင်း အဲဒီငွေတွေကို တကယ့်အခက်အခဲဖြစ်နေတဲ့လူတွေကို ပေး



www.burmeseclassic.com

www.burmeseclassic.com



ကမ်းလှူဒါန်းကြည့်စမ်း ... သူတို့ရဲ့ဝမ်းသာပျော်ရွှင်မှုကြောင့် ရတဲ့ပီတိက မင်း shopping အခါတစ်ရာလောက်ထွက်ပြီးရတဲ့ ပီတိထက် အများကြီးသာတယ်၊ အဲ့ဒါကို မင်း တစ်ခါလောက် ခံစားကြည့်ပါလား ကီကီ"

"အို ... တော်စမ်းပါ၊ ကီကီတို့က ပီတိကိုစား အားရှိပါ၏ဆိုတဲ့ အစားထဲက မဟုတ်ဘူး၊ ရှင့်ဟာရှင်ပဲ အဲဒီပီတိကို အဝစားပြီးနေခဲ့ပေတော့၊ ကျွန်မကတော့ ဆောရီးပဲ"

ကီကီက ပြောကာ ကားသော့ကောက်ဆွဲပြီး အခန်းထဲမှ ထွက်သွားပါတော့သည်။ သူ့အတွက်တော့ ဒီလိုကတောက်ကဆ ဖြစ်ရတာ၊ သူ့ကိုထားပြီး ကီကီထွက်သွားခဲ့တာ မဆန်းတော့။

ဟိုတယ်မှ ပြန်ချိန်ကျလျှင် ဝန်ထမ်းလေးက ဧည့်သည် ကြိုပို့လုပ်သောကားနှင့် လိုက်မောင်းပို့ရတာလည်း တစ်ကြိမ်ထက် မနည်းတော့။ ကီကီနှင့်သူက အစောကြီးကတည်းက ပြဒါးတစ်လမ်း သံတစ်လမ်းလေ။

သူတို့လင်မယားနှစ်ယောက်က အနည်းဆုံး တစ်နေ့တစ်ကြိမ်တော့ စကားများရစမြဲ။ အကြောင်းရင်းကလည်း အကြီးအမားတော့ မဟုတ်။ အယူအဆချင်း မတူတာ၊ သဘောထား





ချင်း ကွဲလွဲတာ ... ဒါလောက်ပင်။

တေဇကတော့ ပွဲကြည့်ပရိသတ်မို့လို့လား မသိ။

"လင်နဲ့မယား လျှာနဲ့သွားဆိုတာမျိုးလို ကိုက်မိတာရှိပေမယ့် မင်းတို့နှစ်ယောက်က လွန်လွန်းအားကြီးတယ်၊ နေ့တိုင်းကိုက်မိနေတာပဲ၊ ဦးသက်ကလည်း မင်းတို့ဖြစ်သမျှတွေ အကုန်သိနေတော့ ခက်သားလားကွ၊ ငါ့ကိုမေးတိုင်း ငါက ဘာမှမဖြစ်ပါဘူးလို့လိမ်၊ ဦးသက်က အကုန်သိပြီးသားဖြစ်နေတော့ ငါက ကြားထဲက အလိမ်ကောင်ကြီးဖြစ်နေရော"

"အဖေက အိမ်မှာသာ နေတာကွ၊ ငါတို့ပတ်ဝန်းကျင်မှာ အဖော့မျက်စိတွေ, နားတွေက အများကြီး"

"ဟ ... မင်း အဲဒါဆို သဘောပေါက်နေတာပဲ၊ အဲဒါကြောင့်ပြောတာပေါ့ ... နည်းနည်းပါးပါး မင်းဘက်က လျှော့ပေးလိုက်ပါဆို"

"မင်းကလည်း မညှာမတာ၊ လျှော့ရအောင် ငါက တင်းနေတာမှ မဟုတ်တာကွ"

"အေးလေ ... ဒါပေမဲ့ကွာ မိန်းမဆိုတာ သူတို့အမိန့်နာခံမှ ကြိုက်တတ်တဲ့အမျိုးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ငါက သူ့အမိန့်နာခံရမယ်ပေါ့"

"အေးပေါ့ကွ ... ဒါမှ ပြေလည်မှာပေါ့"

"သူ့အမိန့်က အလွဲကြီးကို၊ ငါ့နောက်က ဝန်ထမ်းတွေပါ လွဲကုန်မှာပေါ့"

"အေး ... ဒါလည်းဟုတ်တာပဲ၊ မင်းတို့အဆင်မပြေတော့ ဦးသက်လည်း စိတ်ချမ်းသာမယ်မထင်ဘူး"

"ငါလည်း ကြိုးစားတာပဲ ... ကီကီကကို ..."

သူတို့စကား မဆုံးလိုက်။ ဟိုတယ်မန်နေဂျာသည် အခန်းထဲကို အမောတကောပြေးဝင်လာပြီး ...

"ပြဿနာတော့တက်ပြီ ကိုရှရေ"

"ဘာဖြစ်လို့လဲ ဂျာကြီး"

"မမလေးလေ ညှို့သည်ရဲ့ကားကို နောက်ကနေ ဝင်ဆောင့်ပစ်လိုက်လို့"

"အခုဘယ်မှာလဲ"

"ဟိုတယ်ကားပါကင်မှာ"

သူရော၊ တေဇပါ ဝုန်းခနဲထလိုက်မိပြီ။ ဒီမိန်းမ ပြဿနာကိုရှာတဲ့နေရာမှာ မီးခွက်ပင် ထွန်းရှာစရာမလိုအောင် အစွမ်း





အစရှိသူ။ အခုလည်းကြည့် ... ဖြစ်စရာရှားလို့ ညှို့သည်ကားကိုမှတဲ့။

သူတို့ကားပါကင်ရောက်တော့ ကားချင်း ဝင်ဆောင့်ခံရသော ညှို့သည်က အမျိုးသမီးဖြစ်သည်။ မနေ့ကမှ အရောင်းအဝယ်ကိစ္စဖြင့် မိုးကုတ်က ဆင်းလာသောသူ။ သူနဲ့မနေ့ကမှ စားသောက်ခန်းထဲ မျက်မှန်းတန်းမိကာ အကူအညီလိုလျှင်ပြောပါလို့ လောကွတ်ပြုထားမိသောသူ။

ကီကီကတော့ ထုံးစံအတိုင်း။ မထီလေးစားဟန်အပြည့်နှင့် ကားကိုမှီရပ်ကာ လက်ပိုက်ထားသည်။ သူ့ကိုတွေ့တာနှင့် •

"ချိုရှ ... ဒီမှာဝင်ဆောင့်မိတာ နောက်မီးလုံးကွဲသွားတယ်၊ အဲ့ဒါ ကြည့်ရှင်းပေးလိုက်"

"အိုး ... ဒီလိုအလွယ်တကူ ရှောင်ထွက်သွားလို့ ဘယ်ရမလဲ၊ ဒါ သူ့အမှားမှမဟုတ်တာ ... မင်းရဲ့အမှားပဲ၊ ဒီမယ် ... တို့ကကွဲသွားတဲ့မီးလုံးကို နှမြောလို့ပြောနေတာ မဟုတ်ဘူး၊ တို့ဟာတို့ ပြင်လည်းရတယ်၊ မင်းရဲ့အချိုးကို မကြိုက်လို့ပြောတာ"

"မကြိုက်လည်း မတတ်နိုင်ဘူး၊ ဒါ ... ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပဲ၊ ကျွန်မဆီက မကျေနပ်တာမှန်သမျှ သူ့ဆီက အလျော်တောင်းလို့ရတယ်''

ကီကီသည် တမင်ကြေညာပစ်ခြင်းဖြစ်သည်။ မနေ့က တွေ့ရသောမြင်ကွင်းကို သူမ တစ်သက်မမေ့။ ကီကီဆိုလျှင် မှုန်ကုပ်ကုပ်မျက်နှာနှင့် အမြဲဆန့်ကျင်ဘက်တွေသာ ပြောတတ်သောသူသည် မနေ့က ဒီမိန်းမနဲ့ စကားပြောတာကျတော့ ရယ်မောလို့။

ကဲ ... ကီကီ ဒေါသမထွက်သင့်ပေဘူးလား။ သူ့ဘဝကိုမြှင့်တင်ပေးထားသောကျေးဇူးရှင်ရဲ့ တစ်ဦးသောသမီးဖြစ်သည့် ကီကီကိုကျတော့ အချိန်တိုင်းတော်လှန်နေခဲ့ပြီးမှ။ ထို့ကြောင့် သူမက အမြင်ကတ်ကတ်ဖြင့် ဒီမိန်းမကားကို နောက်မှ တမင်တကာ ဝင်ဆောင့်ပစ်ခဲ့ခြင်းဖြစ်သည်။

ဒီမိန်းကိုကလည်း ကြာရပ်နဲ့။ ဟွန်း ... အပြုံးတွေက ညှုတုတု။ ထို့ကြောင့် သူမက ပြဿနာရှာခြင်းပါ။

''ဘာ ... ဒါ ရှင့်ယောက်ျား''

''လူပျိုထင်ပြီး အပိုင်ချိုင်မလို့လား''

''ဘာပြောတယ်''





''ဟုတ်တယ်လေ ... စည်းစိမ်တွေမက်ပြီးတော့၊ အဲဒါဆိုရင်တော့ ရှင်မှားသွားမယ်၊ ဒီမှာ သူပိုင်တာ တစ်ခုမှမရှိဘူး''

''နင် ... နင် စော်ကားလှချည်လား''

ထိုမိန်းမဟာ ဒေါသတွေထွက်ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍ အော်ပါလေတော့သည်။ ဆွေ့ဆွေ့ကိုခုန်လို့။ သူ ကြားထဲက တော်တော်အားနာသွားရကာ ...

''ကဲ ... ကဲ ... တော်ကြပါတော့ဗျာ၊ ကျွန်တော် အဆင်ပြေအောင် ဖြေရှင်းပေးပါ့မယ်''

''အဆင်ပြေတာ မပြေတာထက် သူ ကျွန်မကို တောင်းပန်တာပဲ လိုချင်တယ် ကိုချို့ရှု သူပြောတဲ့စကားတွေ ဘယ်လောက် ကျွန်မကို စော်ကားတယ်ဆိုတာ ရှင် အကြားနော်''

''ကြားပါတယ် ... ကျွန်တော် ကြားပါတယ်၊ ကီကီ''

''ဘာလဲ''

အမယ် ... ထူးပုံက မာဆတ်ဆတ်။

''ညှိုသည်ကို ပြန်တောင်းပန်လိုက်''

''ဘာကိစ္စ တောင်းပန်ရမှာလဲ၊ သူ့ကို ပျက်စီးတာ လျော်ပေးမယ် ပြောထားသားပဲ၊ ထပ်တော့မတောင်းပန်နိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မနေတတ်ရင် ရှင်တောင်းပန်လိုက်''

''ကီ ... ကီ''

သူ ဒေါသနဲ့အော်သည်။ သူမကတော့ ခေါင်းတယမ်းယမ်း လက်တခါခါဖြင့် ...

''ဆောရီးပဲ ... ကျွန်မတော့ သွားပြီ၊ ရှင့်ဟာရှင် ကြည့်ရှင်းလိုက်တော့''

တဲ့လေ။ သူမ မဟုတ်သလို ကြော့ကြော့လေး ကားမောင်းထွက်သွားပြီ။ သူ့မှာ ဟိုမိန်းမကို တောင်းပန်ရတာများ ခြေသလုံးဖက်မတတ်။ သူ့ရဲ့ရိုကျိုးမှုကြောင့် ထင်သည်။ ဟိုမိန်းမက ...

''ရှင့်ကြောင့် ကျေနပ်လိုက်မယ် မှတ်ပါ၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးလိုက်မယ် ကိုချိုရှ ... သူရှာသမျှပြဿနာတိုင်း ရှင် အခုလိုသာ လိုက်ရှင်းနေရတယ်ဆိုရင်တော့ ရှင့်မိန်းမဟာ သိပ်တရားလွန်နေပြီ၊ အိမ်ထောင်ဦးစီးတွေရဲ့ဝတ္တရားထဲမှာ မကောင်းတာကို ညွှန်ကြားပြင်ဆင်ပေးဖို့ ပါတယ်ဆိုတာ သတိရဦး''

လို့ ဆိုလေသည်။ သူဘာတတ်နိုင်မည်နည်း။





ဟုတ်ကဲ့ ... ဟုတ်ကဲ့ပေါ့။ အဲ့သတင်းက အဖေ့ထံ ထုံးစံအတိုင်း ပေါက်ကြားသွားခဲ့ပါတော့သည်။ ထို့ကြောင့် အဖေက ညတွင်းချင်းပင် သူ့အား အခန်းထဲခေါ်ယူပြီး ...

''ကီကီ့ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ဘူး သား။ သူ့စေလိုရာဖြစ်တယ်ဆိုတဲ့ကိစ္စဟာ အတိုင်းအတာတစ်ခုအထိပဲ ကောင်းတယ်၊ လွန်လာရင် မကောင်းဘူး။ သူစိတ်ထင်တိုင်းလုပ်ရင် ပတ်ဝန်းကျင်ကလည်း မျက်မုန်းကျိုးမှာ အသေအချာပဲ၊ အဲဒါ သူ့အတွက် မကောင်းနိုင်ဘူး''

''ကျွန်တော် ဘာလုပ်ပေးရမလဲ အဖေ''

''ကီကီ့ကိုပြောပြလို့တော့ နားထောင်မှာ မဟုတ်ဘူး သား ... သူ့မှာ အရွဲ့တိုက်ချင်စိတ်က အင်အားကြီးတော့''

''အဖေဖြစ်စေချင်တာကိုပြောပါ၊ ကျွန်တော် အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်''

''အေး ... ဒါမှ အဖေ့သား၊ ငါ့သားကို အဖေ အများကြီး ကျေးဇူးတင်ပါတယ်၊ အဖေဖြစ်စေချင်တာကို အကောင်အထည်ဖော်ပေးလို့လေ''

အဖေက မျက်ရည်ကြည်တွေဝဲပြီး ပြောသည်။ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ အဲဒီလိုရှိရင်ပဲ သူ ကျေနပ်လှပါပြီ။ ဒါ ကျေးဇူးဆပ်တာပဲ မဟုတ်ပါလား။

"ရပါတယ် အဖေ ... သားအဖချင်းပဲ၊ ကျေးဇူးတွေ ဘာတွေ မလိုပါဘူး ... ပြောပါအဖေ"

"ငါ့သားတို့ ဟန်းနီးမွန်းထွက်ကြပါလား"

"ဗျာ ... ဟန်းနီးမွန်း"

"အေး ... ဟုတ်တယ် သားရ၊ သားတို့လည်း ဟန်းနီးမွန်းထွက်ရာကျအောင်၊ ကီကီလည်း အမြင်မှန်ရအောင်၊ ဒီလို သားရ ..."

❁ ❁ ❁

## အပိုင်း (၁၀)

"ကဲ ... ဒီကားလမ်းဘေးကပဲ ဆင်းပြီး လမ်းလျှောက်သွားကြမယ်၊ မောင်တိုးရေ ..."

"ဗျာ ... ကိုရှု"

"ငါမှာတာ မှတ်မိတယ်နော်၊ နောက်ဆယ်ရက်ပြည့်မှ လာခေါ်ဖို့"

"ဟုတ်ကဲ့ ကိုရှု၊ မှတ်မိပါတယ်"

"အေး ... သွားတော့ ... ကဲ ... အမိ ကားပေါ်က ဆင်း"

သူမက အခုမှ အိပ်မက်က လန့်နိုးသူလို ပတ်ဝန်းကျင်

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကို ကျီးကြည့်ကြောင်ကြည့်နှင့်။ ပါပါပြောတော့ ဟန်းနီးမွန်း ထွက်ကြတဲ့။ သူမက အနည်းဆုံး ကမ်းခြေဒေသသွားရမည့် အထင်နှင့် ရေကူးဝတ်စုံတောင် ထည့်လာသေး။

အခုတော့ ဘယ့်နှယ့် ... ရှေ့မှာ ပေတစ်ရာလမ်းကြီး ရှိပါရဲ့နဲ့ လမ်းဘေးဆင်းလျှောက်ရမှာ သိပ်တော့မနိမ့်လှဘူး ထင်ရဲ့။ ဒီတစ်ယောက်ဟာ ဘာတွေကြံစည်ထားမှန်းမသိ။ သူမက ထိုသို့ တွေဝေနေသော အချိန်မှာပင်။

"ဟော့ ... ဒီမှာ"

"ဘာလဲ"

"ဆင်းလေ ... အခုထိ မဆင်းသေးဘူးလား"

"ဘယ်ကိုဆင်းရမှာလဲ၊ ပါပါပြောတော့ ဟန်းနီးမွန်းဆို"

"အေးလေ ... အခုလည်း ဟန်းနီးမွန်းပဲလို့၊ ကဲ ... စကားများမနေနဲ့ ... ဆင်းတော့"

သူက ကားတံခါးကိုဖွင့်ပေးပြီး တစ်ဆက်တည်းမှာပဲ နောက်က သူမ အဝတ်အစားသေတ္တာကိုဆွဲချသည်။ မောင်တိုးကလည်း ကားကို လျှောခနဲမောင်းထွက်သွားပြီ။

"ရော့ ... ကိုယ့်အိတ်ကိုယ်ဆွဲ"





"ဘာရှင့်"

"အခုချိန်ကစပြီး ကိုယ့်ဝန်ကိုယ်ထမ်းတော့၊ ဝါ့ကိုလာပြီး အားမကိုးနဲ့"

"အောင်မယ် ... လေသံက ရန်ကုန်တုန်းကနဲ့မတူတော့ပါလား"

"ဟ ... နေရာလည်းပြောင်းသွားပြီလေ၊ ဒါ ရန်ကုန်မဟုတ်တော့ဘူး"

လို့ သူကပြောပြီး အရှေ့မှဦးဆောင်ကာ ထွက်သွားလေပြီ။ အဝတ်သေတ္တာကြီးနဲ့ သူမမှာ ပေတစ်ရာလမ်းမပေါ် တစ်ယောက်တည်း။ ကိုယ်က Beach သွားရမည့်အထင်နှင့် အပီရှိုင်းလာတာ။

ဂါဝန်က ဒူးဖုံးရုံ။ အနားတွေက မညီမညာ တွဲရွဲကျနေသည်။ အနီပေါ် အဝါတုံးများနဲ့အဆင်။ အောက်က ဖိနပ်က ခြေသလုံးထက်ဝက်ထိ ကြိုးမျှင်တွေနဲ့ ရစ်သိုင်းထားသော ဒေါက်အချွန်။

ဦးထုပ်ကလည်း အနားဖတ်ကား တွန့်တွန့်ကြီးတွေပါသော နှီးနှစ်ရောင်နှင့်။ ကဲ ... အခုတော့ သူက ဘယ်ခေါ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ။ သူမ,ဟာ တွေးရင်း အတော်ဝေးဝေးရောက်နေသော သူ့ကျောပြင်ကိုကြည့်ကာ ...

"ဟိတ် ...ဟေ့ ...ဒီမှာ ချိုရှ"

သူက မှုန်ကုပ်ကုပ်နှင့် ...

"ဘာတုန်း"

"ကျွန်မ ဒီသေတ္တာကြီးကို မနိုင်ဘူး"

"မနိုင်ရင် ထားခဲ့ပေါ့"

"ထားခဲ့လို့ဖြစ်မလား၊ အထဲမှာ အဝတ်အစားတွေက အကုန်အကောင်းကြီးတွေ"

"အေးလေ ...အဲ့ဒါဆိုလည်း သယ်ခဲ့ပေါ့"

ပြောပြီး သူက လှည့်ထွက်သွား၏၊ သူကတော့ ပေါ့ပေါ့ ပါးပါးကျောပိုးအိတ်လေးတစ်လုံးတည်းပါတာကိုး။ သူမကသာ ဆွေ့ဆွေ့ခုန် ဒေါသတွေထွက်ရပြီး ...

"ချို ...ရှ"

တစ်ဖန် ထပ်အော်ခေါ်သည်။ သူက နောက်ပင် လှည့်မကြည့်။ သူမအား လက်ခါယမ်းပြ၏။

"ဟင် ...ဒီလူတော့ ...တွေ့မယ်၊ ငါနဲ့တွေ့မယ်"





သူမ, တတ်နိုင်တာ ပါးစပ်မှကြိမ်းဝါးခြင်းပင်။ ထို့ကြောင့် တစ်ယောက်တည်း ရေရွတ်ရင်း သူ့နောက်သို့ အဝတ်သေတ္တာကြီး တဒုန်းဒုန်းဆွဲချကာ လိုက်လာခဲ့ရပြီ။ သူကတော့ တစ်စက်မှ မနား။ ရှေ့သို့ တရွေ့ရွေ့သွားဆဲ။

သူမမှာသာ မညီညာသော မြေပြင်ပေါ် ဒေါက်ချွန်ချွန်နှင့် အဆင်မပြေလိုက်၊ အဝတ်သေတ္တာကြီးရဲ့လေးလံမှုကြောင့် အားစိုက်ကာ ဆွဲလိုက်နှင့် ပင်ပန်းတကြီးကိုဖြစ်လို့ ...

တစ်ကြိမ်တော့ အရှေ့မှ ကမူစွန်းလေးကို သတိမထားမိပဲ ခလုတ်တိုက်မိသည်။ လူက ဟပ်ထိုးဟပ်ထိုးနှင့် အရှိန်လွန်သွားတာများ ဝုန်းဆို သူ့ကျောပြင်နှင့် သွားတိုက်မိသည်အထိ။

"ဟာ ...ဘယ်လိုဖြစ်ရတာလဲ"

ချိုရှဟာ ကိုယ့်ကျောကို တစ်စုံတစ်ခု တိုက်၍ အနည်းငယ်တော့ ယိုင်ထွက်သွားရသည်။ ထို့ကြောင့် လှည့်ကြည့်မိတော့ သူမ သူ့ခါးကိုလည်း သိမ်းဖက်ထားသေး၊ ပြီးတော့ ရန်လိုသော အကြည့်နှင့် သူ့အား ပေစောင်းစောင်းကြည့်ကာ ...

"ဘာဖြစ်ရမှာလဲ ...ရှင် ဘာကိစ္စကြောင့် တောလမ်းက ခေါ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမလိုက်ချင်နေခဲ့ပေါ့"

"နေခဲ့လို့ရမလား ... ကားလည်းမရှိတော့ဘဲနဲ့"

"အေးပါ ... ရန်လည်းတွေ့၊ ဖက်ထားတဲ့လက်ကိုလည်း လွှတ်ဦး"

လို့ပြောမှ ကီကီက သူ့ခါးကိုဖက်ထားမိတာ သတိရသွား၏။ ပထမတော့ မိန်းကလေးပီပီ ရှက်သွားသေးသည်။ သို့ပေမယ့် ရှက်စိတ်ထက် ရန်လိုစိတ်က အင်အားကြီးနေသည့်အခါ ...

"အောင်မယ် ... ရှင့်ခါးကိုဖက်ချင်တိုင်း ဖက်ထားတာ မဟုတ်ဘူး၊ ကဲ ... သွားတော့ ဒီခါး"

ပြောပြောဆိုဆို လက်ကိုဖြည်ချပြီး သူ့ကိုဆောင့်တွန်းခြင်းဖြစ်သည်။ ရုတ်တရက်မို့ သူ အငိုက်မိသွားပြီး သူမနှင့်ဝေးရာ၌ ဝုန်းဆိုပစ်လဲကျသွား၏။

"ဟ ... မင်း ဘယ်လိုလုပ်တာလဲ"

"တွန်းပစ်လိုက်တာလေ ... မသိဘူးလား၊ မသိရင် နောက်တစ်ခေါက် ထပ်တွန်းလိုက်မယ်"

"မှူး .. သာ .. ကီ .. နွယ်"





သူက ဒေါသနှင့် တစ်လုံးချင်းခေါ်သည်။ သူမကလည်း အော်သူနဲ့အသံတူပါပဲ။

"ဘာ ... လဲ"

"ဒါ ... မင်းပိုင်တဲ့နေရာ မဟုတ်ဘူးနော်၊ တောကြီးခေါင်ခေါင်ထဲ၊ ငါ့ကို သိပ်ကလန်ကဆန်မလုပ်နဲ့၊ ဒေါသထွက်လာရင် သတ်မိမယ်"

"ဒါပေါ့ ... ဒါပေါ့ ... ရှင် ကျွန်မကို သတ်ချင်မှာပေါ့၊ ဒါမှ ကျွန်မရမယ့်အမွေတွေကို ရှင် တရားဝင်ပိုင်ဆိုင်ခွင့်ရှိမှာလေ၊ လိုချင်ရင်လည်း ပွင့်ပွင့်လင်းလင်းပြော၊ ကျွန်မ လှူလိုက်မယ်"

"မှူး .. သာ .. ကီ .. နွယ်"

သူက ဒေါသနှင့်အော်ပြန်သည်။ သူမလို သူက စကားမတတ်ပေ။ အထူးသဖြင့် ဒေါသထွက်လာလျှင် ပိုဆိုးသည်။ ဘာပြောလို့ ပြောရမှန်းမသိတော့။ သူမကတော့ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် နီးရာသစ်မြစ်တစ်ခုပေါ် သွားထိုင်ပြီး ...

"ရှင် ... အခုချိန်ထိ ကျွန်မကို ဘယ်ခေါ်လာတာလဲ ဆိုတာ မပြောရသေးဘူးနော်"

ကီကီက ပတ်ဝန်းကျင်ကို အခုမှ အကဲခတ်မိရင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ စောစောကတော့ လမ်းကြမ်းတာရယ်၊ သေတ္တာကြီးဆွဲရတာရယ်ကြောင့် သတိမထားမိခဲ့ပေ။ အခု ကြည့်လေရာတိုင်းမှာ သစ်ပင်အုပ်ဆိုင်းဆိုင်းကြီးများပဲရှိကာ လမ်းတစ်လျှောက်ကလည်း မြက်ပင်ထူထူတွေ လွှမ်းနေသည်။

ငှက်တွေ၏အသံမှအပ တခြားလူသံ,သူသံမကြားရ။ လူနေအိမ်ခြေလည်း မတွေ့ရ။ ထို့ကြောင့်ပင် သူမက အထိတ်တလန့်ဖြစ်လာရပြီး ...

"ချိုရှ ... မေးနေတယ်လေ ... ကျွန်မကို ဘယ်ခေါ်လာတာလဲလို့၊ ပါပါကတော့ ဒီလိုတောကြီးမျက်မည်းထဲ ကျွန်မကို ဟန်းနီးမွန်းထွက်ခိုင်းမယ် မထင်ဘူး"

"မင်း တော်တော်စကားများပါလား၊ အဖေ့ခွင့်ပြုချက်ရလို့ မင်းကိုခေါ်လာတာပေါ့"

"ဘယ်ကိုခေါ်လာတာလဲလို့"

"ငါ့ရဲ့ရွာကို"

"ရှင့်ရဲ့ရွာ"

သူမက ထုံးစံအတိုင်း တအံ့တဩမေးလေသည်။ သူမလေးရဲ့အံ့ဩထူးဆန်းသောအခါ တွေ့ရသည့်မျက်လုံးပြူးပြူးလေး





ရယ်၊ နှုတ်ခမ်းဖူးဖူးလေးရယ်က သိပ်ချစ်ဖို့ကောင်းတာ အမှန်ပင်ဖြစ်၏။

သူမကတော့ သူ့စိတ်ခံစားမှုကို မသိ။ သိရန်လည်းကြိုးစားဟန် မတူ။ ဘေးဘီကိုသာ ဝေ့ဝဲအကဲခတ်ရင်း ...

"ဟွန်း ... သူ့ရဲ့ရွာတဲ့၊ အိမ်လည်းမတွေ့၊ လူလည်းမတွေ့"

"ဘယ်တွေ့မလဲ ... ရွာမှမရောက်သေးတာ"

"ဟင် ... ဒါဆို ဒါကြီးက"

လက်ညှိုးလေး တထိုးထိုးနဲ့မေးနေပုံက သူတင်းထားသောစိတ်တွေ အရည်ပျော်ချင်စရာ။

"ဒါကြီးက တောကြီး"

"ဘုရားရေ ... တောကြီး"

"အေး ... ဟုတ်တယ်"

"ဒါဆို ... တောကောင်တွေ ဘာတွေရှိမှာပေါ့နော်၊ ဟို ... ရုပ်ရှင်တွေထဲကလို ခြင်္သေ့တို့, ကျားတို့"

"အင်း ... ရှိလောက်တယ်"

"အမယ်လေး ... ကျောချမ်းစရာကြီး၊ ဒါဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ထွက်ကြရအောင်ရှင် ... တခြားလမ်းက သွားမယ်လေ"

"အခြားလမ်းက သွားစရာမှမရှိတာ"

"ဟင် ... ဒီတစ်လမ်းတည်း"

သူ ခေါင်းညိတ်ပြလိုက်ရင်း သူမလေးကိုကြည့်ကာ ရင်ထဲက တစ်စထက်တစ်စ ကြည်နူးလာရသည်။ ဒါဟာ သူတို့ နှစ်ယောက်ရဲ့ ပြေလည်စွာ စကားပြောခွင့်ရတာ ပထမဆုံးပါ။

ရန်ကုန်မှာတုန်းက မဆုံလိုက်နဲ့ ဆုံလိုက်တာနဲ့ကို ဘုနဲ့ ဘောက်။ သူက အဖြူဆို ကိုယ်က အမည်း။ ဒါကြောင့် အဖေက ပြောခဲ့တာ။

"လင်နဲ့မယားဆိုတာ သူ့အလိုကို ကိုယ်ကလိုက်နိုင် မလား ... အရင်စဉ်းစား၊ အေး ... မလိုက်နိုင်ဘူးဆိုရင်တော့ ကိုယ့်သဘောအတိုင်း နေနိုင်အောင် သိမ်းသွင်းတတ်ရမယ်၊ အဲ့လို သိမ်းသွင်းတဲ့နေရာမှာ ကီကို့ကို ဒါ ဒီလိုလုပ်ဆို ငြင်းမှာ ရွဲ့မှာပဲ၊ သူ့ကို အပြောနဲ့ မသိမ်းသွင်းနဲ့ ... အလုပ်နဲ့ သက်သေပြ၊ သူနဲ့မရင်းနှီးတဲ့ ပတ်ဝန်းကျင်အသစ်ကိုခေါ်သွား၊ သူ ... မဖွမ်းဆောင်နိုင်တာ ကိုယ်က ဖြည့်ဆည်းပေး၊ သူတောင်းဆိုမှ နော်၊ အဲဒီအချိန်မှာ သူ့ကိုလုပ်ပေးမယ့် လက်အောက်ငယ်သား





လည်း မရှိတော့ဘူး၊ အဲဒါ ယောက်ျားတွေရဲ့ပရိယာယ်ပဲ၊ ကြိုးစားပါ ငါ့သား ... ကီကို့ကို ပြောင်းလဲပစ်လိုက်စမ်းပါ"

အဖေက ပြောခဲ့သည်။ အခု အဖေ့နည်းလမ်းအတိုင်း သူသုံးတာ သိပ်တော့မဆိုးလှ။ ခရီးအစ၌ပင် ပြေလည်ချင်နေပြီ။ အမှန်ဆို ရွာကိုသွားရန် နောက်တစ်လမ်းရှိပါသေးသည်။

ကားလည်း ဝင်လို့ရသည်။ ဒါပေမဲ့ သူမကို တမင်ပင် တောလမ်းမှ သူခေါ်လာခြင်းပါ။ ယခုကတည်းက ဒီတောအုပ်ထဲ သူ ကျင်လည်ခဲ့သူမို့ ဒီတောကို သူပိုင်သည်ဟု ဆို၍ရပါသည်။

"ချို့ရှု"

သူမခေါ်သံကြောင့် သူ့အတွေးတွေကို ဖြတ်ပစ်လိုက်သည်။

"ပြော"

"ရှင့်ရွာကို ဒီကနေသွားရင် ဘယ်လောက်ကြာမှ ရောက်မှာလဲဟင်"

"နှစ်ညအိပ် ... သုံးရက်"

"အမယ်လေး နှစ်ညတောင်"

"ဟုတ်တယ်၊ ကဲ ... ထ ထ၊ အလင်းရောင်ရှိတုန်း



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်ရအောင် ... တော်ကြာ မှောင်သွားရင်မကောင်းဘူး''

သူက နှိုးဆော်တာကြောင့် သူမက အမြန်ထရသည်။ တော်ကြာ နောက်မှာ ကျန်ခဲ့၍ တောကောင်တွေနှင့်တွေ့ပါက မခက်ပါလား။ သို့ပေမယ့် ထရပ်လျှင်ပင် ခြေမဆီက နာကျင်မှုကြောင့် ...

''အ''

''ဘာဖြစ်တာလဲ''

ကျောပိုးအိတ်ပြင်လွယ်နေရာမှ သူက မေးသည်။ သူမသည် နာကျင်မှုကြောင့် မျက်နှာက ရှုံ့တွနေကာ ...

''ခြေမက နာနေတယ်''

''ဟင် ... ဟုတ်လား၊ စောစောက ခလုတ်ကို တိုက်မိတဲ့အရှိန်ကြောင့်နဲ့တူတယ် ... ပြန်ထိုင်လိုက်''

သူက ပျာပျာသလဲပင် သူမနား ရောက်လာသည်။ ကြိုးတွေနဲ့ ရှုပ်ယှက်ခတ်နေသောဖိနပ်ကို သူကိုယ်တိုင်ပင် ချွတ်ပေးရင်း ...

''ခြေမ ... ကွဲသွားတာပဲ၊ ခြေသည်းကြီးလည်း လန်သွားတယ်''





''ဟင် ... အဲဒါကြောင့် နာတယ်ပြောတာ''

''အေး ... အေး ... အနာပျောက်အောင် လုပ်ပေးမယ်၊ ဒီကို ငုံ့မကြည့်နဲ့နော် ... ခဏလေး ... ခဏလေး''

သူက, ကလေးတစ်ယောက်လို ချော့မော့ရင်း ရေဘူးထဲက ရေဖြင့် သွေးတွေကုန်စင်အောင် လောင်းချဆေးကြောပေးရပါသည်။ သူမကတော့ ခြေထောက်ကို ရသမျှယမ်းရင်း ...

''အား ... နာတယ် ... နာတယ်''

တရစပ် အော်မဆုံး ...။

''အေးပါ ... ခဏလေး ... ဒီမှာ ဆေးထည့်ပြီး ပတ်တီးစည်းပေးမယ်''

လို့ သူကပြောကာ အနီးရှိ အပင်ပုလေးမှ အရွက်တွေကို ဖျတ်ဆို ဆွဲခူး၊ ရေလောင်းဆေးပြီး ပါးစပ်ထဲ ထည့်ဝါးသည်။ အဖတ်လေးတွေဖြစ်သွားမှထုတ်ကာ သူမခြေမ၌ အုံပေး၏။

''ဘာလုပ်တာလဲ''

''အဲဒါ အနာဖြစ်ရင် အုံပေးရတယ်၊ ပျောက်သွားမှာ ... ဘာမှမဖြစ်ဘူး''

ဆိုလေသည်။ သူမသည် အခါတိုင်းလို ကဲကဲဆတ်



www.burmeseclassic.com

www.burmeseclassic.com



မငြင်းဆန်။ သူ့ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါလေးထုတ်စည်းပေးသည်ကိုပင် အသာတကြည် ငေးမောနေမိပါသည်။

အိုကွယ်။ အပေါ်စီးမှမြင်ရသော သူ့မျက်တောင်တွေ၊ နှာသီးဖျားတွေကိုကြည့်ရင်း သူမရင်ထဲ ကြည်နူးစိတ်သည် အသာအယာ လှုံးလွှမ်း၍ခိုအောင်းလာရပါတော့သည်။ သူဟာ ကြင်နာတတ်သော ယောက်ျားသားပေပဲဟူသည့် တိတ်တခိုးအတွေးက သူမရင်ခုန်သံကို အနည်းငယ်မြန်စေသည်။

ပြီးတော့ ရှေ့ဆက်ရမည့် ခရီးကိုလည်း ပျော်သလိုခံစားရသည်။ အင်း ... စိတ်ရဲ့ခံစားချက်ဟာ သူမကို ရသအမျိုးမျိုးပေးစွမ်းသည်အထိ ဆန်းကြယ်လှပေသည်။





--------------------။

"ရလား ... ဖြည်းဖြည်းလျှောက်ပေါ့၊ စစချင်းတော့ နာမှာ၊ သွေးပူသွားရင် ကျင့်သားရသွားမှာပါ"

နှုတ်ဖျားမှ တတွတ်တွတ်အားပေးရင်း ပညာပေးချင်သော သူကပင် ပညာ့တွေ ပြန်ရနေသည့်အဖြစ်ကို တွေးရင်း ရယ်ချင်မဆုံး။ ကြည့်လေ ... အခုတော့ အဝတ်သေတ္တာကြီးလည်း ဆွဲရသေး၊ သူမကိုလည်း တစ်ဖက်ကတွဲရသေး။

သူမကတော့ ချွေးသီးချွေးပေါက်တွေ စိုစွတ်နေရင်းက အားတင်းပြီးလျှောက်သည်။ ဒါတောင် ခြေညှပ်ဖိနပ်တစ်ရံ ပါလာပေလို့။

"ကျွန်မက Beach သွားရမယ်ထင်လို့လေ၊ သောင်ပြင်ပေါ်စီးဖို့ ယူလာတာ"

ပြောပြီး အဝတ်သေတ္တာထဲက,ထုတ်မှ သူ့မှာ အံ့သြမျက်လုံးပြူးရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချိုး"

"ဟင် ... ပြောလေ"

"ဗိုက်ဆာပြီ"

သူမက ကလေးတစ်ယောက်လို မော့မော့လေး ပူဆာတော့ သူရယ်ချင်သွား၏။ အဖေပြောတာက တောင်းဆိုမှ ဖြည့်ဆည်းပေးရမတဲ့။ ဆာရှာမှာပေါ့။ မွန်းတည့်နေပြီပဲလေ။

"အင်း ... ဗိုက်ဆာတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ရန်ကုန်မှာလို မင်းစားနေကျဟာတွေ ရမှာမဟုတ်ဘူးနော် ... ကီကီ"

"ဟင် ... ဒါဆို ဘာစားရမှာလဲ၊ ဟို ... ထမင်းလေးတောင် မရဘူးလား"

အင်း ... မေးပုံက ကရဏာမိုးတွေ ဝေါခနဲရွာသွန်းပစ်ချင်စရာ။ သူက ခေါင်းယမ်းပြရင်း ...

"ဒီမှာကြည့်လေ ... ထမင်းဆိုင်တွေ့လို့လား"

"တောကြီးထဲမှာကို"

သူမက နှုတ်ခမ်းလေးချွန်ပြီးပြောသည်။

"အေးလေ ... တောကြီးထဲရောက်ရင် တောထဲက





အစာပဲ စားရမှာ"

"အဲ့ဒါဆို ဘာစားရမှာလဲ"

"ဒီမှာထိုင်ပြီး ခဏစောင့်"

သူမကို မြက်ခင်းပြင်နေရာလေးမှာ သူက ထိုင်ခိုင်းခဲ့သည်။ နောက်သေတ္တာကြီးပါ နေရာချပေးပြီး လှည့်ထွက်ဟန်ပြင်တော့ သူမက သူ့ဘောင်းဘီစကို လှမ်းဆွဲသည်။

"ဒါ ... ဘယ်လဲ"

"မင်းပဲ ဗိုက်ဆာတယ်ဆို၊ အစာသွားရှာရမှာပေါ့"

"ကျွန်မက ဒီမှာ တစ်ယောက်တည်းနေခဲ့ရမှာ"

"မနေခဲ့ချင်ရင် ဘာမှမစားဘဲနေနိုင်လား"

သူက အဲ့ဒီလိုမေးတော့ ကီကီ ဘာမှမဖြေနိုင်။ မျက်နှာလေးပါ အိုကျသွားပါသည်။ ကိုယ်ဗိုက်ဆာတာ ကိုယ်သာအသိဆုံး။ မနက်ကလည်း အဝမစားဘဲ အိမ်က ထွက်ခဲ့ရတာမို့ ကော်ဖီတစ်ခွက်သာ ဗိုက်ထဲရှိသည်။

ဒီရောက်တော့ လမ်းလျှောက်ရတာနဲ့တင် ကော်ဖီက ဘယ်ချောင်ကပ်သွားမှန်း မသိတော့။ ဗိုက်ထဲကလည်း သံစုံမြည်နေပေပြီ။ နောက်ဆုံးတော့ ကီကီက သူ့ဘောင်းဘီကို မလွှတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်ရပြီ။

"မြန်မြန်တော့ ပြန်လာပါနော်၊ ကျွန်မတစ်ယောက်တည်း ကြောက်လို့"

ပြောပြီး လွှတ်လိုက်ရသည်။ သူမမြင်ကွင်းထဲက သူ ပျောက်သွားသောအခါ အားငယ်လာရပါသည်။ ဘေးဘီပတ်ဝန်းကျင်ကိုလည်း အလွတ်မပေးရဲ။ ဘယ်ချုံပုတ်ကများ ဘယ်သားကောင်ထွက်လာမလဲဆိုတာ အကဲခတ်နေရသည်။

ကြည့်စမ်း ... အခုမှပင် သူမဟာ သူ့အပေါ် အင်မတန် အားကိုးနေသည်ဆိုတာ အထင်အရှားသိလိုက်ရသည်။ ဒါတောင် တစ်မနက်ကလေးပဲ ရှိသေးတာ။ သူမ ရင်ဆိုင်ရမှာက နှစ်ညအိပ်သုံးရက်ခရီး။

သူ မြန်မြန်ပြန်ရောက်ပါစေတော့လို့ ဆုတောင်းရင်း ပတ်ဝန်းကျင်ကို လေ့လာရသည်။ တောကြီးဟာ အရိပ်အာဝါသ ကောင်းလှသဖြင့် နေပြောက်တောင်မထိုးနိုင်။ ငှက်လေးတွေရဲ့ သံစုံအော်မြည်သံတွေ။ လေထိုးသံသဲ့သဲ့ကြားမှာ သာယာနာပျော်ဖွယ်အကောင်းသား။

ဒါပေမဲ့ သူ အနားမှာမရှိတော့ သူမက မလုံခြုံသလို





ခံစားရတာတော့ အမှန်ပင်။ ထိုအခိုက်မှာပင် သူက သစ်ပင်ကြီးတွေရဲ့နောက်မှ ဘွားခနဲပေါ်ထွက်လာခြင်းဖြစ်သည်။ ပခုံးပေါ် ငှက်ပျောခိုင်ကြီးထမ်းလို့။ လက်ထဲမှာလည်း စိမ်းစိမ်းအသီးလေးတွေ ပွေ့ထားသည်။

သူမ ဘယ်လောက်ပျော်ရသလဲဆို ဟန်ပင်မဆောင်နိုင်။ ဝုန်းဆို ထ,ရပ်ပြီးသား။ သူ့ကို ပြေးတောင်ကြိုချင်တာ ... ခြေထောက်အနာကြောင့်။

သူကတော့ ငှက်ပျောခိုင်ကြီးကို မြေပြင်ပေါ်ပစ်ချကာ ...

"မင်းကြိုက်ပါ့မလား မသိဘူး ... သီးမွှေးတွေ"

"အို ... ကြိုက်မှကြိုက်၊ ဗိုက်တောင်ဆာလာပြီ"

သူမကပြောရင်း ငှက်ပျောသီးတစ်လုံးကို ဖြုတ်စားသည်။ ပြီးတော့ သူ့အတွက်ပါ တစ်လုံးဖြုတ်ကမ်းပေးပြီး ...

"ရှင့်လက်ထဲက ဘာအသီးတွေလဲ"

"နှင်းသီးတွေ ကြွေကျနေတာတွေ့လို့ ကောက်လာတာ"

"ကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်ရင် စားကြည့်ပေါ့"

သူ့ထံက အခွင့်ရတာနဲ့ ပလုတ်ပလောင်း ငှက်ပျောသီးတွေကို အလျှင်အမြန်မျိုချကာ နှင်းသီးဆီ လက်လှမ်းသည်။

"ဖြည်းဖြည်းစားပါဟ နင်ကုန်မယ်"

လို့ သူကပင် သတိပေးရသည်အထိ။ သူမကတော့ နှင်းသီးကို တခွပ်ခွပ်ကိုက်စားပြီး ...

"ချိုချဉ်လေးနော်၊ ဒီအပင်တွေကို ဘယ်သူစိုက်ထားတာလဲဟင်"

ကဲ ... မေးပုံက။ တောထဲက အပင်ပါဆိုမှ။ ဘယ်သူစိုက်ထားတာလဲတဲ့။ ဗဟုသုတ တော်တော်ကြွယ်ဝပုံရသည်။ ချိုရှက စိတ်ထဲမှ ဝေဖန်လိုက်ပြီး ...

"အလေ့ကျပေါက်တာပေါ့"

"အလေ့ကျပေါက်တာ၊ ဟယ် ... ကောင်းလိုက်တာနော် ... ပိုက်ဆံမကုန်တော့ဘူးပေါ့၊ ဒါပေမဲ့ ပိုက်ဆံပေးမစားရလို့လား မသိဘူး ... သိပ်မချိုသလိုပဲ"

လို့ပြောသည်။ သူက မကြိုက်တဲ့ဟန်နဲ့ စိုက်ကြည့်ပြတော့မှ ...





"အဟီး ... အလကားစတာ၊ ချိုတယ် ... ချိုပါတယ်"

ပြန်ပြောရသည်။ ဟုတ်သည်လေ၊ ကီကို့မှာ အားကိုးစရာ သူပဲရှိတာကိုး။ သူ့အကြိုက်လိုက်ပြီ ချော့ပေါင်းထားမှ။ သူကတော့ ငှက်ပျောသီးကို ဖြီးစလွယ်ပင် စားကာ ကျောပိုးအိတ်ထဲက တစ်တောင်ခန့်ရှိသည့် ရှည်မျောမျောအရာကြီးကို ဆွဲထုတ်သည်။

သေချာကြည့်တော့ ဓားကြီး ...

'အမယ်လေး'

တ,ရသည်အထိ ဓားကြီးက လက်လက်ထမြည့်နေသော အသွားနှင့် ...။ သူမက မျက်တောင်ပင်မခတ်၊ ကြည့်နေခဲ့၊ ပြီးတော့ လေသံက အထစ်ထစ်အငေါ့ငေါ့နှင့် မေးသည်။

"အဲဒါကြီး ဘာလုပ်ဖို့လဲ"

"ခုတ်ဖို့"

"အမယ်လေး"

သူမက ရင်ဘတ်ဖိကာ တစ်ခါအော်ပြန်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ... ဘာကိုခုတ်မှာလဲ၊ လူကိုကြောက်တယ်ဆိုပြီး ဖြဲမခြောက်နဲ့၊ ဒီမှာ ကီကီတို့က အသက်ချင်းလဲပစ်မှာ"

"မင်း ... ဘာတွေပြောနေတာလဲ"

"ရှင်ပဲ ခုတ်မလို့ဆို"

"အေးလေ ... ဟိုဝါးပင်ကို ခုတ်မလို့ပြောနေတာ"

"ဝါးပင်ကို"

ဒီတော့မှ သူမရင်ထဲ အလုံးကြီးကျသွားရသည်။ သူ့ကို ဟုတ်တိပတ်တိ စိန်ခေါ်ခဲ့ပေမယ့် သူမဟာ ကြောက်တော့ကြောက်သားပင်။ သူ့လက်ထဲက ဓားလက်လက်ကြီးကိုကြည့်ပြီး ကြက်သီးထမဆုံး။

ချိုရှုကတော့ ကောင်မလေးကို ကျောခိုင်းမိသည်နှင့် သူမ, မသိအောင် ကျိတ်ရယ်ရပါသည်။ ပုံစံကြည့်တော့ ဖိုက်တာလိုလိုနဲ့ ဓားလည်းထုတ်ရော အင်း ... ကြောက်လိုက်တာပျာလို့။

သူက ဝါးရုံတောမှ ဝါးတစ်လုံးကို ခုတ်ချပြီး အရင်းပိုင်းဖြတ်ချသည်။ အဖျားကို အချွန်ဖြစ်အောင်လုပ်သည်။ သူမလေးကတော့ ဘေးနားထိုင်ပြီး သူလုပ်သမျှ တအံ့တသြငေးရင်း ...

"အဲဒါ ဘာလုပ်ဖို့လဲဟင်"





"ရှေ့မှာ တောပိုနက်လာပြီ၊ မြက်တွေရှင်းရအောင်ပေါ့၊ လက်နက်အဖြစ်သုံးရအောင်"

"ဩော် ... ရှင်က မထင်ရဘူးနော်"

"ဘာကိုလဲ"

သူက မှုန်တေတေရုပ်နှင့်မေးတော့ သူက အဟီးဟု ထပ်ရယ်ကာ ...

"ရှင် ဒီလိုတွေ တတ်နေမယ်လို့လေ"

"အခု သိသွားပြီလား"

"အင်း ... ထင်ထားတာထက်တောင် တော်နေသလားလို့"

"ဟော့ ... မမြှောက်နဲ့ ... မဖားနဲ့ ... ပုံမှန်ဆက်ဆံ" လို့ သူက,ပြောရင်း ရုပ်တည်ကြီးနဲ့ ...

"စားပြီးရင် သွားမယ်၊ ရေကူနိတော့မယ်၊ စမ်းပေါက်ရှာရဦးမှာ"

"ဒါတွေကို သယ်မှာလား"

ငှက်ပျောသီးနဲ့နှင်းသီးတွေကို ညွှန်ပြရင်းမေးသည်။

"မသယ်နဲ့ ... ထားခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... နမြောစရာကြီး၊ လမ်းမှာဆာရင်စားမှာ"

ပြောပြီး အဝတ်သေတ္တာကြီးထဲ ကောက်ထည့်သည်။ မိန်းကလေးပီပီ နမြောစိတ်က ဖုံးကွယ်မရ။

"ဟော့ ... အများကြီး မသယ်နဲ့၊ မင်းဆွဲတာ မဟုတ်ဘဲ နဲ့၊ ဟွန်း ... အလကားရရင် ရေတောင်ပါဆယ်ထုတ်ချင်တုန်း"

"အောင်မယ် ... ရှင်နော်၊ ရန်စတာ သိပ်တရားမလွန် နဲ့၊ ရှင့်ပိုင်နက်ထဲ ရောက်တယ်ဆိုပြီး လေသိပ်မထွားနဲ့၊ ကျွန်မ ပိုင်နက်ထဲရောက်ရင် ရှင်လည်း မလွယ်ဘူးမှတ်ထား"

လို့ သူမရဲ့ပုံမှန်သဏ္ဍာန်လေး ပြန်ပေါ်လာသည်။ ပြီး တော့ လမ်းလည်းမသိဘဲ အရှေ့မှ ဘောက်ဆတ်ဆတ်လျှောက် သွားသေး၏။ သူကတော့ သူမ မသိအောင် ကျိတ်ပြုံးရတာ အခါခါ။

ကောင်မလေးရေ ...မင်း ငါ့ကို သိပ်မပြုစားပါနဲ့။ ငါ တင်းထားတဲ့စိတ်တွေ အရည်ပျော်ချင်ပြီ။ မင်းအပြုံးတွေ၊ မင်းအကြည့်တွေ၊ မင်းရနံ့တွေက ငါ့ကို ယစ်မူးစေပြီလေ။

❁ ❁ ❁

## အပိုင်း (၁၁)

တဝေါဝေါသံတွေကို အဝေးကြီးကတည်းက ကြား ရတာ။ ရှေ့လမ်းချိုးတစ်ကွေ ... ချိုးတော့မှ ဘွားခနဲပေါ်လာ တာက ရေတံခွန်ကြီး ... င်းစွာ စီးဆင်းနေတာမျ ... ရေပန်းမွှားတွေတောင် ဘေးကို စင်ထွက် ...

ရေတံခွန်ရဲ့အေးမြခြင်းအရှိန်ကြော ... သူမ ... ချက်ချင်း ပင် မြူးတူးလို့သွားရသည်။ ပြီးတော့ ကလေးတ ... ာက်လို

"ဝေး ... ဟေး ... ဟေး ... ရေတံခွန်ကြီးကွ"

ဟုအော်ကာ ခုန်ပေါက်ကနေ၏။ သူကတော့ ကျောပိုး အိတ်ကိုချရင်း ခြေပစ်လက်ပစ် မြက်ခင်းပေါ် ထိုင်ချမိပါသည်။

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကလို့ခုန်လို့မဆုံးဖြစ်နေသော သူမအား ငေးမောကြည့်နေရင်းက ...

"ဒါမျိုးကျတော့ ခြေထောက်က မနာတော့ဘူးလား"

"ပျောက်သွားပြီလေ၊ ရှင့်ဆေးအစွမ်းကြောင့်ပေါ့ ... ဟိ .. ဟိ၊ ကျွန်မ,ရေချိုးချင်တယ် ... ရမလားဟင်"

သူမက ခွင့်တောင်းသည်။

"အင်း ... ချိုးလေ၊ နေဦး ... ရေဘူးတွေ အရင်ဖြည့်ထားဦးမယ်"

လို့ဆိုကာ သူက မြင့်ရာ ကျောက်တုံးတစ်တုံးပေါ် ခုန်တက်ပြီး ရေဘူးတွေဆီ ရေဖြည့်သည်။ သူမကတော့ အင်္ကျီလဲမည်ဟုဆိုကာ ချုံတစ်ခုနောက်သို့ ဝင်သွား၏။ ဒီတော့လည်း သူ စိတ်မချနိုင်။ ထို့ကြောင့် ...

"ဟော့ ... အဝေးကြီးလျှောက်မဝင်နဲ့ ... မြွေပါးကင်းပါးနဲ့"

"သိပါတယ် ... ဒီနားလေးမှာပါ"

သူမက ပြန်အော်သည်။ ခဏကြာထွက်လာတော့ မျက်နှာသုတ်ပဝါကြီးပတ်လို့။ သူက အထူးအဆန်းဖြစ်ကာ စိုက်ကြည့်





နေမိသည်။ ဒီတော့လည်း သူမက ရှက်သွေးဖြန်းသော မျက်နှာရဲရဲလေးဖြင့် ...

"ဟာ ... ဘယ်လိုဖြစ်နေတာလဲ"

"ဘာကိုလဲ"

သူက အူကြောင်ကြောင်လုပ်ပစ်လိုက်သည်။

"ဘာလို့အရမ်းကြီးစိုက်ကြည့်နေတာလဲ"

"မင်းကရော ဒီတောထဲ နှစ်ယောက်တည်းရှိတဲ့ဥစ္စာ၊ ဘာဖြစ်လို့ တဘက်ကြီးခြုံပြီး ထွက်လာရတာလဲ"

"ဟိ ... ဟိ"

သူမက ရယ်ပြပြီး ...

"ကမ်းခြေမှ မသွားရတာ၊ ဒီတော့ ယူလာတဲ့ရေကူးဝတ်စုံလေး အလဟဿမဖြစ်ရအောင် ဝတ်ပြီးချိုးမလို့ ... ဟဲ ... ဟဲ"

"အလကား အရှုးထတာ"

"အောင်မယ် ... ရှင်နော်၊ လူကို ချိုးချိုးဖွဲ့ဖွဲ့နဲ့"

"ချိုးစရာရှိတာ မြန်မြန်ချိုး၊ တောက မှောင်လာပြီဆို အအေးဓာတ်ကပါ လာရော"



www.burmeseclassic.com

www.burmeseclassic.com



သူကပြောပြီး သူမလေး ရေချိုးတာကို စောင့်ကြည့်မနေ အား။ ခွဆုံကြီးရှိသော သစ်ပင်ကြီးနှစ်ပင်က မျက်နှာချင်းဆိုင် ပေါက်နေသည်။ ဝေးလည်းမဝေးလှ။ အပင်ကြီးတွေ နီးကပ်နေ သဖြင့် အကိုင်းအခက်ချင်းက ထပ်ကာ ဖြာကျနေသည်။

သူက ရေတံခွန်အနီးပေါက်နေသော ဝါးရုံပင်မှ ဝါးလေး ငါးလုံးကို တစ်ခါတည်း ခုတ်ချသည်။ ဒါတောင် သူမက ရေစိမ် နေရင်းက ...

"အဲ့ဒါ ဘာဖြစ်လို့ ခုတ်ပြန်ပြီတုန်း။ ရှင် သစ်တောပြုန်း တီးမှုနဲ့ အဖမ်းခံရတော့မယ်"

"ဘာမှမဆိုင်ဘူး။ ဒါ လင့်စင်ထိုးဖို့ ခုတ်တာ"

"လင့်စင်"

"အင်း"

ဟုသာ ပြောပြီး သူက ဝါးလုံးတွေ အရွက်မရှိအောင် ခေါးသွယ်နေသော အဖျားတွေကို တစ်ခါတည်း ခုတ်ချပြီး တညီ တည်းဖြစ်အောင် ဖြတ်သည်။ ပြီးမှ ဟိုဘက်ခွဆုံနှင့် ဒီဘက်ခွဆုံ ကို ဝါးလုံးတွေပစ်တင်သည်။ တစ်ခဏချင်းပင် လူနှစ်ယောက် ချောင်ချိစွာအိပ်၍ရသော လင့်စင်လေးဖြစ်သွားလေပြီ။





ထိုအချိန်အထိ သူမက ရေထဲမှမထွက်သေး။

"ဟေ့ ... တော်ပြီလေ၊ ကြာနေပြီ အအေးပတ်မယ်၊ ဘာတွေလုပ်နေတာလဲ"

ချောင်းထဲကုန်းကွကွလုပ်နေသော သူမကိုမေးတော့ ..

"ငါးဖမ်းနေတာ"

တဲ့လေ ...

"ဒီမှာ. ငါးတွေအများကြီးပဲ"

"ဘာလုပ်ဖို့ဖမ်းတာလဲ"

"စားချင်လို့လေ၊ မနက်ကလည်း သတ်သတ်လွတ်ကြီး ပဲ စားနေရတာ၊ မတင်းတိမ်ပါဘူး။ အဲ့ဒါကြောင့် ဒီညနေ ငါးကင် လေး ဘာလေးစားရမလားလို့"

သူမအပြောကြောင့် သူ စိတ်မကောင်းဖြစ်သွားရသည်။ ဟုတ်ပေသားပဲ။ သူ့လို အကြမ်းခံတဲ့လူ၊ ပြီးစလွယ်စားသောက် တတ်သူတောင် ငှက်ပျောသီးလေး၊ နှင်းသီးလေးနှင့် အဆင်မပြေ ဖြစ်ရလျှင် သူမက ပိုတောင်ဆိုးပေလိမ့်မည်။ ထို့ကြောင့် ...

"ကဲ ... ကဲ ... ဖမ်းလို့မရတာ ဖမ်းမနေနဲ့ ... တက်ခဲ့တော့၊ ပြီးမှ ငါ ဖမ်းကျွေးမယ်၊ မင်း ဒီညနေစာကို



www.burmeseclassic.com

www.burmeseclassic.com



အသားစားရမယ် ...စိတ်ချ''

''တကယ်နော် ...ချိုရှ''

သူမက လှမ်းအော်မေးသည်။

''အေးပါ ...တကယ်''

ဟု ပြန်ဖြေပြီး အမှတ်မထင် သူချောင်းထဲ လှမ်းကြည့်မိ၏။ အဲဒီမှာ သွေးခုန်နှုန်းတွေမြန်၊ ရင်ခုန်သံတွေက ကမောက်ကမ ဖြစ်ကုန်တာပင်။ ကြည့်ပါဦး ...ရေတံခွန်က ကျလာသော ချောင်းရေသည် အောက်ကြမ်းပြင်ရှိကျောက်တုံးကျောက်ခဲတွေ ကူးခတ်နေသော ငါးသေးငါးမွှားလေးတွေကအစ အကုန်မြင်ရတာမို့ ရေကူးဝတ်စုံအနီရဲရဲနှင့် သူမကိုတွေ့ရသည်မှာ အဆန်း မဟုတ်ပေ။

အမို့အဟိုက်တွေက ပီသထင်ရှားစွာ။ သူဝ မထာချင်း ခြောက်ကပ်သွားသော လည်ချောင်းအတွင်းသို့ တံတွေး,တွေ အခါခါမျိုချနေရ၏။ ဒါ ...သူ့ရဲ့တရားဝင်မိန်းမတဲ့။

လူတွေကြားလျှင် ရယ်ပွဲဖွဲ့ကြပေလိမ့်မည်။ မိန်းမရဲ့ သဘာဝကပေးသည့်အလှတရားတွေကို ခင်ပွန်းဖြစ်သူက မြင်ရ၍ သွေးဂျက်ရသည်ဆိုတာ။





အင်း ...လူကြားလို့တော့ မကောင်းလှပေ။

သူက တစ်ယောက်တည်းအတွေးတွေ၊ ရင်ခုန်သံမြန်မှုတွေနဲ့ ကယောင်ချောက်ချားဖြစ်နေစဉ်မှာပင် အောက်ချုံပုတ်ထဲမှ ...

''အား ...အမယ်လေး''

စူးရှရှအော်သံ။ သူ ဆတ်ခနဲဖြစ်သွားသည်။

''ကီကီ''

သူက အကျယ်ကြီးခေါ်ရင်း လင့်စင်အောက်သို့ လွှားခနဲ ခုန်ဆင်း၏။ လင့်စင်နှင့်မြေပြင်က အနည်းငယ်ကွာဝေးတာမို့ လူက တလိမ့်ခေါက်ကွေးပြုတ်ကျသည်။ ဒါပေမဲ့ သူနာကျင်မနေအား။ မြေပြင်ပေါ်မှ အလူးအလဲကုန်းထကာ ...

''ကီကီ''

''ချိုရှရေ လုပ်ဦး''

ဟူသည့်အော်သံမပြတ် ထွက်နေသော သူမထံ ပြေးဝင်သွားသောအခါ တွေ့ရသောမြင်ကွင်းက ယောက်ျားရင့်မကြီး သူ့ကိုတောင် သည်းထိတ်ရင်ဖိုရှိလှ၏။ ဟောင်းလောင်းပွင့်နေသော အဝတ်သေတ္တာအတွင်းမှ အစိမ်းကွက်,အဝါကွက်များရော



www.burmeseclassic.com

www.burmeseclassic.com



နှောနေသော မြွေကြီးက ခွေ၍ အခန့်သား အိပ်နေလေသည်။

"သွား ကီကီ ...ဘေးကိုဖယ်နေ"

ဟုဆိုကာ သူမလေးအား နောက်သို့ တွန်းပို့လိုက်ရင်းက သူ့လက်ထဲရှိ ဝါးလုံးရှည်ဖြင့် ခေါင်းကို ချိန်ဆကာ အားကုန်ထိုးစိုက်ပစ်လိုက်သည်။ မြွေကြီးသည် အငိုက်မိခံသွားရသည်ထင်၏။

အမြီးကြီးအား တဖြန်းဖြန်းခါယမ်းရုံမက ခန္ဓာကိုယ်က တဆတ်ဆတ်တုန်ယင်လို့နေသည်။ သူက ခေါင်းကိုမလွှတ်။ အတန်ကြာတဲ့အထိ ရုန်းကန်နေပြီးမှ ရုန်းအား တဖြည်းဖြည်း လျော့သွားကာ ငြိမ်သက်သွားလေပြီ။ ထိုအခါမှ သူက မြွေကြီးကို ဆွဲယူလိုက်၏။

"လွှင့်ပစ်လိုက်တော့လေ ချိုရှရယ်၊ ကြောက်စရာကြီး၊ ဘာဖြစ်လို့ ယူနေရတာလဲ"

"ဩော် ...မြွေခေါင်းကိုဖြတ်ပြီး မြေမြှုပ်ရဦးမှာ"

"အယ် ...ဘာဖြစ်လို့"

"အဆိပ်ပြင်းတဲ့မြွေတွေက သူတို့ကို သတ်တဲ့လူတွေဆို မျက်လုံးထဲ စွဲနေအောင် မှတ်သွားတတ်ကြတယ်၊ ပြီးရင်





သူတို့မျိုးနွယ်တွေကို သူတို့နည်းသူတို့ဟန်နဲ့ သတင်းပို့တတ်ကြတယ်"

"ဟယ် ...အဟုတ်"

"အေးပေါ့၊ အဲဒီအခါကျရင် သူတို့အမျိုးတွေက တရှူးရှူးနဲ့ အုံဖွဲ့ပြီး သတ်တဲ့လူကို ရန်ပြုဖို့လိုက်ရှာတတ်တယ်"

"အမယ်လေး ...ကျောချမ်းစရာကြီး"

"အဲ့ဒါကြောင့် ခေါင်းဖြတ်ပြီး မြှုပ်ပစ်ရတာ"

"ဩော် ...ဒါဆို သူက သတင်းမပို့နိုင်တော့ဘူးပေါ့ ...ဟုတ်လား"

"ဒါပေါ့"

လို့ သူက, ကလေးတစ်ယောက်လို ပြန်ဖြေသလိုမျိုး စိတ်ရှည်ရှည်နဲ့ ပြောပြနေမိသည်။ ရင်ထဲမှာ ကြည်နူးစိတ်တွေက ဘောင်ဘင်ခတ်လို့ ...။

"ကဲ ...ကလေးမ ...အဝတ်အစားလဲတော့၊ ကိုယ် ဒါကြီးကို မြေမြှုပ်လိုက်တော့မယ်"

ပြောပြီး သူက လှည့်ထွက်လာ၏။ သူ့ ချုံပုတ်ထဲမှ မထွက်ရသေးခင်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ချိုရှရေ"

ဟု အော်သံကြောင့် သူက ပြန်အလှည့်၊ သူမက ဝုန်းဆို ပြေးဝင်ကာ သူ့ရင်ခွင်ထဲ တိုးဝင်တော့တာဖြစ်၏။ ကြောက်လန့်တကြား သူ့ကို ဖက်တွယ်ထားသေးရဲ့။

"ဘာဖြစ်တာလဲ ကီကီ"

"အဟင့် ... ဟိုဘက်ချုံထဲက လှုပ်စိစိနဲ့၊ ရှင်ပြောတဲ့ မြွေရန်သူတွေ ရောက်လာပြီလား မသိဘူး"

သူလှမ်းကြည့်တော့ ချုံပုတ်က လှုပ်တုတ်တုတ်။ သူက ချုံအရွယ်အစားကိုကြည့်ပြီး သားကောင်အကြီးတော့ မဖြစ်နိုင်ဟု ခန့်မှန်းရင်း လက်ထဲရှိ ဝါးအချွန်နှင့် ချိန်ရွယ်ကာပစ်လိုက်သည်။

လက်တစ်ဖက်၌ ဝါးကိုလည်း အဆင့်သင့်ကိုင်ထားရသေး။ ကြောက်အားကြီးစွာ ဖက်တွယ်ထားသေ ၊ သူမကိုလည်း ဖက်ထားရသေးနှင့် လက်နှစ်ဖက်စလုံးလည်း မအားပေ။

ဝါးချွန်ကတော့ တစ်စုံတစ်ခု၌ စိုက်မိနေဟန်တူသည်။ လဲမသွား ... ထောင်လျက်သားမို့ သူက ...

"ဖယ်ဦး ... ကိုယ် ခဏသွားကြည့်ဦးမယ်"





"ဟင့်အင်း ... ကီကီ ကြောက်တယ်၊ ရှင်လည်း မသွားရဘူး ... ဟိုမြွေတွေဆို ဘယ့်လိုလုပ်မလဲ"

"မဟုတ်နိုင်ပါဘူး ကီကီရဲ့၊ ကဲ ... ခဏလေးဖယ်၊ ပြီးမှ ပြန်ဖက်ပေါ့ ... ဟုတ်ပြီလား"

သူက ပြောမှပင် ကီကီက အကျီမပါ၊ ဗလာကျင်းသည့် သူ့ရင်ခွင်ထဲရောက်နေမှန်း သိရသည်။ အို ... ကီကို့ကိုယ်ပေါ်မှာလည်း တဘက်ကြီးက လျှောကျလို့။ ကီကီကလည်း ရေကူးဝတ်စုံနှင့်။ သူမသည် ချက်ချင်းပင် ရှက်စိတ်တွေ ဆူဝေလာရပြီ။

"မဖက်ပါဘူး ... သွားတော့"

လို့ သူ့ကိုတွန်းထုတ်ပစ်လိုက်ရသည်။ သူကတော့ ပြုံးစိစိနှင့် ကီကို့အားကြည့်ပြီး ချုံပုတ်ကလေးဆီ လျှောက်သွား၏။ ပြီးမှ သတိကြီးစွာနှင့် ဝါးချွန်ကို ဆွဲထုတ်လိုက်တော့ အဖျား၌ နစ်ဝင်နေသော ယုန်ဖြူတစ်ကောင် ...။

"ဟယ် ... ယုန်လေး သနားပါတယ်၊ သေသွားပြီ၊ ရှင်ကလည်း မစူးစမ်းနဲ့ အရမ်းပဲ ပစ်ရသလား"

"ဘယ်တ တ်နိုင်မလဲ၊ သတ္တဝါဆိုတာ လူချွတ်မှကျွတ်တာ၊ ယုန်သား က သိပ်ကောင်းတာကွ၊ ကြက်သားထက်တောင်



www.burmeseclassic.com

www.burmeseclassic.com



နှုးညံ့သေး၊ ဒါပေမဲ့ မင်းက သနားတယ်ဆိုတော့လည်း ... အင်း မစားနဲ့ပေါ့ကွာ''

''အမယ် ... စားမှာနော် ... ရှင်နော်''

သူမက မျက်စောင်းရွယ်ကာ ပြောရပါပြီ။

ဘာပဲဖြစ်ဖြစ် အခုအချိန်မှာတော့ သူဟာ သူမအတွက် သူ့ရဲကောင်း၊ ဖန်ဆင်းရှင်။ ပြီးတော့ သူမရဲ့တစ်ခုတည်းသော အားကိုးရာပင်ဖြစ်၏။

✿





--------------------॥

''ဝေး ... ဖေး ... ဟေး ... ရပြန်ပြီကွ၊ ငါးအကြီးကြီး''

ကီကီက အော်ရင်း ထပါခုန်လိုက်သေး။ ချောင်းထဲ၌ လူးလားခေါက်ပြန်ကူးခတ်နေသော ငါးကြီးတွေက အခုတော့ သူ့ငါးချှန်ထိပ်ဖျား၌ တစ်ကောင်ပြီးတစ်ကောင် ပါလာလေပြီ။

ယုန်သားကင်နံ့ကလည်း တစ်စတစ်စ မွှေးပျံ့လာလေပြီ။ သူမသည် နောက်ဘက်မှ ဖိုထားသော မီးပုံပေါ် တံစို့ထိုးထားသည့် ယုန်ကင်အနံ့ကြောင့် သွားရည်အနိုင်နိုင်သိမ်းရင်း ...။

''ချိုရှ''

''ပြော''

''ငါးတွေအများကြီးရပြီပဲကို၊ တော်တော့ .. ရှင် ရေချိုး၊ ဒီမှာ ဗိုက်က ဆာလှပြီ''

''မနက်ဖြန်အတွက်ပါ ဖမ်းထားရတာ၊ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com



ကင်ပြီး ယူသွားမယ်လေ"

"အင်းလေ ...လောက်ပါပြီ ...အများကြီးပါပဲဆို"

"ကဲ ...အမိသဘော ..အမိသဘော"

ဟုဆိုကာ သူက ငါးဖမ်းခြင်းအမှုကိုရပ်၍ တံစို့ထိုးပေးကာ မီးဖိုပေါ်တင်ပေးရသည်။

"အကျက်ညီအောင် ဘယ်ညာလှည့်ပေးနော်၊ နို့မို့ဆို တစ်ခြမ်းတည်း တူးသွားလိမ့်မယ်"

"အင်းပါ ...သိပါတယ်၊ ဆရာကြီးက လုပ်လိုက်တာ၊ တကတဲ"

ဟုဆိုရင်း သူ ချောင်းထဲဆင်းသွားမှ သူမလေးသည် မပွင့်တပွင့်လေသံကလေးဖြင့် ...

"အင်း ...ရန်ကုန်အိမ်ကို သတိရလိုက်တာ"

"ဘာဖြစ်လို့လဲ ...အဖေ့ကိုလွမ်းနေပြီလား"

"ပါပါလွမ်းတာ တချို့တစ်ဝက်ပဲ၊ ကျန်တဲ့တစ်ဝက်က အိမ်မှာဆို ဒါမျိုးကိုယ်တိုင်လုပ်စရာမလိုဘူးလေ၊ ပါးစပ်က ပြောရုံပဲ၊ အခုတော့ ကိုယ်တိုင်လုပ်နေရပြီ"

"အဲ့ဒါ ပိုမကောင်းဘူးလား ...ကိုယ့်အားကိုယ်ကိုး





တော့လေ"

"မကောင်းပါဘူး ...ပင်ပန်းတယ်"

"လောကကြီးမှာ ဘယ်အရာမဆို အပင်ပန်းခံပြီးမှ အောင်မြင်မှုဆိုတာရတာ၊ အဲဒီအောင်မြင်မှုကမှ ကိုယ့်အတွက် တကယ်အနှစ်သာရရှိတာ အမိရဲ့၊ သူများတွေ အဆင့်သင့်လုပ်ပေးတိုင်းသာ ရနေမယ်ဆိုရင် အဲဒီလူက ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်သွားပြီ၊ အဲ့ဒါကို တွေးမိရဲ့လား"

"ဟော့ ...ခွင်ကောင်းတယ်ဆိုပြီး ဩဝါဒတွေလာပေး မနေနဲ့နော်၊ ဒီက ဗိုက်ဆာလှပြီ ...ယုန်ကင်ကို တစ်ခါတည်း ငါးပစ်လိုက်မှာ"

လို့ သူမအကျင့်အတိုင်း ဆန့်ကျင်လေသည်။ သို့ပေမယ့် သူကျေနပ်ပါ၏။ သူဖြစ်စေချင်သည့်အတိုင်း အလုံးစုံတော့မဟုတ်သေး။ ဒါပေမဲ့ တစ်စိတ်တစ်ဒေသတော့ ဖြစ်ခဲ့လေပြီ။

သူမလေးအား သူက လိုချင်တာတွေကို အသာတကြည် လိုက်လျောမပေး။ အလျှော့မပေးဘဲ တင်းတင်းပင် ဆက်ဆံခဲ့သည်။ လောက၌ ကိုယ့်အားကိုယ်ကိုးခြင်းသာ အကောင်းဆုံးဆိုတာရယ်၊ ဘယ်အရာမှ လိုတရဖြစ်လာမည် မဟုတ်ဆိုတာရယ်



www.burmeseclassic.com

www.burmeseclassic.com



ကို သူက သိစေချင်ခြင်းပင်။

ယုန်ကင်စားတော့လည်း ကြည့် ...။ ပလုတ်ပလောင်းနှင့်။ ပါးစပ်ထဲ၌ မဆန့်မပြဲ။ ဒါတောင် လောဘတကြီးဖြစ်ကာ လက်ထဲစုကိုင်ထားတာကြောင့် ယုန်ရဲ့ပေါင်တစ်ပေါင်က သဲပြင်ပေါ် ပြုတ်ကျသွားသည်။

"အယ် ... ကျသွားပြီ"

ဟုဆိုကာ ယုန်ကင်ထပ်ဖို့ရန် လှမ်းလာသောလက်အား သူက ခပ်ဆတ်ဆတ်လေး ပိတ်ရိုက်ပစ်လိုက်၏။

"ဘာလုပ်တာလဲ"

"ထပ်ယူမလို့လေ ... ကျသွားပြီဥစ္စာ"

"မယူနဲ့ ... အဲ့ဒါပဲ ကောက်စား"

"ချိုရှုနော် ... အောက်မှာကျပြီးသားဟာကို သဲတွေပေနေပြီ၊ ရွံ့စရာကြီး"

"ကိုယ့်လောဘနဲ့ ကိုယ်ပဲလေ၊ မတတ်နိုင်ဘူး ... သဲတွေ ခါစားပေါ့"

"ဟိုမှာ အများကြီးရှိသေးတဲ့ဟာ"

"အဲဒါ မနက်ဖြန်အတွက်"





သူမက ငါးကင်တွေကို မေးထိုးပြီးပြောသည်။ သူကလည်း ခပ်ဆတ်ဆတ်ပင် တုံ့ပြန်သည်။ သူမလေးသည် တစ်ခဏတော့ စူပုတ်ကောက်ချိတ်နေသေး၏။ သူက မသိချင်ယောင်ဆောင်ကာ ယုန်ကင်ရော၊ ငါးကင်တွေပါ စုပုံသိမ်းထုပ်ပြီး ...

"မစားတော့ရင် လာတော့၊ လင့်စင်ပေါ် တက်မယ် ... မှောင်လာပြီ"

"မလာဘူး"

"ဒါ ဘာစတိုင်လဲ၊ စိတ်ကောက်တာလား၊ အေး ... ကြိုပြောထားမယ်နော် ကီကီ၊ စိတ်ကောက်ရင် ငါက မချော့တတ်ဘူး"

"လဲ ... သေလိုက်"

သူမကလည်း စွာကျယ်ကျယ်နှင့် ပြန်အော်ပါသည်။

"ဟင် ... မလဲသေပါဘူး၊ ငါကတော့ တက်ပြီ၊ မှောင်လာရင် တောကောင်တွေက စိတ်ချရတာ မဟုတ်ဘူး၊ ခြင်သေ့တို့ ကျားတို့ပေါ့"

သူက အဲ့ဒီလိုပြောပြီး လင့်စင်ပေါ်တက်ဟန်ပြင်တော့သည်။ ထိုအခါကျတော့လည်း ကီကီက မနေရဲပေ။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



. . .

"ချိုရှ"

ဆိုပြီး ကြုံးအော်သည်။ ပြီးတော့ ပါးစပ်က ပွစိစိဖြင့်

. . .

"ဟွန်း . . . အစားတောင် ဝအောင်မကျွေးချင်ဘူး၊ အေး . . . တွေ့မယ် . . . ရန်ကုန်ပြန်ရောက်လို့ကတော့ ခုနက ယုန်ကို လုပ်သလိုလေ၊ အရေခွံဆုတ်ပြီး တံစို့နဲ့ထိုး မီးကင်ပစ်မယ်၊ ကြည့်နေ . . . မလုပ်ဘူးမထင်နဲ့"

လို့ပြောကာ သဲထဲကျနေသော ယုန်ရဲ့ပေါင်တစ်ပိုင်းကို ကောက်ပြီး တဖတ်ဖတ်ခါရင်း . . .

"ကျွန်မလည်း လိုက်မယ်"

"လိုက်မယ်ဆို လာလေ"

"ဒီလောက်အမြင့်ကြီးကို ဘယ်လိုတက်မလဲ၊ ကျွန်မ သစ်ပင်မတက်တတ်ဘူး"

"လာ . . . ငါ့ကျောပေါ် ကုန်းပိုး၊ ပြီးရင် ပခုံးပေါ်က တစ်ဆင့်တက်ပြီးမှ သစ်ပင်ခွဆုံပေါ်တက်"

"ဟင်း . . . လူကို နေရင်းထိုင်ရင်း ငရဲပေးနေပြန်ပြီ၊





အောက်မှာ အိပ်လည်းရတာပဲဥစ္စာကိုး"

"အေး . . . အိပ်ရင်တော့ ဒီတောထဲက ကျားတွေ, ခြင်္သေ့တွေအတွက် ဝမ်းသာစရာပေါ့"

လို့ သူက ပြောသောအခါ ကီကီက ကြက်သီးဖြန်းဖြန်း ထသွားရကာ နောက်ကျောမလုံသလို ခံစားရပါသည်။ နိုင်ငံခြား ကားတွေထဲမှာ လူသားစားကျားတွေအကြောင်း သူမ, မကြာ ခဏ ကြည့်ဖူးသည်လေ။

ထို့ကြောင့် သူ့ကျောပေါ် ကမန်းကတန်းတက်ကာ ထိုမှ တစ်ဆင့် ပခုံးဆီသို့ . . .။

"ကန်တော့ . . . ကန်တော့နော် ချိုရှ"

"ကဲ . . . တက်မှာတက်စမ်းပါ . . . လျှာကိုရှည်တယ်၊ အပေါ်ကသစ်ကိုင်းကို ကိုင်ထား၊ ငါမတ်တတ်ထပေးမယ်"

သူမတ်တတ်ရပ်ပေးသောအခါ သူမက သစ်ပင်ခွဆုံကို တက်ရန် လွယ်ကူသွားလေပြီ။ သူမက ခွဆုံမှတစ်ဆင့် လင့်စင် ပေါ်တက်သည်။ သူမနောက်မှ သူက ကပ်ပါလာ၏။

လင့်စင်ပေါ်ရောက်တာနှင့် နေလုံးက ပျောက်သွားပြီ။ အမှောင်ထုက ကြီးစိုးလာ၏။ လင့်စင်သည် လူနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျယ်ဝန်းသည်ဆိုသော်ငြား တစ်ယောက်သာ ချောင်ချိစွာ အိပ်၍ရပါသည်။

သူကတော့ သစ်ကိုင်းအခက်အလက်တွေကြား ခါတ်မီးနဲ့ထိုးကြည့်ပြီး ...

"ကဲ ...မင်း စိတ်ချလက်ချအိပ်တော့"

"ရှင်ကရော"

"ငါက ပင်စည်ကိုမှီပြီး အိပ်မယ်လေ"

"ဘယ်နှစ်နာရီရှိပြီလဲဟင်"

သူက မီးစုန်းပါသော နာရီကို တစ်ချက်မြှောက်ကြည့်ရင်း ...

"ခြောက်နာရီခွဲ"

"အစောကြီးရှိသေးတယ်၊ ရန်ကုန်မှာဆို ဒီအချိန်လည်လို့ကောင်းတုန်းနော်"

"စကားမများနဲ့ အိပ်တော့၊ မနက်ကျ အစောကြီး ခရီးဆက်ရဦးမှာ"

သူက အမိန့်ပေးသည်။ ပြီးတော့ အမှောင်နဲ့မည်းမည်းထဲ သူ့လက်ထဲ အထုပ်ကလေးတစ်ထုပ်ထည့်ပေးကာ ..





"လက်တွေခြေထောက်တွေလိမ်းထား"

"ဘာလဲဟင်"

"ခြင်မကိုက်တဲ့ဆေးထုပ်"

ဟုဆိုလေသည်။ ကီကီက သူ့စကား နာခံသားပင်။ လက်တွေခြေထောက်တွေကို ချက်ချင်းထလိမ်း၏။ ပြီးမှ အဝတ်သေတ္တာကြီးခေါင်းအုံးကာ အိပ်ပစ်လိုက်တော့သည်။ တစ်နေကုန်ပင်ပန်းထားသည့်အရှိန်ကြောင့်လားမသိ၊ သူမဟာ နှစ်ခြိုက်စွာအိပ်ပျော်သွားတာများ တရှူးရှူးကိုဟောက်လို့ ...။

ဒီတော့မှ သူက သူမပါးပြင်လေးကို ဖွဖွစမ်းရင်း ...

"မင်းအတွက် ရလာမယ့်အမြင်မှန်တွေထဲမှာ ငါ့အတွက် မျှော်လင့်ချက်တွေပါ တစ်ခါတည်းပါလာပါစေ ကီကီ"

လို့ တိုးတိုးလေးရေရွတ်၏။ သူမျှော်လင့်ချင်ပါတယ်။ ချစ်ခြင်းတို့ ထုံမွှမ်းထားမည့် သူမနှလုံးသားကိုလေ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယမြောက်သောနေ့

အပိုင်း (၁၂)

**ကောင်း**ကင်တစ်ခွင်လုံးက အုံ့ဆိုင်း ဆိုင်း ညို့မှိုင်းလျက်။ မိုးရိပ်က တစ်စထက်တစ်စ နေရာယူထား လေပြီ။ မိုးငွေ့ပါသောလေထဲ၌ မြေသင်းနံ့နှင့်အေးစက်မှုတို့အား သူတို့ ရှူရှိုက်ရလေသည်။ ချိုရှက သူ့နောက်၌ မလှမ်းချင် လှမ်းချင်ပုံနှင့် တစ်လှမ်းချင်းခြေလှမ်းနေသော သူမအား ...

"မြန်မြန်လျှောက် ကိုကို မိုးရွာတော့မယ်၊ ရှေ့တစ်ကွေ့ ဆို ကျောက်ဂူလေးရှိတယ်၊ မိုးမရွာခင် အဲ့ဒီဂူထဲရောက်နေမှ"

"အို ... ရှေ့တစ်ကွေ့၊ ရှေ့တစ်ကွေ့နဲ့ ရောက်ကို မရောက်နိုင်တော့ဘူး။ နေပါဦး ... ရှင့်ရွာကလည်း ဒီလောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်သလား။ နောက်ထပ်ဘယ်နှစ်ရက်လောက် ထပ်သွားရဦးမှာလဲ''

''မင်းကိုပြောထားသားပဲ၊ နှစ်ညအိပ်၊သုံးရက်ခရီးပါဆို''

သူက ရုပ်တည်နှင့်ခပ်ထန်ထန်ပြောရသည်။ စိတ်ထဲမှာတော့ ရယ်ချင်စိတ်က ကလိကလိ။ တကယ်ဆို သူ့ရွာက ကားလမ်းပေါက်သဖြင့် နေ့တစ်ဝက်ဆိုရောက်ပြီ။ သို့ပေမယ့် ဒါဟာ သူမကို ပညာပေးရေးအစီအစဉ်လေ ...။

''ကဲ ... မြန်မြန်လျှောက်၊ ဒါ မော်ဒယ်ရွေးနေတာမဟုတ်ဘူး''

''သိတယ် ... သိတယ်၊ ထမင်းလည်းမစားရ၊ မုန့်လည်းမစားရနဲ့ လူက ဘယ်လိုလုပ်အားရှိတော့မလဲ''

''ဩော် ... တော်တော်အပြောကောင်း၊ ငါကတော့ဟုတ်တယ် ... ထမင်းတွေလည်းစား၊ မုန့်တွေလည်းစားပြီး သေတ္တာကြီးပါ ဆွဲရသေးတာ''

''ဆွဲပေါ့ ... ယောက်ျားပဲဥစ္စာ''

ပြောပုံက ...။ သူက သွက်သွက်လှမ်းချင်ပေမယ့် အနောက်၌ သူမ ကျန်ခဲ့သည့်အတွက် စိတ်ထင်သလောက်





ခရီးမပေါက်။ ထိုအခိုက်မှာပင် ...

'ဂျိမ်း'

မိုးခြိမ်းသံကြောင့် သူမက ...

''အမေ့''

ဟု ယောင်အော်သည်။ မိုးစက်တွေကလည်း မိုးခြိမ်းသံနှင့်အတူ တဖွဲဖွဲကျလာပြီး လေရောမိုးရောပါ သဲကြီးမဲကြီး ရွာချတာမို့ ခဏချင်းပင် ရွှဲရွဲစိုကုန်တော့သည်။

''ကဲ ... တွေ့လား၊ အဲ့ဒါကြောင့် မင်းကို ပြောတာ၊ မြန်မြန်လျှောက်ဆိုတာကို''

''အို ... သူ့ကျောက်ဂူက ဘယ်ဆီနေမှန်းမသိဘဲနဲ့''

သူမကလည်း တစ်ခွန်းမခံ ပြန်ပက်ပြီးသောအချိန်မှာပင် ချုံပုတ်အလွန်၌ ကျောက်ဂူလေးကို ဘွားခနဲတွေ့ရခြင်းဖြစ်သည်။

''ဟိုမှာတွေ့ပြီ ... မြန်မြန်လာတော့''

သူက ခေါ်ပြီး အရှေ့မှ ပြေးဝင်သွားသည်။ သူမလည်း သူ့နောက်မှ ကျောက်ဂူထဲရောက်တဲ့အထိ မိုးက တော်လဲသံလို သံကျယ်ကြီးပေးကာ ရွာကောင်းတုန်း။

''အဝတ်တွေလဲတော့ ... မင်း အရမ်းစိုနေပြီ''



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာထဲမှာဖြစ်၍ သူမ အဝတ်တွေက မစိုနိုင်ပေ။

"ရှင်ကရော"

"ငါကတော့ ရပါတယ်၊ ဒီတိုင်းနေလိုက်မယ်၊ ကျောပိုးအိတ်ထဲက အဝတ်တွေက စိုကုန်ပြီ၊ မင်းပဲ အရေးကြီးတာ"

ဟုဆိုကာ သူက ကျောက်ဂူအတွင်း ပတ်ပတ်လည်ကို ဓာတ်မီးအသေးစားလေးဖြင့် လှည့်လည်ထိုးကြည့်နေသည်။ သူမကတော့ မိုးဒဏ်လေဒဏ်ကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းလှပြီဖြစ်ရာ ...

"ကဲ ... ရှင် ကြည့်လို့မပြီးသေးဘူးလား"

"အလကားကြည့်နေတာ မဟုတ်ဘူး။ တောကောင်ကြီးတွေများ ရှိမလားလို့၊ မိုးရွာရင် ငါတို့လိုပဲ သူတို့က ဝင်ခိုတတ်တယ်လေ"

"အခု ... မရှိဘူးမဟုတ်လား"

"အင်း ... မရှိပါဘူး"

"မရှိရင်လည်း ဘေးဖယ်၊ ဟိုးအဝမှာသွားထိုင်နေ၊ ကျွန်မ အင်္ကျီလဲမလို့၊ ရှင် ဒီဘက်ကို ကျွန်မ အသံမပြုမချင်း မလှည့်လာနဲ့နော်"





"ဟား ... ဟား မင်း ဒီလောက်အထိအဖြစ်သည်းမနေပါနဲ့၊ မင်းနဲ့ငါက တရားဝင်လင်မယားတွေပါကွ"

"ရှင်နော် ... တရားဝင်ဝင် မဝင်ဝင် နောက်လှည့်မကြည့်နဲ့၊ ကျွန်မက ရှက်တတ်တယ်၊ မကြိုက်ဘူး"

"အေးပါ ... အေးပါ ... မင်းမလှည့်နဲ့ဆိုလည်း မလှည့်တော့ပါဘူး"

သူက တကယ်ပင် ကျောက်ဂူအဝ၌ သွားထိုင်နေလေသည်။ သူမဘက် ကျောပေးရင်းပေါ့။ ကိုကိုသည် အဝတ်အစားတွေကို မြန်မြန်ချွတ်ရင်း အလွယ်တကူကောက်စွပ်ရမည့်အဝတ်အစားကို ရွေးပြီးဝတ်ထားရသည်။

သူမအဝတ်အစားလဲပြီးသည်အထိ တစ်ဖက်သို့ကျောခိုင်းထိုင်နေသော သူ့ကျောပြင်အားကြည့်ကာ သူမက တိတ်တိတ်လေး ပြုံးရပါသေးသည်။ ဒီလူကြီးဟာ သူမကိုဆို ရုပ်တည်ကြီးနှင့် ဆက်ဆံတတ်ပေမယ့် သူ့စိတ်သဘောဟာ သူမ့ထင်သလောက် မခက်ထန်။ မကြမ်းတမ်းပေ။

ဘာပဲဖြစ်ဖြစ် သူမ တောင်းဆိုသမျှကို ရုပ်တည်ကြီးနှင့် လိုက်လျောတတ်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကီကီသည် သူ့အကြောင်းတွေးရင်းကပင် ...

"ရပြီ"

လို့ လှမ်းအော်ရင်း အချမ်းဒဏ်ကြောင့် လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့၌ ပိုက်ထားမိပါသည်။

"အပေါ်က ထပ်ဝတ်မယ့်အင်္ကျီ မရှိဘူးလား"

"မပါလာဘူး၊ ကမ်းခြေသွားမယ်ဆိုပြီး အထူတွေ မယူလာတာ"

"ဟင် ... ဖြစ်ရမယ်"

သူက သံရှည်ဆွဲပြီးပြောသည်။

"အောင်မယ် ... အဲ့ဒါ ကီကီ့အပြစ်မှမဟုတ်တာ၊ ရှင့်နဲ့ပါပါကြောင့်လေ"

"ဘာဆိုင်လို့လဲ"

"ဘယ်သွားရမယ်ဆိုတာ မပြောဘဲ လျှို့ဝှက်ထားပြီးတော့"

သူမလေးက ပြောတော့လည်း မမှားပေ။ ထို့ကြောင့် သူက နှုတ်ဆိတ်နေလိုက်ရသည်။ သူမကတော့ ခိုက်ခိုက်တုန်ချမ်းနေဟန်တူသည်။ လက်ကလေးပိုက်ကာ ကုပ်ကုပ်လေးထိုင်





လို့၊ နှုတ်ခမ်းတွေလည်း ပြာနှမ်းလို့။

"အင်း ... ဒုက္ခပဲ၊ တော်တော်ချမ်းနေပြီလား"

"ချမ်းနေပြီ"

"မိုးရွာတော့ သစ်ကိုင်းတွေလည်း စိုမှာ၊ မီးမွှေးလို့ရမှာ မဟုတ်ဘူး၊ နေဦး ... နေဦး"

သူက သူမအဝတ်သေတ္တာကြီးကိုဆွဲကာ အင်္ကျီရှာသည်။ မွေ့သေွးတွေစွန်းနေသော အင်္ကျီတစ်ထည်သာ လက်ရှိပါ၏။

"ရော့ ... ဒါဝတ်ထား"

"ဟင့်အင်း ... ပေနေတယ်"

"ပေတာ,မပေတာ ထားပါ၊ လောလောဆယ် အချမ်းပြေအောင် သွေးတွေစွန်းတဲ့ဘက်ကို အပြင်မှာထားပြီး ဝတ်ပေါ့၊ ရော့ ... ဝတ်ထားလိုက် တော်ကြာ အဖျားဝင်သွားမယ်"

သူမက ဆက်မငြင်းတော့။ သူဝတ်ပေးတာကို အသာတကြည်လက်ခံပါသည်။ သူကတော့ စိုနေသော တီရှပ်ကိုချွတ်ထားလိုက်ပြီ။ အင်္ကျီချွတ်ကြီးနှင့် သူက ချမ်းရမှာဖြစ်ပေမယ့် သူမလေးအတွက် စိတ်ပူနေခြင်းက သူ့ခန္ဓာကိုယ်အား နွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



စေ၏။ သူမလေးကတော့ မြေပြန့်တစ်နေရာမှာ ကွေးကွေးလေး လှဲနေလေပြီ။

"အင်း ...ဟီး ...ဟီး ...ဟီး"

အဝတ်သေတ္တာကို ခေါင်းအုံးအိပ်နေသော သူမလေး ထံမှ ညည်းသံထွက်လာသည်။ အပြင်မှာလည်း မိုးက သည်း တုန်း။ သူ့စိတ်ထင် လေရောမိုးရောက ပိုပြင်းထန်လာသဖြင့် သစ်ကိုင်းတွေ တဖြောင်းဖြောင်းကျိုးသံပါ ကြားနေရ၏။

"အီး ...ဟီး ...ချမ်းတယ် ...အရမ်းချမ်းတယ်"

"ချမ်းနေလား"

သူက စိုးရိမ်မှုဖြင့် ခြေမကိုင်မိ၊ လက်မကိုင်မိ။ ပျာယာ ကိုခတ်လို့ ...။

"အင်း ...ချမ်းတယ်"

"ခဏလေးနော်"

ဟုဆိုကာ သေတ္တာကြီးထဲမှ အဝတ်တွေယူကာ သူမ ပေါ် ခြုံလွှမ်းပေးထားမိသည်။ သို့ပေမယ့် ခဏပါပဲ။ တအောင့် ကြာရင် ညည်းသံက ထွက်လာစမြဲ။ သူမနဖူးလေးအား စမ်း ကြည့်တော့ ပူတာမှခြစ်ခြစ်တောက်။





"ဟာ ...သွားပြီ၊ ဖျားနေပြီနဲ့တူတယ်"

သူက ကျောပိုးအိတ်ဆီပြေးရ၏။ အိတ်ထဲ၌ သူဆောင် လာသော ဆေးကတ်ရှိသည်လေ။ တော်သေးရဲ့။ ပလတ်စတစ် နှင့်အုပ်ထားတာမို့ ဆေးက ရေမစို။ သူက ဆေးတစ်လုံးဖောက် ပြီး ရေဘူးပါယူလာခဲ့၏။

နောက်အချမ်းဒဏ်ကြောင့် ဆတ်ဆတ်တုန်နေသော သူမကို ပွေ့ထူလိုက်ပြီး ...

"ကီကီ ...ကီကီ"

"အင်း ...ချမ်းတယ်၊ ကီကီ ချမ်းတယ်"

ဟုဆိုကာ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြန်သော သူမ့ ကြောင့် သူ့မှာ ထွေးပွေ့ထားလိုစိတ်က တားဆီးမရ။

"အင်း ...ခဏလေးနော်၊ ဒီဆေးလေးသောက်လိုက် ကီကီ၊ မင်းဖျားနေပြီ၊ လိမ္မာပါတယ်နော်၊ ဒါလေးသောက်လိုက်"

ကလေးငယ်တစ်ယောက်လို သူက ချော့မော့ပြီး ဆေး တိုက်တာ ကီကီ သိပါသည်။ ဒါပေမဲ့ ဆေးတိုက်အပြီး သူ့ရင်ခွင် က ခွာချမှာကို သူမက အကြီးအကျယ်စိုးရိမ်နေမိ၏။ သူ့ရင်ငွေ့ သည် တစ်ခဏချင်း သူမ မက်မောလောက်အောင် ဆွဲဆောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိလေသည်။

"ကီကီ့ကို ပြန်မချစ်နဲ့တော့ ... ချမ်းတယ်၊ ကီကီချမ်းလို့ပါ"

ပြောပြီး သူ့အား ဖက်တွယ်ထားသောသူမကို သူလွှတ်မချချင်တော့။ အမှောင်ထုက ပိုမိုသိပ်သည်းလာပြီ။ သူက ခါတ်မီးလေးကို လှဲချကာ ထွန်းထားလိုက်၏။ ခပ်ပျပျအလင်းရောင်က ဂူထဲလင်းကျင်းသွားစေသည်။

မှုန်မွှားမွှားအလင်းရောင်ထဲမှ သူမလေးမျက်နှာကို မပီဝိုးတဝါးတွေ့ရသည်။ သူ့ကို ကျုံးဖက်ထားကာ ရင်ခွင်ထဲ လူးလွန့်တိုးဝင်နေသော သူမ။ သူ့ရင်က အဆမတန်ခုန်ပေါက်လာရသည်။

ပါးပြင်နုနုပေါ် အနမ်းတစ်ပွင့် ခြွေချရင်း ...

"ချစ်တယ် ကီကီရယ်"

ရင်တွင်းစကားက ထပ်မံသိုဝှက်မရတော့။ ကီကီသည် သူ့စကားကို ကြားသည့်အလား။

"အင်း"

ခနဲ သံရှည်ဆွဲကာ ရင်ဘတ်ကြီးပေါက်ထွက်သွားတော့





မတတ် တိုးဝင်လာပြန်သည်။ သူ့အားလည်း ဖက်ထားတာမှ ကျစ်ကျစ်ကိုပါလို့။

"ကီကီ"

သူက လေသံသဲ့သဲ့ဖြင့်ခေါ်တော့ ...

"အင် ... ဟင်"

"ကိုယ် ... ချစ်တာကိုသိလား"

ကီကီသည် ဖျားနေသော်လည်း အသိစိတ်မလွတ်သေးပေ။ သူ့စကားသံ သဲ့သဲ့ကြားမှာ တိမ်တွေစီးရသလို လူက ပေါ့ပါးနေသည်။ ဒါပေမဲ့ ရင်က တလှပ်လှပ်တုန်နေ၏။ ပြီးတော့ သူမပါးပြင်တွေ နှုတ်ခမ်းတွေပေါ် ဆက်တိုက်ဆိုသလိုကျလာသော အနမ်းတွေကြားထဲ လူက ရီဝေဝေဖြစ်လာ၏။

"အင်း"

သူမက တိုးတိုးလေးဖြေသည်။ အခုချိန်၌ သူမအာရုံထဲ ဘာမှမရှိ။ အချစ်၏ရီဝေရတစေသောအရာကိုသာ တငြိမ့်ငြိမ့် ခံယူးမိလေပြီ။

"ချစ်တယ် ကီကီရယ် ... အရမ်းချစ်တယ်"

သူက ထိုစကားကိုပဲ ထပ်တလဲလဲရေရွတ်ကာ သူမကို



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်ချသည်။ ဒါပေမဲ့ အေးစက်မသွား။ ကြားလေသွေး၍ ဝေးမှာစိုးသည့်နှယ်။ သူက ရင်ခွင်ထဲ သူမကို သိမ်းဝှက်ထားဆဲ။

သူမကရော ...။ သူ့ရင်ခွင်ထဲ ခေါင်းတိုးရင်း သူက ပေးသော အနမ်းတွေ၊ ချစ်ခြင်းကပေးသော ယုယမှုတွေကြား နှစ်မြှုပ်ရင်း ...

ညက တစ်စထက်တစ်စ ပိုပိုမှောင်မိုက်ခြင်းသို့ တိုးဝင်သလို သူမတို့နှစ်ဦးကလည်း ချစ်ခြင်းအလွှာထုထဲ တိုးဝင်လျက်။

❁





---------------------------------------------------။

မျက်နှာပေါ်ထိုးကျလာသော နေရောင်ခြည်တန်းကြောင့် သူမ ဖျတ်ခနဲနိုးလာသည်။ အရင်ဆုံးကြားရသည်မှာ ငှက်ကလေးတွေရဲ့အသံ။ နောက်ကျောဂူအပေါက်ဝမှ မြင်ရသော စိမ်းလန်းစိုပြည်သည့်မြင်ကွင်း။

သူ ...သူရော ...သူမက လှည့်ပတ်ပြီး ရှာဖွေမှ သူမ ခေါင်းရင်းဘက်၌ ကျောခိုင်းကာ နံရံဆီ ဘာတွေရေးနေမှန်းမသိသော သူ့ကို တွေ့ရသည်။

"ချိုရှ"

သူမခေါ်သံကြောင့် သူ ဆတ်ခနဲလှည့်လာသည်။

"ဟင် ...ကိုကို နိုးလာပြီလား"

"အင်း"

သူက သူမအနား ပြေးလာကာ ...

"နေကောင်းသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းသွားပြီ၊ ခေါင်းနည်းနည်းအုံနေတာ"

"အင်းပေါ့ ... ညက ဖျားထားတာကိုး"

အဲ့ဒီစကားကို သူက ခေါင်းကြီးငုံ့ပြီးပြောသည်။ သူက ရှက်ရသည်ပဲရှိသေး။ ကီကီဟာ အဲဒီလိုတွေးရင်း ...

"ဘာတွေးနေတာလဲ"

မေးမိသည်။ သူမနေရာကကြည့်လျှင် ကျောက်ဂူရဲ့ အတွင်းပိုင်းမှာမို့ မှောင်ကျနေ၍ ဘာမှသဲသဲကွဲကွဲမမြင်ရ။ သူ့ တစ်ခုခုရေးတာတော့ သေချာပါသည်။ ဒါပေမဲ့ သူမ စိတ်ကျေနပ်သောအဖြေမရ။ သူက ပြုံးစိစိဖြင့် ...

"အဟဲ ... မြေပုံမှတ်နေတာ"

"မြေပုံ ... ဘာမြေပုံလဲ"

"ရတနာမြေပုံ၊ ကဲပါ ... မစပ်စုရယ် မျက်နှာသစ်ရအောင်၊ လာ ... ထ ကိုယ်သစ်ပေးမယ်၊ ပြီးရင် ဟိုမှာ အသီးတွေ ခူးထားတယ်၊ ယုန်ကင်လည်း ချန်ထားတယ်၊ စားရအောင်နော်"

ဟုဆိုကာ သူက တယုတယဆွဲထူသည်။ ပြီးတော့





ကိုယ်တိုင်ကိုယ်ကျ သူမကို မျက်နှာသစ်ပေးသည်။ သူ့ဂရုစိုက်မှုတွေထဲ သူမ နစ်မူးရတာတော့ အမှန်ပါ။ ဒါပေမဲ့ ရင်ထဲ၌ တိတ်တဆိတ်အမြစ်တွယ်နေသော အသိတစ်ခုရှိလေသည်။

ဒါဟာ ပါပါ့ကိုချဉ်းကပ်ပြီး သူမကိုအရယူသော ဒီလိုဝေးလံခေါင်သီသည့်ရွာလေးထဲ၌ မွေးဖွားခဲ့သောသူ၌ ဘာအကြံအစည်တွေရှိနေမည်နည်းဆိုတာကိုပါပဲ။ သူကတော့ သူမအတွက် နှင်းသီးကိုရေဆေးပြီး တစ်လုံးပြီးတစ်လုံး ကမ်းပေးသည်။

သူမမျက်နှာကို အရိပ်တကြည့်ကြည့်။ ကီကီဟာ ကြာတော့ သူ့ရဲ့အလေးပေးမှု၊ ဂရုစိုက်ကြင်နာမှုတွေထဲ မနေတတ်မထိုင်တတ်ဖြစ်လာရတဲ့အထိ။ ထို့ကြောင့် စကားမရှိစကားရှာကာ ...

"ရှင့်ရွာကို ဘယ်တော့လောက် ရောက်မှာလဲ"

"အင်း ... သိပ်မလိုတော့ဘူး၊ နောက်တစ်နာရီလောက် လျှောက်ရင်ရပြီ"

"တစ်နာရီတောင်"

သူမလေးက ရှုံ့မဲ့မဲ့မေးတော့ သူစိတ်မကောင်း။ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ဆို အဖေနှင့်စီစဉ်ခဲ့တဲ့ အစီအစဉ်အရဆို ဒီနေ့နေ့ဝက်လောက် သူမကို ညှဉ်းဆဲထားဦးမလို့။ အခုတော့ အချစ်ဆိပ်တက်နေပြီဖြစ်သော သူ့နှလုံးသားက အရည်ပျော်နေပြီ။

ဆက်မတင်းနိုင်တော့ ...

"ကီကီက မလျှောက်နိုင်တော့ဘူးလား"

"အင်း ... ရင်တွေတုန်ပြီး လူက နုံးနေတယ်"

"ဒါဆိုလည်း ကိုယ် ကျောပိုးပြီးခေါ်သွားမယ်လေ"

"အယ် ... မဟုတ်တာ"

ကီကီက ရှက်စနိုးလေးပြောသည်။ အဲဒီရှက်ရိပ်ဖြာသော မျက်နှာလေးကပဲ သူ့ရင်အား အတိုင်းမသိ ချမ်းမြေ့စေပါသည်။

"ဟုတ်ပါတယ် ကီကီရဲ့ ... ကိုရီးယားကားတွေထဲက လိုပေါ့"

"ဘာမှမဆိုင်ဘူး"

လို့ သူမက မျက်စောင်းလေးနဲ့ရွယ်ပြီးမှ ...

"ဒီအဝတ်သေတ္တာတွေလည်း ပါသေးတာကို"

"ထားခဲ့လိုက်လေ၊ အဖိုးတန်တဲ့ပစ္စည်းလောက်ပဲ ယူခဲ့၊ ဒါကတော့ အစပ်ရောက်နေပြီ၊ ရွာက သစ်ခုတ်သမားတွေ၊





မုဆိုးတွေလာတော့မှ သူတို့ကို သယ်ခိုင်းရင်ရပါတယ်၊ စိတ်ချ ... ကီကီ့ပစ္စည်းတွေ ဘာမှမပျောက်စေရဘူး၊ ကိုယ်တို့ရွာသားတွေက ရိုးသားပါတယ် ... ကီကီရဲ့"

"မဟုတ်ပါဘူး ... အဲဒီ့သဘောမျိုးပြောတာ မဟုတ်ဘူး"

သူမက ထိုတစ်ခွန်းသာဖြေရှင်းနိုင်ပါသည်။ အဲ့ဒီနောက် သူမတို့ စတင်ခရီးဆက်ခဲ့ကြသည်။ သူမက လမ်းတစ်လှည့် လျှောက်လိုက်၊ သူက တစ်လှည့်ကျောပိုးခေါ်လိုက်နှင့်ပေါ့။

တောအုပ်လေးလွန်တာနှင့် စိမ်းစိုသောစိုက်ခင်းတွေကို အရင်တွေ့ရသည်။ နောက် ခြေတံရှည်ပျဉ်ထောင်အိမ်ဝိုင်းများ။ ရွာလယ်လမ်းမနားရောက်ခါနီးတော့ သူမကပင် ...

"ချပေးတော့ ချို့ရှ ... လူတွေတွေ့ကုန်ရင် မကောင်းဘူး"

"ကောင်းပါတယ် ... ကိုယ့်မိန်းမကိုယ်ချီတာပဲ"

"အိုး ... ရှက်စရာကြီးပါ .... ချပေးပါ"

သူမ အတင်းတောင်းဆိုမှ သူက ချပေးသည်။ ရွာထဲဝင်တာနှင့် ပုဆိုးကွင်းသိုင်းထားသော ခွေလိုမ့်နေသော ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်သိုက်က သူမတို့အား အရင်တွေ့သွားကာ ...

"ဝေး ... ဟေး ... ကိုချိုရှကြီး ပြန်လာပြီဟေ့"

ဆိုပြီး အော်ဟစ်ကြိုဆိုကြသည်။ ကလေးများကြားထဲ အပြုံးဝေဝေဖြင့်ရှိနေသော သူ့အား သူမက အသာအယာငေး ကြည့်နေမိ၏။ ကလေးတွေချစ်တတ်သော ယောကျာ်းတစ် ယောက်ရဲ့နှလုံးသားဟာ အင်မတန်မှ နူးညံ့သိမ်မွေ့သည်ဟု သူမ စာအတစ်အုပ်ထဲ၌ ဖတ်ဖူးသည်။

ဒါဆို သူမကိုချဉ်းကပ်လာသော သူ့နှလုံးသားသည် တကယ်နူးညံ့မှုအစစ်အမှန်လား။ ဒါမှမဟုတ် အတုအယောင် လားဆိုတာ။ အို ... သူမ မစဉ်းစားတတ်တော့။ ပြီးတော့ ရင်တွင်း၌ အမြစ်တွယ်နေသော အစွဲကိုဖယ်ရှားရန်အတွက် သူမ အချိန်ယူရပါဦးမည်။

❁ ❁ ❁

## အပိုင်း (၁၃)

"ဒါ... အရင်တုန်းက ကိုယ်ရယ်, အမေရယ်, နောက် ဖေဖေရယ် နေခဲ့တဲ့အိမ်ကလေးပေါ့၊ ဒီမီးဖိုချောင်မှာ ဖေမေက အမြဲချက်ဟယ်,ပြုတ်ဟယ်နဲ့ အလုပ်ရှုပ်နေတတ်တာ၊ ကိုယ်နဲ့ဖေဖေက ဟိုယောင်ယောင်,ဒီယောင်ယောင်ပဲ၊ အမေက တစ်ခုခုဝယ်ခိုင်းတော့မယ်, ကူလုပ်ခိုင်းတော့မယ်ဆိုတာနဲ့ ကိုယ် တို့နှစ်ယောက်က မျက်ရိပ်ပြပြီး လစ်တော့တာပဲ၊ အခုတော့ ဘာမှမလုပ်တတ်တဲ့ ကိုယ့်မိန်းမကို ဘာမှမချက်တတ်တဲ့ ကိုယ် ကပဲ ချက်ကျွေးရတော့မယ်၊ ကောင်းကောင်း, မကောင်းကောင်း သည်းခံပြီးစားနော် .. ကီကီ"

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... ရှင့်ကို ဘယ်သူက ချက်ခိုင်းလို့လဲ၊ ရွာထဲက အိမ်တွေကလည်း တစ်အိမ်ဟင်းတစ်ခွက်ပို့နေတာပဲလို့"

သူမက စကားနာပြန်ထိုးပစ်သည်။ ရွာရောက်ပြီး ပထမတစ်ရက်ပဲ သူမ ဆန်ပြုတ်သောက်ပြီး နောက်ရက်တွေကို ထမင်းပဲ စားခဲ့တာ။ ထမင်းမစားရတာ တောထဲ၌ တော်တော်ကြာခဲ့သည်လေ။

တစ်အိမ်တစ်ခွက်ပို့သော ဟင်းခွက်တွေကလည်း တကယ် သူမ့အကြိုက်။ ချဉ်ငန်စပ်တွေချည်း။ ထို့ကြောင့် သူမ စားလို့ကောင်းပါသည်။ ပြီးတော့ ဟင်းခွက်တွေလာပို့ကြတော့ ရွာသူများသည် သူမကို မထိရက်မတို့ရက်သလို စေ့စေ့ကြည့်ကာ ... "ချိုရှတို့များ ရွေးတတ်ပါရဲ့တော် ... တကယ့်အချောအလှကိုမှ"

"ဟုတ်ပ ... ကြည့်တာနဲ့ သိသာတာ ... သူဌေးသမီးလေးဆိုတာလေ"

"သူနဲ့ပဲ မတန်မရာ"

ဟုပြောတတ်သည်။ ထိုအခါမျိုး၌ သူက ...

"ဟေ့ ... တိတ်စမ်း ... ဘာမတန်မရာလဲ၊ တန်





လို့ပဲ ငါ့မိန်းမဖြစ်နေပြီကို ... နင်တို့မတွေ့ဘူးလား"

လို့ ခပ်တည်တည်နှင့် ပိတ်ဟောက်တတ်ပါသည်။ အခုလည်း သူက ဝယ်ခြမ်းလာသော ဟင်းချက်စရာတွေကို သူ့နေရာနှင့်သူထားရင်း ...

"ဩော် ကိုယ်က ချက်ကျွေးချင်တာပေါ့၊ ကိုယ့်မိန်းမပဲ"

လို့ ပြောတတ်ပါသည်။ ထိုအခါမျိုး၌ သူမသည် သူ့အကဲပိုမှုကို အမြင်ကတ်မဆုံးပေ။ သူဟာ သူမအပေါ် ဘယ်လောက်များထိ အကဲပိုပို၊ ဂရုစိုက်သလဲဆို ရေချိုးရင်လည်း တွင်းထဲကရေကို သူကိုယ်တိုင်ဆွဲပေးရမှ ..။ သနပ်ခါးဆိုလည်း သူကိုယ်တိုင် ကျောက်ပျဉ်ကြီး အပြည့်သွေးထားပြီး ...

"ကိုယ်လိမ်းပေးမယ် ... ကီကီ"

"အို ... မလိုပါဘူး ရတယ်၊ ကိုယ့်ဟာကိုယ်လိမ်းမယ် သွားတော့ ... ရှင် အပြင်ထွက်တော့"

သူမက နှင်ထုတ်ရတဲ့အထိ။ ဒီလိုနဲ့ပဲ သူမဟာ ရွာသူရွာသားတွေရဲ့ နွေးထွေးပျူငှာသောဆက်ဆံရေး၊ သူ့ရဲ့လိုလေသေးမရှိ ဂရုစိုက်မှုတွေကြားမှ တစ်စထက်တစ်စ နစ်မြုပ်ပျော်ဝင်လာတာများ ရန်ကုန်ကိုပင် သတိမရချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ညနေဆို နေညိုညို၊ လေပြည်က အေးမွှေးနေသည့် အချိန်မျိုး၌ သူက သူမကို မြောက်ဦးစေတီသို့ခေါ်သွားလေ့ရှိသည်။ ရွာမြောက်ဘက်၌ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေးရှိပြီး ထိုစမ်းချောင်းလေးအား ဖြတ်၍ တံတားတစ်ခု ထိုးထားပါသည်။

သူက အဲဒီတံတားပေါ်က ဖြတ်လျှောက်သောအခါ ...

"ဒီတံတားဆောက်တုန်းက ကိုယ်နဲ့တောဖရဲ့လုပ်အားပါတယ် ကီကီရဲ့"

"ကြွားပြန်ပြီ"

"ဟုတ်တယ်၊ ရွာက ကာလသားတွေ အကုန်စုပြီး ဆောက်ကြတာ၊ နဂိုက တံတားမရှိဘူးလေ၊ စေတီကို ဖူးချင်ရင် လှေနဲ့ဖြတ်ပြီး ကူးရတာ"

"ဩော် ... မိုးတွင်းကျတော့ ကူးလို့ဘယ်ရမလဲ"

"ဒါပေါ့ ... မိုးသိပ်သည်းရင် ကူးလို့မရတော့ တစ်ဖက်ကမ်းမှာရှိတဲ့ ဆရာတော်တွေ ဆွမ်းခံကြွဖို့ ခက်တာပေါ့"

"ဩော် ... အဲဒီမှာ ဘုန်းကြီးကျောင်းရှိသေးတယ်"

"အင်း ရှိတယ်၊ ပြီးတော့ ဆုတောင်းပြည့်စေတီအငယ်





လေးလည်း ရှိတယ်၊ သူ့မှာ ဆုတောင်းရင် အကုန်ပြည့်တယ်တဲ့"

"အဟုတ်"

သူမက မျက်လုံးပြူး လက်ညှိုးလေးထောင်ပြီးမေးတော့ သူက အသာအယာ ခေါင်းညိတ်ပြမိပါသည်။

"ဒါဆို ... ကီကီလည်း ဆုတောင်းရမယ်"

"ဘာဆုတောင်းမှာလဲ"

"ပါပါနဲ့အတူ မခွဲမခွာနေရပါစေလို့ပေါ့"

လို့ မချိုမချဉ်ဖြေတော့ သူ့မျက်လုံးတွေက တစ်မျိုးလေး မှိုင်းမှုန်သွားရသည်။ ထို့အတွက် သူမစိတ်ထဲတော့ မကောင်းလှပေ။ ဒါပေမဲ့ သူ့အား အဆုံးစွန်ထိ မယုံကြည်နိုင်သေးတာတော့ သူမရဲ့အင်အားကြီးသော သံသယပင်ဖြစ်ပါလိဂ့်မည်။

စေတီလေးသည် တောင်ကုန်းအမြင့်ပေါ်၌တည်ထားပြီး တောင်ကုန်းကိုပင် ဘုရားဖူးလာသူတွေ တက်ရလွယ်အောင် လှေကားထစ်တွေ ထွင်းပေးထားသည်။ သူက ထိုလှေကားထစ်တွေတက်တော့ သူမထံ လက်ကမ်းပေးရင်း ...

"နာလန်ထစ,လူမမာ အားမရှိမှာစိုးလို့နော်၊ ကိုယ့်လက်ကို စိတ်ရှိတိုင်း သုံးပါ ... ကိုယ်ငှားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုသည်။ သူမက သူ့လက်ထဲ သူမလက်ဖဝါးလေး ထည့်သောအခါ သူက မလွှတ်စတမ်း တင်းကျပ်ကျပ်ဆုပ်ကိုင်ထား၏။ ဟိုးဘုရားရင်ပြင်တော်ပေါ်ရောက်တဲ့အထိပင်။

ထိုရင်ပြင်ပေါ်မှစီးမိုးပြီးကြည့်လျှင် ရွာလေးအား ရစ်ပတ်ခွေဆင်းနေသော စမ်းချောင်းလေး၊ စိုက်ခင်းတွေ၊ အိမ်ပုပုလေးတွေနှင့် တောအုပ်ကလေးအားလုံးကို အထင်းသားတွေ့ရသည်။

လေက တဂူးဂူးတိုက်နေပြီး တစ်ချက်တစ်ချက် တောပန်းရနံ့က ကြိုင်ကြိုင်သင်းလို့၊ စိတ်ကြည်နူးစရာပါပေ။ တောင်အောက်ပြန်မဆင်းမီ သူမတို့က ဘုရားနောက်ဘက်ရှိ ကျောင်းသင်ခန်းလေးသို့ သွားရောက်ခဲ့ကြ၏။

ကျောင်းထိုင်ဆရာတော်အား ဝတ်ဖြည့်ကန်တော့သောအခါ ဆရာတော်ပေးသော ဆုသည် ...

''ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြပါစေ''

တဲ့ ... သူမက ဘာမှမဖြစ်သော်လည်း သူသည် နွေးထွေးကြည်စင်သော အကြည့်တစ်မျိုးဖြင့် သူမအား လှမ်းငေးကာ ...

''ပေးတဲ့ဆုနဲ့ပြည့်ပါစေ''

တဲ့လေ။ သူမရင်က တစ်ချက်တော့ ခုန်သွားရသား။





တောင်အောက်ပြန်ဆင်းသော သူက တိုးတိုးလေးကပ်ကာမေး၏။

''ပျော်ရဲ့လား ကီကီ''

သူမအသံလည်း တိုးတိုးလေးပါပဲ။

''အင်း ... ပျော်ပါတယ်''

ဟုဖြေသည်။ သို့ပေမယ့် ထိုအပျော်က တာရှည်မခံ။ ရွာထဲပြန်ရောက်တာနှင့် ...

''ဟော့ ချိုရှ ... နင့်အိမ်မှာ ဧည့်သည်ရောက်နေတယ်''

ဟူသော သတင်းပေးစကားကြောင့် သူတို့ သွက်သွက်လှမ်းခဲ့ကြသည်။ အိမ်ရှေ့၌ ပါပါစီးနေကျ ကျောက်စိမ်းရောင်မာစီးဒီးကား။

''ပါပါ''

သူမက အော်ကာ အိမ်ပေါ်ပြေးတက်သည်။ စေ့ရုံစေ့ထားခဲ့သော တံခါးအားဖွင့်၍ အိမ်ထဲအရောက်ဝင်ထိုင်နေသူက ပါပါမဟုတ် ... မောင်တိုး။

''ပါပါရော ... ပါပါ မပါဘူးလား''

''ဘာဖြစ်လို့လဲ မောင်တိုး''

သူကပါ အမောတကောမေးသည်။ မျက်နှာမကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော မောင်တိုးကိုကြည့်ပြီး သူ့ရင်ထဲ ထိတ်ခနဲ။

"မောင်တိုး"

သူက အော်သည်။ စိတ်မရှည်တော့။ မောင်တိုးသည် ခေါင်းကြီးအောက်စိုက်ချပြီး ...

"ဆရာကြီး ဆုံးပြီ ... ကိုရှ"

"ဘာ"

"မဖြစ်နိုင်တာနော် မောင်တိုး၊ ငါတို့ထွက်လာတဲ့အထိ ပါပါက အကောင်းကြီးရှိသေးတာ"

"တကယ်ပြောတာ မမလေး၊ မနက်ကမှ ရုတ်တရက် ဆုံးသွားတာ၊ ဆရာဝန်ကတော့ ဦးနှောက်သွေးကြောပြတ်တယ် ဆိုပြီး ..."

မောင်တိုးစကားမဆုံးလိုက်ရ ... သူမက ...

"ပါပါ"

ဟု ရင်ပွင့်မတတ်အော်ပြီး သူ့ရင်ခွင်ထဲ နွမ်းလျပျော့ခွေစွာ လဲကျသွားရပါတော့သည်။ သူမအတွက် ရွှေတောင်ကြီး ပြိုလေပြီ ...။

❖





---

ရန်ကုန်ရောက်တာနှင့် ပါပါ့စျာပနကိစ္စအဝဝကို ချိုရှက သာ ဦးဆောင်စီမံလေသည်။ သူမက ဘာမှမစီစဉ်နိုင်။ ဘာလုပ်ရမှန်းမသိ။ ကလေးသာသာ အတွေးအခေါ်နှင့် ဘာမှမညွှန်ကြားနိုင်။

ချောင်တစ်ချောင်ကပ်ပြီး ငိုနေဖို့သာ တတ်နိုင်ပါသည်။ ပါပါ့ရက်လည်ပြီးသွားတဲ့အထိ သူမက ငိုကောင်းဆဲ။ ပါပါ သူမဘဝက ထွက်သွားသည်ကို မယုံကြည်ဆဲပင်။ သူကတော့ နှစ်သိမ့်ပါသည်။

"စိတ်ထိန်းပါ ကီကီရယ်၊ သခါရသဘော နှလုံးသွင်းပေါ့ ... ဘယ်တတ်နိုင်ပါ့မလဲ၊ ကီကီငိုနေလို့ အဖေက အသက်ပြန်ရှင်မှာမှမဟုတ်တာ၊ ကီကီပဲ ပင်ပန်းမှာပေါ့"

"ရှင်ကတော့ ဒီလိုစကားမျိုးပြောနိုင်မှာပေါ့၊ ရှင့်အဖေ ရင်းမှ မဟုတ်တာ၊ ကျွန်မကတော့ ကိုယ့်အဖေတစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးရတာ ငိုရမှာပဲ၊ ရှင်လည်း အနေအထိုင်ဆင်ခြင်ပါ၊ မွေးစားသားက ကိုယ့်နေရာကိုယ်သိ၊ နေရာတကာ လက်ဝါးကြီးအုပ်ဖို့ မစဉ်းစားနဲ့''

သူမစိတ်တွေဟာ ပါပါမရှိတော့တာရော၊ ရန်ကုန်အိမ် ပြန်ရောက်လာတာရော နှစ်ခုလုံးပေါင်းကာ ပြန်လည်ခက်ထန် ကြမ်းတမ်းလာရသည်။ စိတ်တွေကြမ်းတမ်းလာတာနှင့်အမျှ သူမ စိတ်ရဲ့သံသယက ပိုမိုကြီးထွားလာရ၏။

ပါပါမရှိတော့ရင် သူ ဘာတွေကြံစည်မလဲ။ ပါပါမရှိ တော့ရင် သူ ဘာကိုလက်ဝါးကြီးအုပ်မလဲဆိုသော အတွေးတွေနှင့် သူ့အား မျက်စိထောင့်ထောက်ပြီး အခါမလပ် စောင့်ကြည့်တတ် လာသည်။

သူကတော့ အိမ်ကပ်သည်ဟူ၍မရှိ။ မိုးလင်းတာနှင့် ပါပါရဲ့များပြောင်လှသောလုပ်ငန်းတွေအတွက် အိမ်မှထွက်ရပြီး မိုးစုန်းစုန်းချုပ်မှ ပြန်ရောက်လာတတ်သည်။ သူနှင့်မျက်နှာချင်း မဆိုင်ချင်တာနဲ့ပဲ သူမက သူပြန်ရောက်လာချိန်ဆို အိပ်ရာဝင် တတ်၏။ သူ့အတွက်တော့ ခေါင်းအုံးနှစ်အုံးကို ကြမ်းပေါ်ချပေး ထားစမြဲ။





ဒါပေမဲ့ သူကတော့ စိတ်ဆိုးဟန်မပြ။ မိုးလင်းလျှင် ...

''ကီကီ ... ကိုယ်မျက်နှာသစ်ပေးရမလား''

''မလိုပါဘူး''

''တောထဲမှာလိုလေ''

''တော်စမ်းပါ ... အဲ့ဒါကို အဟုတ်ကြီးထင်မနေနဲ့၊ ရှင့်ကို လိုသလိုအသုံးချလို့ရအောင် ရှင့်အကြိုက် လိုက်ပေါင်းခဲ့တာ၊ ကီကီတို့က ဘူးဆို ဖရုံမသီးဘူး''

လို့ သူမက ခပ်ရှိုင်းရှိုင်းပင် တုံ့ပြန်တတ်သည်။ သူ့ မျက်နှာမကောင်းသည်ကိုလည်း စိတ်မကောင်းမဖြစ်တော့။ ခပ်ရဲရဲပင် မျက်နှာလွှဲတတ်ပြီ။ သူမစိတ်ထဲ တစ်နေ့နေ့တော့ သူ့ဇာတိရုပ်က ဘွင်းဘွင်းကြီး ပေါ်လာတော့မည်လို့ စွဲထင်လျက် ရှိပါတော့သည်။ ထိုအစွဲသည် သိပ်မကြာသော ညတစ်ည အတွင်း ရုပ်လုံးပေါ်လာခဲ့၏။

အဲ့ဒီညက နှစ်ခြိုက်စွာအိပ်ပျော်နေသော သူမသည် ချိုးချိုးချွတ်ချွတ်အသံတွေကြောင့် နိုးလာခဲ့၏။ မျက်လုံးကို အသာ ဖွင့်ကြည့်တော့ ချိုရှု၊ ခြေသံကို ဖွဖွနင်းကာ မီးခံသေတ္တာဆီ ဦးတည်ပြီးလျှောက်သွားနေတာ သူမ တွေ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကီကီသည် မျက်ဝန်းတို့ကို အသာမေးစင်း၍ သူ ဘာလုပ်မလဲဟုတွေးကာ စောင့်ကြည့်နေခဲ့၏။ ရင်က တဒိုင်းဒိုင်း ခုန်ပေါက်လျက်ရှိပြီး ဒီတစ်ခါတော့ သာယာကြည်မွေ့သော ရင်ခုန်ခြင်းမဟုတ်တော့။

စိတ်လှုပ်ရှားခြင်း၊ ဒေါသထွက်ခြင်း၊ ဒင်းအား မုန်းတီးရန်လိုခြင်းတို့ဖြင့် ရင်ခုန်စိတ်လှုပ်ရှားခြင်းဖြစ်သည်။ ဟော ... သူ မီးခံသေတ္တာရဲ့လျှို့ဝှက်နံပါတ်ကို ဖွင့်ဟန်ပြင်နေပြီ။ သူမ ဘယ်လိုမှ သည်းမခံနိုင်တော့။ အိပ်ရာခေါင်းရင်းရှိ မီးအုပ်ဆောင်း၏ကြိုးဆွဲခလုတ်ကိုဆွဲ၍ မီးဖွင့်လိုက်သည်။ လူကလည်း ခုတင်ပေါ်မှ ထိုင်ပြီးသား အဲဒီနောက်တော့ သူမရဲ့အေးစက်မာကျောသော မေးခွန်းက နှုတ်ဖျားမှ ထွက်ကျသွားရပါတော့သည်။

"ဒါ ... ဘာလုပ်တာလဲ"

ချိုရှသည် အယောင်ယောင်အမှားမှားမှာမဖြစ်။ တည်ငြိမ်စွာထရပ်လိုက်သည်။ သူမအား ရင်ဆိုင်ကြည့်တော့ သူမမျက်ဝန်းတွေထဲ၌ ဒေါသမီးရောင်က အလျှံညီးညီးတောက်လောင်နေသည်ဆိုတာ အတိုင်းသားတွေ့ရ၏။

"မေးနေတယ်လေ ...ဒါ ဘာလုပ်တာလဲ"





"မီးခံသေတ္တာဖွင့်တာပါ"

"ဘာကိစ္စဖွင့်တာလဲ"

"အထဲက ယူစရာရှိလို့"

"ဘာ ...ပြန်ပြောစမ်းပါ ချိုရှရဲ့၊ ယူစရာရှိတာလား၊ ခိုးစရာရှိတာလား"

"ကီကီ"

သူမရဲ့မေးခွန်းက သူ့မာနတရားကို ရိုက်ပုတ်လိုက်သလိုပင်။ သူက အော်တော့ ကီကီက မခိုးမခန့်ရယ်သည်။

"ဘာလဲ ...သူခိုး လူမိသွားလို့ ရှက်ရမ်း,ရမ်းနေတယ်"

"သွားစမ်းပါ ...ပိုင်ရှင်မသိအောင် လုပ်တာဟာ ခိုးခြင်းပဲ ချိုရှရဲ့၊ ရှင့်ကို ကျွန်မ မသင်္ကာတာကြာပြီ၊ ဒါကြောင့် စောင့်ကြည့်နေတာလဲကြာပြီ၊ ရှင်ကပါ စိတ်ကြိုက်လိုက်ပြီး ချဉ်းကပ်တယ်၊ ပါပါစိတ်ချယုံကြည်ရအောင်လုပ်တယ်၊ ပြီးတော့ ကျွန်မကို တစ်ဆင့်သိမ်းပိုက်တယ်၊ အခု ပါပါမရှိတော့ဘူးလေ၊ ရှင့်အတွက် ပွဲပြီးမီးသေပဲ"

"မဟုတ်သေးဘူးကီကီ၊ မင်းထင်တာတွေ လွဲနေတယ်



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ထင်တာမဟုတ်ဘူး ချိုရှ ... မြင်တာ၊ ဟောဒီ မျက်စိနှစ်လုံးနဲ့ တပ်အပ်မြင်တာ"

"ကိုယ် ဒီထဲက ဘာပစ္စည်းမှ ခိုးဖို့မရည်ရွယ်ဘူး ကီကီ၊ ခိုးစရာအကြောင်းလည်း မရှိဘူး၊ မက်လည်း မမက်မောဘူး"

"ဒါဆို ဘာအတွက် ညကြီးမင်းကြီးမှ ကျွန်မ,မသိအောင် ရှင်မီးခံသေတ္တာကို ဖွင့်သလဲ"

ကီကီကမေးတော့ သူ,မဖြေနိုင်။ မဖြေချင်တာဆို ပိုမှန်ပါလိမ့်မည်။

"ကိုယ် သေချာတာတစ်ခုတော့ပြောမယ် ကီကီ၊ ဒီမီးခံသေတ္တာဖွင့်တာဟာ ကီကီ့အကျိုးယုတ်စေတဲ့ ဘာကိစ္စမှမပါဘူး"

"တော်စမ်းပါရှင် ... ရှင်က လစ်ရင်ယူမယ်၊ မိရင်ပြန်ပေးမယ်ဆိုတဲ့သဘောလား၊ ဒီမယ် ချိုရှ ... ပါပါရဲ့သမီးအရင်း ကျွန်မကတောင် ဒီမီးခံသေတ္တာကို စိတ်မဝင်စားဘူး၊ တစ်ခါမှလည်း ဖွင့်ဖို့မရည်ရွယ်ခဲ့ဘူး၊ ရှင်က သိပ်ပြီး ဘောင်တွေစည်းတွေ ကျော်နေပြီလို့ မထင်ဘူးလားဟင်၊ အခုတော့ အဖြေကရှင်းသွားပြီ ... ရှင်က သိုက်တူးသမား၊ ပါပါ့စည်းစိမ်တွေကိုအပိုင်စီးချင်လို့ ကျွန်မကို လက်ထပ်ခဲ့တာ၊ အပိုင်ကြံခဲ့တာ"





"မှူးသာကီနွယ် ... မင်းစွပ်စွဲတာ တစ်ခုမှမဟုတ်ဘူး၊ ငါက အဖေ့အပေါ်ရော မင်းအပေါ်ရော အစစ်အမှန်တွေပဲ ပေးခဲ့တာ၊ ငါအနစ်နာခံခဲ့တာ၊ ငါစွန့်လွှတ်ခဲ့တာ အံဖေသိတယ်"

"ဟာ ..ဟ ..ဟား ..ဟား"

ကီကီက အားပါးတရကို ရယ်ပစ်လိုက်သည်။ ပြီးတော့မှ သူ့အား သရော်တော်တော်မျက်ဝန်းတွေနဲ့ သေချာစူးစိုက်ကြည့်ပြီး ...

"ရယ်ရတယ် ... သိလား ချိုရှ၊ ရှင်က မရှိတော့တဲ့လူကို တိုင်တည်ပြီး ပြောနေတာပဲ၊ ဘာတွေအနစ်နာခံခဲ့တာလဲ၊ ဘာတွေစွန့်လွှတ်ခဲ့တာလဲ၊ ချောင်ကြိုချောင်ကြားတောရွာလေးကနေ တိုက်ကြီးပေါ်ရောက် နေ့ချင်းညချင်း သူဌေးသားတစ်ယောက်လို စည်းစိမ်တွေရခဲ့တဲ့ ရှင်က ဘာတွေစွန့်လွှတ်ခဲ့သလဲ၊ သူဌေးသမီး ကျွန်မကို လက်ထပ်ခဲ့တာရော ရှင်က အနစ်နာခံခဲ့တာပေါ့ ..ဟား ..ဟား ..အင်း ... ရှင် ဒီအတိုင်းသွားရင် ဆက်ပြီးနစ်နာနေပါဦးမယ်၊ ကျွန်မတို့ ကွာရှင်းလိုက်တာပဲ ကောင်းပါတယ်"

"ကီကီ ... စိတ်ထင်ရာတွေ မင်းလျှောက်မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဟိုး ... ငိုသံတွေတောင် ပါလာပြီလား၊ ကောင်း မျောက်သစ်ကိုင်းလွတ်ဖြစ်မှာစိုးလို့နဲ့တူတယ်နော်၊ မပူပါနဲ့ရှင် ... ကျွန်မက အဲဒီလောက် အကြင်နာတရားမမဲ့ပါဘူး၊ ထိုက်တန်တဲ့လျော်ကြေးပေးပြီး ကွာမှာပါ"

"မဟုတ်ဘူး ကီကီ ... မင်းမှားနေပြီ၊ ကိုယ် မင်းကို လက်ထပ်ခဲ့တာ ဘာစည်းစိမ်မှ မက်လို့မဟုတ်ဘူး၊ မင်းကိုချစ်လို့၊ ကိုယ့်ဘဝတစ်လျှောက်လုံး မင်းအနားမှာနေချင်လို့၊ ကိုယ် ... မင်းနဲ့မကွာရှင်းနိုင်ဘူး ကီကီ၊ ထင်ရာလျှောက်မလုပ်ပါနဲ့၊ အဖေလည်း ဒါတွေကို တစ်နေရာရာက မြင်ရတဲ့အခါ စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ ကိုယ် ... ကီကီ့ကို ချစ်တယ်လေ၊ ကီကီလည်း ကိုယ်ချစ်တာကို သိတယ်ဆို"

သူဟာ ယောကျ်ားတန်မဲ့ မျက်ဝန်း၌ မျက်ရည်တို့စွတ်စိုလာရသည်။ ချစ်သူရဲ့ဥပက္ခာ၊ ချစ်ရသူနှင့်ကွေကွင်းခြင်းဒုက္ခကို သူ့ရဲ့နုနယ်သော နှလုံးသား ခံနိုင်ရည်မရှိပါ။

အထူးသဖြင့် ဘဝချင်းပုံအပ်ပြီး ချစ်ခဲ့ပြီးကာမှ ကီကီရယ်။ သူ့မျက်စိရှေ့က သူမကတော့ တင်းမာပြတ်သားစွာပင် ဆံပင်တွေကို ဝဲခနဲခါပြီး မျက်နှာကို မော့ချီထားခဲ့ပါသည်။





"ကျွန်မ မြွေပွေးခါးပိုက်‚ပိုက်တဲ့အလုပ် ဆက်မလုပ်နိုင်တော့ဘူး ချိုရှ၊ ဒီညအဖြစ်အပျက်ကို ရှင်နဲ့ကျွန်မနှစ်ယောက်တည်း သိတာပါ၊ ရှင် အသာတကြည် ကွာရှင်းလက်မှတ်မထိုးဘူးဆိုရင်တော့ ဒီအဖြစ်အပျက်တွေကို လူသိရှင်ကြား ကျွန်မဖွင့်ပြောရပါလိမ့်မယ်၊ ရှင် ကျွန်မကို လက်မှတ်ထိုးပေးမယ်ဆိုရင် သိန်းငါးရာလျော်ကြေးပေးမယ်၊ ဒီကိစ္စတွေလည်း ကျွန်မ ဖုံးကွယ်ပေးထားပါ့မယ်၊ ဘယ့်နှယ့်လဲ ... သိန်းငါးရာနော် ... မနည်းပါဘူး၊ လူတစ်ယောက်ရဲ့ဘဝကို ကောင်းကောင်းကြီး ပြောင်းလဲစေနိုင်ပါတယ် ချိုရှရဲ့"

သူမက ရိသဲ့သဲ့ပြောသည်။ နောက်မဆုတ်ဟု ကြံရွယ်ထားသော စိတ်ကူးအရိပ်သည် သူမမျက်နှာ ထင်ရှားစွာပေါ်လွင်နေသည်။ ချိုရှသည် သူမအား နောက်ဆုံးအနေဖြင့် စိုက်ကြည့်မိသည်။

ခက်တာက နာကြည်းဖို့နေနေသာသာ ခွဲခွာရမည်ဟူသော အသိက အချစ်စိတ်ကို ဆထက်ထမ်းပိုး တိုးစေ၏။ တကယ်တမ်း သူမ ကြွေးကြော်ခဲ့သလို လူသိရှင်ကြားဖွင့်ဟခဲ့လျှင် ... သူ့ဘက်က အခြေအနေအရပ်ရပ်ကို အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံခဲ့လျှင် ...

"သမီးရဲ့စိတ်က ဆတ်တယ်၊ ပြီးတော့ ထက်တယ်၊ အဲ့ဒီမှာ သူ့ဘဝတစ်ခုခုဖြစ်သွားမှာကို အဖေ မလိုလားဘူး သားရယ်"

အဖေ့အသံက ချက်ချင်း နားထဲပြန်ကြားယောင်လာ၏။ နောက် ... အဖေတောင်းခဲ့သောကတိ။

"ညီမလေးကို မွေးစားသမီးဖြစ်တယ်ဆိုတာ တစ်သက်လုံး အသိမပေးမိပါစေနဲ့ သားရယ်၊ အဲ့ဒီအခါကျရင် သူ အရမ်းခံစားရမှာစိုးလို့ပါ"

ဟု တလေးတနက် သူ့အား မှာကြားခဲ့သည်။ သူကလည်း လေးနက်ခိုင်မာစွာပင် ...

"စိတ်ချပါ အဖေ ... ကျွန်တော် အသက်နဲ့ခန္ဓာ ရှိနေသ၍ အဲဒီအဖြစ်ကြီးကို ဖုံးကွယ်ပေးထားပါ့မယ်"

လို့ ဆိုခဲ့သည်။ အခုတော့ ဒီကတိကို သူ စောင့်ထိန်းရတော့မည်။ လေးစားရှိသေရသော ဖခင်အတွက် ... နောက် ... သူချစ်မြတ်နိုးရသော အမျိုးသမီးကလေးအတွက် ...။

"ဟင်း ... ဟင်း တွေဝေလှချည်လား ဆရာကြီးရဲ့၊





ဘာလဲ သိန်းငါးရာ နည်းတယ်ထင်လို့လား၊ အဲဒါဆိုလည်း တိုးပေးပါ့မယ်"

"တော်လောက်ပါပြီ ကီကီ၊ မင်း ... ငါ့ကို ဒီလောက်စော်ကားရရင် ကျေနပ်တော့ပေါ့၊ မင်းလိုချင်တဲ့ လက်မှတ်ကို ငါ တစ်ပြားတစ်ချပ်မှမယူဘဲ အလကားထိုးပေးမယ်၊ ဒါပေမဲ့ တစ်ခုတော့ မင်းသိအောင်ပြောခဲ့မယ် ... ငါ မင်းအပေါ် ချစ်ခဲ့တဲ့အချစ်က သိပ်ဖြူစင်တယ်ဆိုတာရယ်, ဒီကိစ္စတွေ မပေါက်ကြားမှာစိုးလို့ ကြောက်တဲ့စိတ်နဲ့ ငါ လက်မှတ်ထိုးပေးခဲ့တာ မဟုတ်ဘူးဆိုတာရယ်ကို မင်း စွဲနေအောင်မှတ်ထားပါ"

သူက ဆိုပြီး မင်္ဂလာဦးအိပ်ခန်းထဲမှ ကျောခိုင်းထွက်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်နေ့မနက်၌ ရှေ့နေရှေ့ရပ်စုံစွာနှင့် သူမက ကွာရှင်းစာချုပ်ကို အသင့်ပြင်ဆင်စောင့်နေခဲ့သည်။

"ဘယ်လိုဖြစ်ရတာလဲ ချိုရှုရယ် ... ငါတောင် ဘာမှ မသိရပါလား"

လို့ မျက်စိမျက်နှာအပျက်ပျက်ဖြင့် စောဇကာ ကပ်မေးလာသည်။ သူကတော့ မေးကြောကြီးတွေ တင်းခ နှအောင် အံကြိတ်ထားရသည်။ ဝမ်းနည်းမှုကို ဖုံးကွယ်သည့်နှ သမ်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မသိရရင်လည်း မသိသလိုဘဲနေလိုက် တေဇ၊ မင်း ဒီမှာနေခဲ့ရမယ် ... ကီကို့ကို စောင့်ရှောက်၊ လုပ်ငန်းတွေကို အလစ်အဟာင်းမရှိအောင် ဂရုစိုက်၊ ငါ မင်းကိုယုံကြည်လို့ လွှဲခဲ့တာနော်၊ ကီကီ မှဲ့တစ်ပေါက်တောင် မစွန်းစေနဲ့၊ အေး ... စွန်းခဲ့ရင် မင်းကို ငါ အရင်လာသတ်မှာ၊ အဲဒါကို မြဲမြဲမှတ်ထား"

တေဇကို သူက မှာကြားခဲ့ပြီးနောက် သူမ အလိုရှိသော လက်မှတ်ကို သူထိုးပေးခဲ့လေပြီ၊ အဲဒီနောက်တော့ သူပိုင် အဝတ်အစားတွေကို ကျောပိုးအိတ်ထဲထည့်ကာ သူ ရွက်လွှင့်ထွက်ခဲ့ပြီ။

နဂိုကတည်းက သူက တစ်ယောက်တည်းသမား။ အခုလည်း တစ်ယောက်တည်းပင်။ သိပ်မထူးဆန်းတော့။ ဒါပေမဲ့ ရင်ဘတ်ထဲရှိ ချစ်ခြင်းသွေးတို့ ထုံလွှမ်းနေသော နှလုံးသားကတော့ ရှာအပြန်လမ်း၌ ပါမလာခဲ့တော့။

ရင်ဘတ်ဗလာကျင်းနေသော သူက ဝန်တစ်ခုမရှိတော့၍ ပေါ့ပါးရမည့်အစား လေးလံနေတာတော့ ထူးဆန်းပါသည်။ လေးပေမပေါ့။ အလွမ်းတွေက တနင့်တပိုးရယ်လေ။

✲ ✲ ✲

ချို့ရှထွတ်သွားပြီးနောက် ဆက်ရက်ခန့်အကြာ၌ ...

## အပိုင်း (၁၄)

"ကီကီ ... ဒါက ကုမ္ပဏီနဲ့ ဦးသက်ရဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ဥပဒေအကြံပေးအရာရှိ ဦးသော်ဇင်ပါ"

"ဩော် ... ဟုတ်ကဲ့ ... ကီကီ နာမည်တော့ ကြားဖူးပါတယ်၊ အန်ကယ်ကိုယ်တိုင် လိုက်လာရတာ ဘာကိစ္စများ ပါလဲ"

"အေးကွဲ့ ... ဦးသက္ကရဲ့ဟိုတယ်မှာ ရှယ်ယာဝင်တွေ နှံ့ဘယ် သမီး၊ အဲဒီရှယ်ယာဝင်တွေရဲ့ ဝင်ထားတဲ့ငွေကြေးပမာဏ

သက်ပိုင်ရဲစာမေ

www.burmeseclassic.com

www.burmeseclassic.com



ကို သိချင်လို့၊ အခုက နှစ်ချုပ်စီမံကိန်းဆိုတော့ အမြတ်အစွန်း ခွဲဝေရတော့မှာလေ၊ အဲ့ဒီအတွက် ဘယ်သူက ဘယ်လောက် ရာခိုင်နှုန်းဝင်ထားတယ်ဆိုတာ သိဖို့ ရှယ်ယာဝင်တွေနဲ့ပတ်သက် တဲ့ စာရွက်စာတမ်းတွေ ကြည့်ချင်လို့ပါ၊ ဒီက မောင်တေဇနဲ့ အတူတူပေါ့''

''ဟုတ်ကဲ့ အန်ကယ် ... ဒါဆို ခဏစောင့်ပါနော်၊ ကီကီ သွားယူပေးပါ့မယ်''

ကီကီက သူမ အိပ်ခန်းဆီတက်ခဲ့သည်။ သူမနဲ့ ချိုရှ လက်ထပ်ပြီး ပါပါကျန်းမာရေးမကောင်းကတည်းက မီးခံသေတ္တာ ကို သူမတို့ အိပ်ခန်းဆီပြောင်းပေးခဲ့ခြင်းပါ။ သူမ တစ်သက်တာ၌ ပါပါ့မီးခံသေတ္တာကို တစ်ခါမှ မဖွင့်ခဲ့ဖူး။

ဖွင့်စရာလည်းမလို။ သူမအတွက် ဘဏ်အကောင့်(တ်) တစ်ခု သီးသန့် ပါပါက ဖွင့်ပေးခဲ့သည်။ ထိုငွေသည် လျော့သွား သည်နှင့် ပါပါအား ပြောရုံပင်။ ထို့ကြောင့် မီးခံသေတ္တာဆိုတာ သူမနှင့် မဆိုင်သောအရာ။

ဒါကို ချိုရှလို မွေးစားသားက ရာရာစစ ဖွင့်ဟန်ပြင် သတဲ့။ အို ... သွားစမ်းပါ။ တွေးရင်း ဒီလူအကြောင်းက ပါလာ





ပြန်ပါပြီ။ ကီကီဟာ အတွေးတွေကို ခေါင်းယမ်း၍ ခါထုတ်ပစ်ပြီး လျှို့ဝှက်နံပါတ်ကို ခပ်သွက်သွက်နှိပ်လိုက်၏။

မကြာမီ တံခါးအတွင်းထဲမှ လော့ (ခ်) ကျသွားသံနှင့် အတူ တံခါးဆွဲဖွင့်တော့ အဆင့်သုံးဆင့်ကို ဦးစွာတွေ့ရသည်။ အပေါ်ဆုံးအဆင့်၌ လက်ဝတ်ရတနာတွေ ထည့်ထားသော သေတ္တာလေး၊ ဒုတိယအဆင့်၌ ငွေသားတွေ၊ အောက်ဆုံးအဆင့် မှာမှ စာရွက်စာတမ်းတွေ၊ ဖိုင်တွေ။

သူမက မင်နီကြီးဖြင့် ထင်ရှားစွာရေးထားသော ဖိုင်အဖုံး တွေကိုဖတ်၍ အလိုရှိရာကိုရွေးယူကာ တခြားဖိုင်တွေကို ပြန် ထည့်ရန် ဟန်အပြင်မှာပင် ထောင့်ဆုံး၌ကပ်နေသော ယွန်းဘူး လေးတစ်ဘူး။

ဘူးပုံစံလေးက ရှေးရိုးကျပေမယ့် သူမသည် စိတ်ဝင် တစားတော့ ဖြစ်သွားရသည်။ ဘာကြောင့်လဲဆိုတော့ ဘူးလေး ဟာ ရှတ်တရက်ဆို မြင်သာထင်သာမရှိသောနေရာမှာ၊ တစ်နည်းဆိုရသော် ခပ်ကွယ်ကွယ်ထား,ထားသလိုပင်။

ထို့ကြောင့် သူမက ဘူးလေးကို ပေါင်ပေါ်တင်ပြီး ဖွင့် ကြည့်တော့ ပတ္တာမပါသော အဖုံးက အလွယ်တကူပွင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အထဲ၌စာရွက်ခေါက်လေးနှစ်ခု။ ပထမစာရွက်ကို သူမက ခပ်မြန်မြန်ဖြန့်ကြည့်သည်။ လက်ရေးက သော့ပေမယ့် မိန်းမတစ်ယောက်ရဲ့လက်ရေးမျိုး။

ထို့ကြောင့် သူမ ပိုပိုစိတ်ဝင်စားသွားရ၏။ စာရွက်ထိပ်ပိုင်း၌ ...

------ ရွာ

------ တိုင်း သို့ ...

ဟု လိပ်စာတပ်ထားသည်။

"ဘုရားရေ ... ဒီလိပ်စာက ချိုရှုနေတဲ့ရွာ"

စိတ်ဝင်စားမှုက ပိုတိုးလာသည်။ ပါပဲ့ထံ ချိုရှုနေတဲ့ရွာက ဘယ်လိုရောက်လာပါလိမ့်။ စာကို ဖတ်ကြည့်တော့မှ ... သားက ကျွန်မရဲ့အားပါ ... မီးရဲ့ဘဝပါ။

အစချီထားသောစာ ...။ သားကို မခွဲနိုင်လို့ ... နောက်ပြီး သားဟာ သူ့အဖေနဲ့ တစ်စိတ်တည်း တစ်ဝမ်းတည်းဆိုတာတွေ ... သားနာမည်က ချိုရှု ... ချိုမြိန်တဲ့ဘဝနဲ့ ရှင့်အရိပ်အောက်က ထွက်ခဲ့ရတော့ ရှုတာတနေ့ရက်တွေ ... သားကို ရှင့်အရိပ်အောက်မှာထားဖို့ ...





ဘုရားရေ ... ဒါဆို ချိုရှု ... ချိုရှုဟာ ပါပါနဲ့ခါတော်မှီတို့ရဲ့ တစ်ဦးတည်းသောသား။ ဒါဆို ... သူမကရော ... ကီကီသည် တုန်ယင်သောလက်တွေဖြင့် နောက်တစ်ရွက်သောစာရွက် ...တစ်ခေါက်ခေါက်ကို ဖြန့်ကြည့်သည်။

သူ ... ဆင်သလို စာတစ်စောင်မဟုတ်။ စာချုပ်။ စာချုပ်တစ်စောင်။ ... ၁ခေါင်းစဉ်က အမွေစားအမွေခံမွေးစားခြင်းတဲ့။ နေ့စွဲအခိုင်အမ ... ၌အတူ ( .....) နေ့ ... ရက် ... လ ... ခုနှစ်၌ မွေးဖွားခဲ့ ... သော မိဘမဲ့ကျွဲကလေးမအား ဦးသက္ကက အမွေစားအမွေခံအပြ ... မွေးစားခဲ့ပါကြောင်း။ ကလေးမအမည်က မှူးသာကီနွယ်ဟု မိဘ ... မွေးမွေးချင်း အမည်ပေးခဲ့ကြောင်း။

သူမမျက်လုံးတွေ ပြာဝေသွား၏။ နေ့စွဲက သူမမွေးနေ့အတိအကျ။ အလို ဘုရားရေ ... သူမက မွေးစားသမီး။ ဒါဆို သူမက မွေးစားသမီး။ သွားပြီ ... သူမ အမှားကြီးမှားခဲ့ပြီ။

ကီကီမျက်လုံးထဲတွင် သူမရဲ့မောက်မာမှု၊ ကြမ်းတမ်းမှု၊ ရိုင်းပျစွာစော်ကားမှု။ ပြီးတော့ သူ့အပေါ် ထပ်တလဲလဲစွပ်စွဲခဲ့သည့် မွေးစားသား။ အို ... ဒါကို သူ မတုံ့ပြန်ခဲ့။

သူမ စွပ်စွဲသမျှ ခေါင်းငုံ့ပြီး နာခံခဲ့သည်။ ကြည့်စမ်း



www.burmeseclassic.com

www.burmeseclassic.com



... သူပြောခဲ့သည်ပဲ။

''ငါ ဒီစည်းစိမ်တွေမမက်ဘူး၊ ဒီပစ္စည်းတွေ ခိုးဖို့လည်း မကြံရွယ်ဘူး၊ ခိုးစရာအကြောင်းလည်း မရှိဘူး ... ငါက အဖေ့အပေါ်ရော မင်းအပေါ်ရောကို အစစ်အမှန် တွေပေးခဲ့တာ၊ ငါစွန့်လွှတ်ခဲ့တာ၊ အနစ်နာခံခဲ့တာ အဖေသိတယ် ...။

မင်းကို တစ်ခုပြောထားခဲ့မယ်၊ မင်းအပေါ် ချစ်ခဲ့တဲ့ ငါ့အချစ်တွေက သိပ်ဖြူစင်တယ်ဆိုတာရယ်၊ ဒီကိစ္စတွေပေါက်ကြားမှာစိုးလို့ ကြောက်တဲ့စိတ်နဲ့ ငါလက်မှတ်ထိုးပေးခဲ့တာ မဟုတ်ဘူးဆိုတာရယ်ကို မင်းစွဲနေအောင် မှတ်ထားပါ''

စကားသံတွေ။ သူ့ရဲ့နာကျင်နေတဲ့မျက်ဝန်းတွေ။ နောက် မိုးတွေသဲကြီးမဲကြီးရွာသွန်းနေခဲ့စဉ်က ကျောက်ဂူထဲက အချစ်ည။ ထို့နောက် သူမ,မျက်လုံးတွေ ပြာခနဲဖြစ်သွားပြီးနောက် ...

''မမလေး ... မမလေး''

ဟူသော ရွှေမိရဲ့အသံကို နောက်ဆုံးအနေနှင့် သူမ ကြားလိုက်ရပါတော့သည်။





---

မိသားစုဆရာဝန်က နားကြပ်ကိုဖြုတ်၍ လည်ပင်းမှာ ဆွဲသည်။ ပြီးတော့ သူမ ခုတင်ဘေး၌ စိုးရိမ်တကြီး စောင့်နေသော လူတွေကို ဝေ့ဝဲအကဲခတ်ရင်း ...

''ကိုချို့ရှုကြီးတစ်ယောက်ရောဗျ''

အားလုံးက ဘာပြောရမှန်းမသိ။ သူမကတော့ မျက်ရည်တို့ ဝေ့ခနဲ ဝဲလာလေပြီ။ တေဇကာသာ အခြေအနေကို ဝင်ထိန်းသည့်အနေဖြင့် ...

''ချို့ရှုအလုပ်ကိစ္စနဲ့ နယ်ဆင်းသွားတယ် ဒေါက်တာ၊ ကီကီ့ရောဂါက စိုးရိမ်စရာရှိလို့လား ... ပြောပါ ဒေါက်တာ''

''မစိုးရိမ်ရပါဘူး၊ ကီကီ့မှာ ကိုယ်ဝန်ရှိနေပြီဗျ၊ ဒီသတင်းကို ဖခင်လောင်းချို့ရှုကို အရင်သတင်းပေးချင်လို့ပါဗျာ''

''ကီကီ့မှာ ကိုယ်ဝန်ရှိနေပြီ ... ဟုတ်လား ဆရာ''

''အစစ်ပေါ့ခင်ဗျာ ... ကဲ ... သမီး ကိုယ်က မိခင်



www.burmeseclassic.com

www.burmeseclassic.com



လောင်းဖြစ်နေပြီနော်၊ အနေအထိုင်အစားအသောက်အားလုံး ဆင်ခြင်ရမယ် ... ကြားလား၊ လောလောဆယ် သမီးက အားနည်းနေသေးတယ်၊ ဒါကြောင့် အာဟာရပြည့်ဝတဲ့အစားအစာတွေစား၊ အိပ်ရေးဝအောင်အိပ် ... ကြားလား''

''ဟုတ်ကဲ့ဒေါက်တာ ... ကြားပါတယ်''

ဟုပြောရင်းက သူ့အား တမ်းတစိတ်ဖြင့် မျက်ရည်တွေ ဝေါခနဲ ပြိုကျသည်။ အကြောင်းရင်းအစုံမသိသော ဆရာဝန်ကြီးကတော့ ...

''ဟော့သမီး ... ဒါ ငိုစရာမဟုတ်ဘူးလေ ကီကီရဲ့ ဝမ်းသာရမယ့်ကိစ္စ''

''ဟုတ်ကဲ့ ... ကီကီဝမ်းသာလို့ ကျတဲ့မျက်ရည်ပါ ဆရာ''

''အေး ... အေး ... ဟုတ်ပြီ၊ ဒါဆို ဆရာပြောတဲ့ အတိုင်း ဂရုစိုက်နော် ... ကြားလားသမီး''

''ဟုတ်ကဲ့ပါ ... ဆရာ''

ဟုဆိုပြီး နောက် ဆရာ့အား ရွှေမိတို့က လိုက်ပို့သည်။ တေဇကတော့ သူမအနား၌ ရပ်နေဆဲ။





''ကျွန်တော့်ကို စကားနည်းနည်းပြောခွင့်ပေးပါ ကီကီ''

သူမက ခေါင်းညိတ်ခွင့်ပြုခဲ့သည်။

''တကယ်တော့ အဲ့ညက မီးခံသေတ္တာ သူဖွင့်ရတဲ့ ရည်ရွယ်ချက်ကို ကျွန်တော် သိပါတယ်၊ သူက ကီကီ့ရဲ့အမွေစား အမွေခံစာချုပ်ကို ဖျောက်ဖျက်ပစ်မလို့ပါ''

''ရှင်''

သူမ အာမေဋိတ်က ဆို့နင့်စွာ ...

''ဦးသက်က မှာခဲ့တယ်လေ၊ ကီကီ ဒီအကြောင်းတွေကို တစ်သက်လုံးမသိအောင် ဖုံးကွယ်ထားပေးပါတဲ့၊ ပြီးတော့ သူ့ကို လည်း သားအရင်းလို ဖွင့်မပြောဖို့ ကျွန်တော်တို့ကိုလာခေါ်က တည်းက ပြောခဲ့တာပါ၊ ချိုရှကိုယ်တိုင်ကလည်း ကီကီက ဦးသက်သမီးအရင်းအဖြစ်နဲ့ တစ်သက်လုံးထားဖို့ ဆုံးဖြတ်ထားခဲ့ တာ၊ ကျွန်တော့်သူငယ်ချင်းက သူ့တစ်သက်မှာ ကီကီတစ် ယောက်တည်းကိုပဲ အရူးအမူးချစ်ခဲ့တာပါဗျာ၊ အဲ့ညက သူဖွင့် ပြောရင် ရသားပဲ၊ ဒါပေမဲ့ ကီကီ စိတ်ထိခိုက်မှာစိုးပြီး''

''တော်ပါတော့ရှင် ... ကီကီ မှားပါပြီ၊ ကီ ... သူ့ကို စော်ကားခဲ့တယ်၊ သူ့အချစ်ကို ကီ စော်ကားခဲ့တာ၊ ကီ နောင်တ



www.burmeseclassic.com

www.burmeseclassic.com



ရပါပြီ၊ ကီ ... သူ့ကို တွေ့ချင်တယ်၊ သူ့ကိုတွေ့ပြီး တောင်းပန်ချင်တယ်''

သူမက ငိုရှိုက်ရင်းပြောသောအခါ တေဇသည် သူငယ်ချင်းအတွက် တကယ့်ကို ဝမ်းမြောက်ဝမ်းသာဖြစ်သွားရပါသည်။ ချိုရှရဲ့ချစ်စိတ်ပြင်းထန်မှု၊ အနစ်နာခံမှုတွေကို သူ သိထားခဲ့တာပဲ။ ထို့ကြောင့် ...

''ဒါ ... ဒါဆို ... ဒီကောင့်ကို ကျွန်တော် ခေါ်ခိုင်းလိုက်မယ်လေ ... ကီကီ''

''ဟင့်အင်း''

ကီကီက ခေါင်းခါငြင်းဆန်တော့ တေဇက အထူးအဆန်း။

''ဘာ ... ဘာဖြစ်လို့လဲ ကီကီ''

''ကီကီက မှားထားတဲ့သူလေ၊ သူရှိရာနေရာကို ကီကီ လိုက်သွားပြီး တောင်းပန်ရမှာပေါ့ ... မဟုတ်ဘူးလား''

ဟုပြောမှ တေဇမျက်နှာသည် ဝင်းခနဲလက်သွားပြီး ...

''ဟာ ... ကီကီက တော်တော်နောက်တာပဲဗျာ''

''နောက်တာ မဟုတ်ဘူး ... အခု အတည်ပြောမယ်





ကီကီတို့ သူ့နောက်လိုက်သွားကြရအောင်''

''ဗျာ ... အခု''

''ဒါပေါ့ ... အခု ... အဲဒီရွာလေးကိုသွားဖို့ တစ်ရက်ပဲကြာတယ်ဆိုတာ ကီကီသိပြီးပါပြီနော်၊ ပထမတစ်ခေါက်ကလို ရှင့်သူငယ်ချင်း တောထဲက လှည့်ပတ်ပြီးခေါ်သွားလို့မရတော့ပါဘူး''

လို့ ကီကီက မြူးတကြွကြွလေး ပြောမိသည်။ ကီကီသည် အဝတ်အစားပင်မလဲနိုင်။ ကားပေါ် ဒီအတိုင်း တက်ထိုင်လာလိုက်ခဲ့မိပြီး ရင်ထဲမှာလည်း စိုးရိမ်စိတ်များစွာဖြင့် ...

''ကိုတေဇ ... သူ ကီကီ့ကို ခွင့်လွှတ်နိုင်ပါ့မလားဟင်''

''ဩော် ကီကီရယ် .. ကျွန်တော့်သူငယ်ချင်းအကြောင်း ကျွန်တော် သိပါတယ်ဗျာ၊ ချိုရှအသည်းက အဲ့လောက်ထိ မမာနိုင်ပါဘူး၊ ပြီးတော့ သူသိပ်ချစ်တဲ့မိန်းကလေးကိုပဲ''

လို့ သူက တစ်ပြန်နှစ်သိမ့်ရသည်။ ကီကီတို့ ဘယ်လောက်များ စိတ်လှုပ်ရှားနေလဲဆို ...

''ဒီထက်မြန်လို့မရတော့ဘူးလား ကိုတေဇရယ်''

''စိတ်အေးအေးထားပါ ကီကီရဲ့ ... ဒါ မိုင်ကုန်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ချိုရှုက ရွာမှာပဲရှိမှာပါ၊ သူ ထွက်မပြေးပါဘူး''

''အင်း ... ကီကီ သူ့ကိုတွေ့ချင်လှပြီ''

လို့ တမ်းတမ်းတတလေးပြောသံက သနားစရာ။ ရွာအဝင်လမ်းတစ်လျှောက်လည်း ကီကီတို့ ဂနာမငြိမ်နိုင်။ ချိုရှုတို့အိမ်ရှေ့ ကားထိုးရပ်ပြီဆိုတာနှင့် သူမက ဖျတ်ခနဲ အရင်ခုန်ဆင်း၏။

''ဖြည်းဖြည်း ကီကီ ... ဖြည်းဖြည်း ... ကီကီ့မှာ ဟိုဟာကြီးနဲ့''

တေဇက သူမဝမ်းဗိုက်ဆီ လက်ညှိုးညွှန်ပြမှ ကီကီက ရှက်စနိုးပြုံးသည်။

''အိမ်တံခါးကြီး ပိတ်ထားတယ်''

''ဟယ် ... ဟုတ်ပါရဲ့ ... ကြည့်စမ်း ... ကီကီ မမြင်ဘူး''

ကီကီ့မှာ အဲဒီလောက် ပျာယာခတ်နေသဖြင့် တေဇ မနေနိုင်တော့။ သူတို့အိမ်နှင့်ဘေးချင်းကပ်နေရက်ရှိ အိမ်ဝိုင်းဆီ သွားကာ ...

''ချိုရှုရော''

သက်ပိုင်ရဲစာမူ



''ချိုရှု တောထဲသွားတယ်ဟေ့ ... ညရောက်မှပြန်လာမှာ ... ဟယ် ... ချိုရှုမိန်းမလေး လိုက်လာတာကိုး''

ဟူသော နှုတ်ဆက်သံက ဆုံးခန်းမတိုင်လိုက်။ ကီကီသည် တောအုပ်ဆီ ခပ်သွက်သွက်ပင် လှမ်းလာတာများ မပြေးရုံတမည်။ လမ်းတစ်လျှောက်ရှိလူများကို ပြုံးရုံသာ ပြုံးပြီး နှုတ်ဆက်ခဲ့သည်။

တေဇခေါ်သံလည်း နောက်ပါး၌ ကျန်ရစ်ပြီ။ ကီကီ့ခြေလှမ်းတိုင်းသည် သူ့ရင်ခွင်ထဲသို့သာ ဦးတည်နေတော့၏။ ကီကီ့အာရုံထဲ ကျောက်ဂူကလေး သေချာပါသည်။ ကီကီချစ်ရသောချစ်သူသည် သူမအချစ်တွေပေးအပ်ခဲ့သည့်နေရာ၌သာ ရှိပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁၅)

**တွေ့** ပြီ . . . အရှေ့မှာကျောက်ဂူလေး။

ကီကီသည် လမ်းတစ်လျှောက်လုံး တောတိုးခဲ့ရသဖြင့် ဆူးခြစ်ရာတွေက နေရာအနှံ့။ တချို့နေရာတွေဆို အင်္ကျီတွေပင် ပြဲကျန်ခဲ့သည်။ ဒါပေမဲ့ သူမ ဂရုမစိုက်အား။ နာကျင်ရကောင်း မှန်းမသိ၊ မောပန်းခြင်းကလည်း ဘာမှန်းမသိ။ ကျောက်ဂူလေး ထဲသို့သာ တရွေ့ရွေ့ချဉ်းကပ်လာမိပါပြီ။

ကျောက်ဂူရှေ့မြက်ခင်းပြင်၌ လက်ကိုင်ပဝါလေး တစ်ထည် ဖြန့်လှမ်းထားသည်။ သေချာကြည့်မှ ဒီတောထဲ သူမ လာစဉ်က ခြေမ,ကွဲ၍ ပတ်တီးအဖြစ် သူစည်းပေးခဲ့သော လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပဝါလေး။

"ချိုရှ ... ချိုရှ ..."

သူမအသံတွေက ကျောက်ဂူနံရံကို ထိရိုက်ပြီး ပဲ့တင်ပြန်ထွက်လာသည်။ သူ့ကို မတွေ့ရသေး။ သူမသည် လက်ကိုင်ပဝါလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်းက ကျောက်ဂူထဲ တရွေ့ရွေ့ဝင်လာမိသည်။

အမှောင်ထဲကျင့်သားရသွားသော မျက်လုံးတွေက နံရံပေါ်ရှိ စာကြောင်းများဆီသို့ ...

*သိပ်ချစ်ရတာကောင်းတာပဲ ကီကီရယ် ...*

*ကီကီက ကိုယ့်အချစ်ကို သိတယ်တဲ့ ...*

*ဒီညလေးကို ငါ ဘယ်တော့မှ မမေ့တော့ဘူး ...*

*ငါတို့ရဲ့အချစ်ညလေးလေ ...၊*

အလို ... ဒါ ... သူမတို့ မိုးခိုစဉ်က သူရေးခဲ့တာဖြစ်မည်။ နောက်တစ်နေ့ သူမ နိုး၍မေးသောအခါ ဝေ့လည်လည်လုပ်နေသော သူ့ပုံရိပ်တွေက အာရုံမှာ ထင်ဟပ်လာပါ၏။ နောက်တစ်နေရာ၌ စာကြောင်းတစ်ကြောင်း ...

*ငါ ...ပြန်လာပြီ ...ဒါပေမဲ့ သူကတော့ ပါမလာဘူး၊*



BURMESE CLASSIC .com



*ဒီတစ်ခါတော့ မင်းဆီမှာရခဲ့တဲ့အချစ်ညလေးရော၊ ငါ့အချစ်တွေပါ သူ့ဆီပေးခဲ့ရပြီးပြီ၊ ငါ အသည်းကွဲနေပြီ ...၊*

လက်ရေးကြမ်းကြမ်းက သူ့ရင်တွင်းက ခံစားချက်ကို ဖော်ပြနေသယောင်။ ကီကီသည် ရင်ထဲနာကျင်ဆွတ်ပျံ့လာရကာ သူ့အား တွေ့လိုစိတ်တွေက ခန္ဓာကိုယ်အနှံ့အပြားမှ ထွက်ပေါ်လျက်ရှိလေပြီ။

"ရှင် ... ဘယ်တွေသွားနေတာလဲ ... ချိုရှရယ်"

ဟု တိုးတိုးလေး ညည်းတွားနေစဉ်မှာပဲ ကျောက်ဂူအဝ၌ ထိုးကျလာသော အရိပ်တစ်ခု လက်တစ်ဖက်က ဝါးချွန်နှင့်။ ကျန်တစ်ဖက်က ယုန်သေတစ်ကောင်ဆွဲလို့ ...

"ကီ ... ကီ"

သူက အံ့ဩတကြီး ရေရွတ်လိုက်သည်။ သူ့မျက်စိပင် သူမယုံနိုင်။ ကီကီမှ ကီကီပင် ...

"ချို ... ရှ"

ကီကီသည် သူ့ကိုတွေ့တာနဲ့ ဝုန်းဆိုပြေးထပြီး သူ့ရင်ခွင်ထဲ အရှိန်ပြင်းပြင်းနှင့် တိုးဝင်လာခဲ့တာပါ။ ရုတ်တရက်မို့ သူက ကြောင်အမ်းအမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



"ကီကီ တောင်းပန်ပါတယ်နော်"

"ကီကီ"

"အခုတော့ အချစ်တွေဖြူစင်တယ်ဆိုတာလည်း သိရပြီ၊ ပြီးတော့ ကီကီက မွေးစားသမီးဆိုတာလည်း ..."

"မပြောပါနဲ့ ကီကီရယ် ... ထားလိုက်ပါတော့၊ အခု ကီကီ ဒီကိုရောက်လာတာက"

"ရင်ခွင်ထဲမှာရှိနေတာကိုတောင် ဒီကိုရောက်လာတဲ့ကိစ္စ မသိဘူးလား"

သူ့အား မော့မော့လေးပြောသော ကီကီကြောင့် သူက မယုံနိုင်သလို ဖြစ်သွားရ၏။

"ခဏလေး ကီကီ"

ဟုဆိုကာ သူက လက်ဖျံမှအသားကို ဆွဲဆိတ်ကြည့်ပြီး ...

"အား လားလား ... နာတယ်ဟ"

"ဘာလုပ်တာလဲ"

"အိပ်မက်လား တကယ်လားလို့လေ၊ ကိုယ် ခဏခဏ အဲ့ဒီလိုပဲ ဖြစ်နေတာ၊ အိပ်မက်ထဲ ကီကီရောက်လာတာပျော်လို့၊





နောက် နိုးလည်းနိုးရော ကီကီက မရှိတော့ဘူး၊ အဲ့ဒီအခါမျိုးကျ ရယ်ရတယ် ... သိရဲ့လား ကီကီ"

သူက အခုမှ ရဲတင်းစွာ ကီကို့ကိုပွေ့ဖက်ရင်း ပြောသည်။ ကီကီက တကယ်လိုက်လာတာ။

ပြီးတော့ ...

"ကီကီတစ်ယောက်တည်းတောင် မဟုတ်ဘူး"

"ဟင် ... ဘယ်သူပါသေးလို့လဲ"

ကျောက်ဂူအပြင်ဘက် သူက ဝေ့ဝဲရှာသည်။

"ဘယ်သူမှလည်း မတွေ့ရပါဘူး"

"ဘယ်တွေ့ရမလဲ ... သူက ပုန်းနေတာ"

သူသည် ပြုံးစစလေးနှင့် နောက်နေသော ကီကို့မျက်နှာကို အသည်းတယားယားနှင့် ငုံ့ကြည့်ရင်း ...

"ဘယ်မှာပုန်းနေတာလဲ"

"ဒီ ... ဗိုက်ထဲမှာ"

"ဟင် ... ဗိုက်ထဲမှာ"

"အင်းပေါ့"

"ဒါဆို ... ကီကီက"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ရှင် ...ကီကီ့မှာ ရှင့်ရဲ့ကိုယ်ပွားလေး ရှိနေပြီ"

သူသည် သူမအား မယုံနိုင်သလို စိုက်ကြည့်နေပြီးမှ မျက်နှာသည် တစ်စထက်တစ်စ ပြုံးချိုအီလာကာ ဇွေ့ခနဲ သူမကို ကောက်ချီပြီး ...

"ဟား ...ဟား ဒါမှကီကီကွ ...ဒါမှ ငါကွ"

ဟု အကျယ်ကြီး အော်လေတော့သည်။ ကီကီသည်လည်း သူ့နည်းတူ ပျော်ရွှင်နေရပြီးမှ ...

"တော်ပြီ ...ပြန်ကြရအောင် ချိုရှုရယ် ...မိုးချုပ်တော့မယ်"

"ဘယ်ပြန်မှာလဲ"

"ရွာထဲကိုပေါ့"

"ဒီညမပြန်ပါဘူး"

"ဟယ် . ဘာဖြစ်လို့"

"ဒီကျောက်ဂူထဲမှာ ဒုတိယမြောက် အချစ်ညအဖြစ်"

"အို ...ကြည့် ချိုရှုမကောင်းဘူး"

ဟူသော ကီကီ့အသံလေးသည် ချိုရှု၏မွှတ်သိပ်သော



BURMESE CLASSIC .com



အနမ်းများအောက် နစ်မြုပ်ပျောက်ကွယ်သွားရပါတော့သည်။

ထိုအခိုက် သူတို့သတိထားမိမည်ဆိုပါက ကျောက်ဂူလေးမှ ဖြတ်သွားသော လူတစ်ယောက်ကိုတွေ့ရပါလိမ့်မည်။ သူကတော့ တစ်ဦးတည်းသော အကျိုးဆောင်သူ တေဇ ..။

"အင်း ...ငါစိတ်ပူပြီး လိုက်လာတာ မောရုံပဲ၊ အခုတော့လည်း သူတို့က ငါ့ကိုရော ကမ္ဘာကြီးကိုပါ မေ့နေလောက်ပြီ"

ဟု ဆိုပါသည်။ တကယ်ပင် ချစ်ခြင်းသည် အရာအားလုံးကို မေ့ဖျောက်နိုင်စွမ်းရှိကြောင်း ချစ်ဖူးတဲ့သူတိုင်း သိပါလိမ့်မည်။

နှလုံးသားသည်းနှမှချစ်ခြင်းများစွာနဲ့ ...

သက်ပိုင်ရဲ

www.burmeseclassic.com